# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လကွယ် ၊ သောကြာနေ့ ၊ (22-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၁၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ပြည်ပရောက်မဲဆန္ဒရှင်များက ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များ ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၆၂/၂၀၂၅)
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

**ပြည်ပရောက်မဲဆန္ဒရှင်များက ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့် နေ့ရက်၊ အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ (၁၅) များကို သက်ဆိုင်ရာ သံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက်များထုတ်ပြန်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် အထွေထွေရွေးကောက်ပွဲအပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ ၈၂ (က)အရ အောက်ပါနေ့ရက်များကို ထုတ်ပြန်ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (၁) | ပြည်ပရောက်မဲဆန္ဒရှင်များက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် ပုံစံ(၁၅)များကို သက်ဆိုင်ရာသံရုံးများတွင် စတင်ထုတ်ယူနိုင်မည့်နေ့ရက်<br>[ပုံစံ(၁၅)များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် Website၊ နိုင်ငံခြားရေးဝန်ကြီးဌာန Website နှင့် သက်ဆိုင်ရာ သံရုံး Website များမှလည်း Download ရယူနိုင်ပါသည်] | ၂၁-၈-၂၀၂၅ |
| (၂) | ပြည်ပရောက်မဲဆန္ဒရှင်များက ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် အချက်အလက်ဖြည့်သွင်းပြီးသည့် ပုံစံ(၁၅) များကို သက်ဆိုင်ရာသံရုံးများသို့ ပေးပို့နိုင်မည့်နေ့ရက် | ၂၁-၈-၂၀၂၅<br>မှ<br>၈-၉-၂၀၂၅ |

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ကျောင်းအပ်လက်ခံနေမှုကို တွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၂၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ကိုးကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့၍ နောင်ချိုမြို့နယ်အတွင်း စုစုပေါင်း အခြေခံပညာကျောင်း ၈၇ ကျောင်းဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ပြီး ကျောင်းသား၊ ကျောင်းသူ ၅၅၇ ဦး ထပ်မံ၍

စာမျက်နှာ ၁၇ ကော်လံ ၁ ☞

**ရွေးကောက်ပွဲဆိုင်ရာပါတီ စည်းရုံးရေး လုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊စုဝေးဟောပြောခြင်းနှင့် မဲဆွယ် စည်းရုံးခွင့်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက် ထုတ်ပြန်ကြေညာ**

စာမျက်နှာ- ၁၈




ရတနာပုံ
၂၀၂၅ ခုနှစ် ဩဂုတ် ၂၂ ရက်
အယ်ဒီတာ့အာဘော်

## နိုင်ငံတော်အဆင့် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုး

"သစ်ပင်စိုက်ပါတို့ကမ္ဘာ၊ သာယာလှပ စိမ်းမြမြ"ဆိုသည့်အတိုင်း သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေးအတွက် သစ်ပင်များကိုစိုက်ပျိုးကြရမည်ဖြစ်သည်။ ထို့ကြောင့် ရာသီဥတုမျှတစေရန်၊ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ပြီး ဂေဟစနစ်ကောင်းမွန်စေရန်၊ နောင်အနာဂတ်မျိုးဆက်သစ်များအတွက် စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်အမွေအနှစ်ကောင်းများ ပေးစွမ်းနိုင်စေရန်နှင့် သစ်ပင်သစ်တောများ၏ စစ်မှန်သည့်တန်ဖိုးကိုနားလည်ပြီး သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် လူတိုင်းပူးပေါင်းပါဝင်လာစေရန် ရည်ရွယ်၍ နှစ်စဉ်မိုးရာသီကာလများတွင် သစ်ပင်စိုက်ပျိုးပွဲများကို နိုင်ငံတော်က ဦးစီးဦးဆောင်လုပ်ပြီး နိုင်ငံတစ်ဝန်းကျင်းပပြုလုပ်သည်။

ထို့ကြောင့် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲကို ဩဂုတ် ၁၉ ရက်တွင် မင်းဘူးမြို့နယ် မင်းဘူး-ပဒါန်း-အမ်း ကားလမ်း မိုင်တိုင်အမှတ် ၄/၇ မှ ၅/၀ အကြား ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ တမာပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့သည်။

**"နှစ်စဉ် မိုးရာသီကာလများတွင် သစ်ပင်စိုက်ပျိုးပွဲများကို မိမိကိုယ်တိုင်ဦးဆောင်၍ သစ်ပင်များစိုက်ပျိုးခြင်းကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အထူးသဖြင့် အပူပိုင်းဒေသများတွင် ရာသီဥတုပိုမိုပူပြင်းလာသည်ကို သတိပြုမိသည့်အတွက် သစ်ပင်များစိုက်ပျိုးခြင်းကို ဒုတိယအကြိမ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ဇူလိုင် ၁၁ ရက်နေ့ကလည်း မိတ္ထီလာခရိုင်တွင် မိမိကိုယ်တိုင်ဦးဆောင်၍ ပထမအကြိမ်သစ်ပင်စိုက်ပျိုးပွဲကို ကျင်းပပြုလုပ်ခဲ့ကြောင်း၊ အပူပိုင်းဒေသ ၁၃ ခရိုင် မြို့နယ် ၂၉ မြို့နယ်တွင်လည်း သစ်ပင်စိုက်ပျိုးပွဲတော်များကို တစ်ပြိုင်တည်းကျင်းပဆောင်ရွက်ပေးခဲ့ပြီး သစ်ပင်စုစုပေါင်း ၃၅၀၀၀ ခန့်ကို စိုက်ပျိုးနိုင်ခဲ့ကြောင်း"** ဩဂုတ် ၁၉ ရက်တွင် မင်းဘူးမြို့နယ် မင်းဘူး-ပဒါန်း-အမ်း ကားလမ်း မိုင်တိုင်အမှတ် ၄/၇ မှ ၅/၀ အကြား ကျင်းပပြုလုပ်သော မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင် စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ၌ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

သစ်ပင်စိုက်ပျိုးခြင်းဟူသည်မှာ ရိုးရှင်းသည့် သာမန်လုပ်ငန်းစဉ်တစ်ခုဖြစ်သော်လည်း ရေရှည်အတွက် ကြီးမားသည့်အကျိုးကျေးဇူးများကို ရရှိစေနိုင်သည်။ သစ်တစ်ပင်စိုက်ပျိုးလိုက်သည့်အခါ အဆိုပါသစ်ပင်ကြီး ရှင်သန်ကြီးထွားနေသမျှ ကာလပတ်လုံး ရရှိလာမည့်အရိပ်အာဝါသ၊ သစ်သီးဝလံ၊ လတ်ဆတ်သည့်လေ၊ ရေနှင့်မြေဆီလွှာကို ထိန်းသိမ်းပေးနိုင်မှု စသည့်အကျိုးကျေးဇူးများအားလုံးသည် စိုက်ပျိုးခဲ့သည့်သူအတွက် ကုသိုလ်များအဖြစ် အလိုလိုရရှိနေမည်ဖြစ်သည်။ ယင်းကုသိုလ်သည် တစ်ကြိမ်လုပ်ဆောင်ရုံဖြင့် နှစ်ပေါင်းများစွာပေးစွမ်းနိုင်မည်ဖြစ်ပေသည်။

ယခုအခါ အပူပိုင်းဒေသစိမ်းလန်းစိုပြည်စေရန်အတွက် ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် တမာ၊ ဖျောက်ဆိပ်၊ ပိတောက်၊ ရင်းမာ၊ မဲဇလီ၊ စိန်ပန်းကြီး၊ ထုံးပေါက် စသည့်သစ်မျိုး ခုနစ်မျိုး၊ ပျိုးပင်ပေါင်း ၁၀၀၀ ကို စိုက်ပျိုးနိုင်ခဲ့သည်။

ထိုသို့ သစ်ပင်စိုက်ပျိုးခြင်းသည် ဇရပ်တန်ဆောင်း၊ ဂူကျောင်းပြာသာဒ်ဆောက်လုပ်လှူဒါန်းခြင်းနှင့် အခြားထာဝရကုသိုလ်များကဲ့သို့ တူညီသည့်ကုသိုလ်ကိုခံစားနိုင်ပြီး အသက်ရှည်ကျန်းမာသည့် ကုသိုလ်အကျိုးထူးတို့ကိုလည်း ရရှိစေနိုင်မည်ဖြစ်သည့် ထာဝရကုသိုလ်ပင်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံသားအားလုံးကလည်း ကုသိုလ်အကျိုးထူးရရှိပြီး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်အတွက် မိုးကာလမြေဆီစိုခိုက်အချိန်တွင် တတ်စွမ်းသရွေ့ သစ်ပင်များစိုက်ပျိုးကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံကာယဗလမောင်၊ ကာယအလှမယ်ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားသို့တက်ရောက်



**မန္တလေး ဩဂုတ် ၂၁**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ရတနာပုံတက္ကသိုလ် ဘာသာရပ်ပေါင်းစုံကာယဗလမောင်နှင့်ကာယအလှမယ်ပြိုင်ပွဲဖွင့်ပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက အမရပူရမြို့နယ်ရှိ ရတနာပုံတက္ကသိုလ် အားကစားခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ် အသီးသီးမှ ပါမောက္ခများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ ရတနာပုံတက္ကသိုလ် ပါမောက္ခချုပ်တို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် ရတနာပုံတက္ကသိုလ်မှ ကျောင်းသူများက ပညာစုံရတနာပုံသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီးနောက် ဘာသာရပ်ပေါင်းစုံမှ ပြိုင်ပွဲဝင် ကာယဗလမောင်ကျောင်းသားများမှ ယှဉ်ပြိုင်တင်ဆက်နေမှုများ၊ ကာယအလှမယ် (အကြီးတန်း/အငယ်တန်း) ကျောင်းသူများမှ ယှဉ်ပြိုင်တင်ဆက်နေမှုများ၊ ကျောင်းသား၊ ကျောင်းသူများမှ တေးသရုပ်ဖော်နှင့် အားကစားကွက်များသရုပ်ပြတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲအခမ်းအနားကိုကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပထမဆုရ ကာယဗလမောင်အားစလွယ်နှင့် ပထမဆုတံဆိပ်တို့ကို ချီးမြှင့်ပြီးနောက် တိုင်းဒေသကြီး ဝန်ကြီးများက ဒုတိယဆုနှင့် တတိယဆုရရှိသည့် ကာယဗလမောင်တို့အား ဆုတံဆိပ်များကိုလည်းကောင်း၊တိုင်းဒေသကြီးဝန်ကြီးချုပ်၏ ဇနီးက ပထမဆုရကာယအလှမယ် (အကြီးတန်း)အားစလွယ်၊ သရဖူနှင့်ဆုတံဆိပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၏ဇနီးများက ဒုတိယဆုနှင့် တတိယဆုများအားလည်းကောင်း အဆင့်အလိုက် အသီးသီးဆုချီးမြှင့်ပေးအပ်ခဲ့ပြီးနောက် သင်တန်းနည်းပြများနှင့် ပြိုင်ပွဲဝင်များအတွက် ကူညီပံ့ပိုးပေးခဲ့သူများကို ရတနာပုံတက္ကသိုလ်ပါမောက္ခချုပ်နှင့်တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

## ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၉၁၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

**ငပုတော ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးစိုက်ပျိုးရာသီ၌ စပါး ၉၁၄၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ် ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၄၀၂၃ ဧကကို စိုက်ပျိုးရန်လျာထားပြီး ဇွန်လ ဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါးဧက ၉၁၄၄ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

''ငရုတ်ကောင်းမြို့အတွင်းမှာ စပါးဧက ၁၄၀၀၀ ကျော် လျာထားစိုက်ပျိုးမှာဖြစ်ပါတယ်။ လျာထားချက်အတိုင်း ပြည့်မီအောင်စိုက်နိုင်ဖို့ လိုအပ်တဲ့အကူအညီတွေနဲ့ နည်းပညာတွေကို ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးတွေလျာထားချက်ပြည့်မီစေရေး၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့ လုပ်ငန်းများကို စိုက်ပျိုးရေး ဦးစီးဌာနအနေနဲ့ မြေပြင်ထိ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်''ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြသည်။

ငရုတ်ကောင်းမြို့တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးလျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ရန်အတွက် တောင်သူများ စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး စသည့် လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဝင်းက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

## မော်လိုက်ခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၅၈၅ ဧက စိုက်ပျိုးမည်

**မော်လိုက် ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင်တွင် လာမည့်ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၆၅၈၅ ဧက စိုက်ပျိုးမည်ဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မော်လိုက်ခရိုင်တွင် ဟင်းသီးဟင်းရွက် စိုက်ပျိုးရန်အတွက် မြို့နယ်အလိုက် လျာထားမှုအနေဖြင့် မော်လိုက်မြို့နယ်တွင် ၂၆၇၉ ဧကနှင့် ဖောင်းပြင်မြို့နယ်တွင် ၃၉၀၆ ဧက စုစုပေါင်း ၆၅၈၅ ဧကတို့ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ မော်လိုက်ခရိုင်မှာ ဟင်းသီးဟင်းရွက်ဧက ၆၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမှာပါ။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ ဖြစ်ပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

မော်လိုက်ခရိုင်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်သီးနှံများ အောင်မြင်ဖြစ်ထွန်းပြီး မိသားစုဝင်ငွေ ရရှိကြောင်းနှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးမည့်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲရေး အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်များကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ရေတာရှည်မြို့နယ် အောင်းကုန်းကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**ရေတာရှည် သြဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာနက အောင်းကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို သြဂုတ် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်မောင်နိုင်မင်းက ကျေးရွာဖွံ့ဖြိုး တိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရေတာရှည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ရီရီပြုံးက စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများထားရှိရမည့် ကျေးရွာစိတ်ဓာတ်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၏ ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာလုပ်ငန်းအကောင်အထည်ဖော်ရေးကော်မတီဝင်ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ပြီး အောင်းကုန်းကျေးရွာ၌ VDP စီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် စီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းနှင့် ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေများဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုညို**

# စဥ့်ကိုင်မြို့နယ် မက္ခရာကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စဥ့်ကိုင် သြဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက မက္ခရာကျေးရွာ၌ ကျေးရွာမတည်စီမံကိန်း (VRFP)ရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများကို သြဂုတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက VRFP စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ထားသောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါမက္ခရာကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၅ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၂ ဒသမ ၇ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ **အောင်ရဲကျော်**

# ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရေဦး သြဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၁၂၂ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၈၂၃ ဧက စိုက်ပျိုးရန်လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၂၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံစိုက်ပျိုးရာသီ ဒီပဲယင်းမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၁၉၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ၁၁၂၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေ စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်ဖို့၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့်ဟင်းသီးဟင်းရွက်များ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံဖြစ်စေရန် နည်းပညာများပေးခြင်း၊ တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်များကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# အင်္ဂပူမြို့နယ် သဇင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**အင်္ဂပူ သြဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဇင်ကွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို သြဂုတ် ၂၀ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အင်္ဂပူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းနိုင်က ကျေးရွာရပ်မိရပ်ဖများ၊ ကျေးရွာတာဝန်ရှိသူများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး စီမံကိန်းတာဝန်ခံဝန်ထမ်းများက သဇင်ကွင်းကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၆၇ ဒသမ ၈ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက သဇင်ကွင်းကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ် လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၆၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၆၇ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**အိမ်မဲ သြဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေအများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အိမ်မဲမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုဇင်က ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ရက် ၉၀ ဆန် ၂၄ ပြည်ဝင် အိတ်ရေ ၆၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရက် ၉၀ ဆန်က ဆန်ကြမ်းထဲမှာဆို စားလို့အကောင်းဆုံးဆန်လို့ ပြောလို့ရပါတယ်။ ဆန်အရည်အသွေးကလဲ တော်တော်ကောင်းပါတယ်။ ဒါကြောင့် အဝယ်များပြီး တင်ပို့ကုန်များခဲ့တာဖြစ်ပါတယ်။ ဇူလိုင်လအတွင်း အိမ်မဲမြို့နယ်ကနေ ရက် ၉၀ ဆန် အိတ်ရေအများအပြား ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ အခုလို ရက် ၉၀ ဆန် အိတ်ရေအများအပြား တင်ပို့အားကောင်းလာတော့ ပွဲရုံပိုင်ရှင်တွေ၊ တောင်သူတွေ၊ ကုန်တင်ကုန်ချလုပ်သားတွေ အလုပ်အကိုင် အဆင်ပြေလျက်ရှိပါတယ်။ ရက် ၉၀ ဆန်ကို ရန်ကုန်ဈေးကွက်က လက်ရှိ သြဂုတ်လထဲမှာလဲ အမှာကုန်များနေပြီး အဝယ်လိုက်နေပါတယ်"ဟု အိမ်မဲမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုဇင်က ပြောပြသည်။

အိမ်မဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရက် ၉၀ ဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၈၉၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ပွဲရုံပိုင်ရှင်များ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ၃၁ ကြိမ်မြောက် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု

၃၁ ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၂ ရက်တွင် ရန်ကုန်မြို့၌ ကျင်းပတော့မည်ဖြစ်ရာ ပခုက္ကူ တစ်သက်တာစာပေဆုနှင့် စာမူပြိုင်ပွဲဆုရရှိကြသူများစာရင်းကို ၆-၈-၂၀၂၅ ထုတ် နေ့စဉ်သတင်းစာများတွင် ထုတ်ပြန်ကြေညာလိုက်လေပြီ။

နိုင်ငံတော်အဆင့် အမျိုးသားစာပေတစ်သက်တာဆု၊ အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများပြီးလျှင် ပခုက္ကူစာပေဆုသည် စာပေသမိုင်းအစဉ်အလာကောင်းများရှိခဲ့သော နိုင်ငံတော်အဆင့် ဂန္ထဝင်ပုဂ္ဂလိကစာပေဆုဖြစ်သည်။

**ပခုက္ကူစာပေဆုချီးမြှင့်ပွဲများ ကျင်းပခဲ့သည့်နေရာများ**

ပထမဆုံးအကြိမ် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၁၉၉၄ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်တွင် ပခုက္ကူမြို့ ပြည်တော်သာခန်းမ၌ ကျင်းပခဲ့ပြီး ၁၉၉၅ ခုနှစ်နှင့် ၁၉၉၆ ခုနှစ်ထိ သုံးနှစ်ဆက်တိုက် ပခုက္ကူမြို့မှာပင် ကျင်းပခဲ့သည်။ ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ရန်ကုန်မြို့၊ နဝဒေးရုပ်ရှင်ရုံ၌ကျင်းပခဲ့ပြီး ၁၉၉၈ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ပခုက္ကူမြို့ ပြည်တော်သာခန်းမ၌ ကျင်းပခဲ့သည်။ ထိုအချိန်မှစ၍ ရန်ကုန်မြို့တွင်တစ်လှည့်၊ ပခုက္ကူမြို့တွင်တစ်လှည့် ကျင်းပခဲ့ကြရာ၊ ပခုက္ကူမြို့တွင် ၁၀ ကြိမ်၊ ရန်ကုန်မြို့တွင် ၃၁ ကြိမ်မြောက် အပါအဝင် အကြိမ် ၂၀ ကျင်းပခဲ့ကြပြီး ၂၀၂၃ ခုနှစ် ၂၉ ကြိမ်မြောက် ပခုက္ကူစာပေဆု ချီးမြှင့်ပွဲကိုမူ နေပြည်တော်၌ ပထမဆုံး ကျင်းပခဲ့သည်။ ၂၀၁၃ ခုနှစ်နောက်ပိုင်းတွင် ပခုက္ကူမြို့၌ကျင်းပရန် စီစဉ်ခဲ့ကြသော်လည်း အခြေအနေမပေးသောကြောင့် မကျင်းပနိုင်ဘဲ ရန်ကုန်မြို့မှာသာ ကျင်းပခဲ့ရခြင်းဖြစ်သည်။

**ပခုက္ကူစာပေဆု ရွေးချယ်ရေးအခြေခံမှုများ**

ပခုက္ကူစာပေဆုအတွက် နှစ်စဉ်စာမူများ တင်သွင်းယှဉ်ပြိုင်ကြရာတွင် စာပေဆုရွေးချယ်ရေး အခြေခံမှုများ သတ်မှတ်ဖော်ပြပြီး ဖိတ်ခေါ်ယှဉ်ပြိုင်စေခဲ့ကြသည်။ ထိုအခြေခံမှုများမှာ (၁) မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးရန်၊ (၂) မြန်မာ့ရိုးရာယဉ်ကျေးမှုထွန်းကားရေးအတွက် စာပေနည်းဖြင့် အထောက်အကူပြုရန်၊ (၃) မျိုးချစ်စိတ်နှင့် တိုင်းချစ်ပြည်ချစ်စိတ် ထက်သန်စေမှုကို ရှေးရှုရန်၊ (၄) အတွေးအခေါ်နှင့် အသိဉာဏ်ပညာဗဟုသုတ တိုးပွားကျယ်ပြန့်စေရေးအတွက် ကူညီရန်၊ (၅) အကျင့်စာရိတ္တပြုပြင်ရေးနှင့် ကိုယ်ကျင့်တရားကောင်းမွန်စေရေးအတွက် အထောက်အပံ့ဖြစ်သော စာပေများ တိုးပွားစေရန် ဟူ၍ဖြစ်သည်။

ပခုက္ကူတစ်သက်တာစာပေဆုကို မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး၏ ကန်တော့ခံသက်ကြီး စာပေပညာရှင်ကြီးဖြစ်သော အသက် ၈၂ နှစ်အရွယ်ရှိ စာရေးဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ) ရရှိခဲ့ပါသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို မောင်နေခြည်(ပြည်)ရေးသားသည့် "ကိုယ်ချင်းစာနိုင်ကြပါစေ" စာမူကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ညိမ်းညိုရေးသားသည့် "မခန်းသောမြစ်နှင့် အခြားဝတ္ထုတိုများ" ဒုတိယဆုကို သက်ဦးခင်ရေးသားသည့် "အရုဏ်ဦးမှာကြည်နူးစွာနှင့် အခြားဝတ္ထုတိုများ"၊ တတိယဆုကို မေလတ်ဟန်ရေးသားသည့် "ကျောင်းဆရာမလေးဖြစ်ချင်တယ်နှင့် အခြားဝတ္ထုတိုများ" စာမူတို့ကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို နေခြည်မောင်(မြောင်းမြ) ရေးသားသည့် "နေခြည်ဝင်းပ အလင်းတစ်စ အလှကဗျာများ၊ ဒုတိယဆုကို ရှိန်မြင့်ထက် (ဝါးကြီးအိုင်) ရေးသားသည့် "နံနက်ခင်းရဲ့ ပန်းလက်ဆောင်ကဗျာများ"၊ တတိယဆုကို ကိုလေးပြည့်ရေးသားသည့် "ကောက်စိုက်သမ ကွမ်းတောင်ကိုင်နှင့် အခြားကဗျာများ" စာမူတို့ကလည်းကောင်း၊ ကျမ်းစာပေဆုတွင် ဒုတိယဆုကို ခင်ဇေ(စက်မှု) ရေးသားသည့် "ခေတ်ဟောင်းမြန်မာ့တေးဂီတအနုပညာဖြင့် တိုင်းပြည်ကို အလှဆင်ခဲ့ကြသူများ"၊ တတိယဆုကို ဦးဝင်းမြင့်မောင်(လင်းအရုဏ်ဦး)ရေးသားသည့် "ပလ္လင်ရှစ်ခန်း ရွှေနန်းကိုးဆောင်" စာမူတို့ကလည်းကောင်း၊ သုတေသနစာပေဆုတွင် ပထမဆုကို အောင်ကြည်ညွန့် (တက္ကသိုလ်)ရေးသားသည့် "မြန်မာနိုင်ငံ၏ လူထုပညာရေးကြိုးပမ်းဆောင်ရွက်မှု သမိုင်းကို လေ့လာတင်ပြခြင်း(၁၉၄၈-၂၀၀၂)၊ ဒုတိယဆုကိုမာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)ရေးသားသည့် "မြန်မာ့ထင်ရှားကျော်ကြား ပုဂံဥမင်များ"၊ တတိယဆုကို

**❖လှူဒါန်းမှုရက်ရောပြီး စေတနာဖြူစင်သော ဦးအုံးဖေသည် စာပေဒါနအဖြစ်စာပေဆုများ၊ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက်ဆု၊ ပညာရည်ချွန်ဆုများကိုလှူဒါန်းရုံဖြင့် အားမရသေးဘဲ သူကိုယ်တိုင်တွေ့ကြုံခဲ့ရသော ဘဝအတွေ့အကြုံအဖုံဖုံထဲမှ အကောင်းအဆိုး၊ အကျိုးအပြစ်များကို မခြွင်းမချန်ဘဲ သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိစာအုပ်များအဖြစ် ရေးသားထုတ်ဝေခဲ့ရာ စာချစ်သူများကို ဆွဲဆောင်နိုင်စွမ်းရှိခဲ့သည်။ မျိုးဆက်သစ်လူငယ်များအတွက် သင်ခန်းစာရယူဖွယ်၊ သံဝေဂရဖွယ်၊ အားကျအတုယူဖွယ်များ ပါဝင်သည်။❖**

ငွေးကျော်(မဟာဝိဇ္ဇာ)ရေးသားသည့် "နှစ်(၁၀၀)ပြည့် ထောက်ကြံ့ အမျိုးသားကျောင်းသမိုင်း (၁၉၂၅-၂၀၂၅)" စာမူတို့ကလည်းကောင်း ရရှိကြသည်။

၃၁ ကြိမ်မြောက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆုကို နန္ဒာမွန်းရေးသားသည့် "သတင်းစာထဲက ဆောင်းပါးများ ဆောင်းပါးထဲက သတင်းများ" စာအုပ်နှင့် ဦးခွန်မောင်တုတ်ရေးသားသည့် "ပအိုဝ်း အမျိုးသားခေါင်းဆောင်ဦးအောင်ခမ်းထီ၏ နိုင်ငံရေးခရီး" စာအုပ်တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူပညာသင်ဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မောင်သုခန့်အောင်(ပထမနှစ်-ဂီတပညာဌာန)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မစောပြည့်ပြည့်ထွန်း (ပထမနှစ်-ဂီတပညာဌာန)တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေစာပေတစ်သက်တာဆုကို ယခင် ၁၀ သိန်း ချီးမြှင့်ရာမှ ယခုနှစ်တွင် ၁၅ သိန်းတိုးမြှင့်ချီးမြှင့်မည်ဖြစ်ပြီး ပခုက္ကူဦးအုံးဖေစာမူဆု ပထမဆုကို ယခင် ခုနစ်သိန်းမှ ယခု ၁၀ သိန်း၊ ဒုတိယဆုကို ယခင် ငါးသိန်းမှ ယခု ခုနစ်သိန်း၊ တတိယဆုကို ယခင် လေးသိန်းမှ ယခုငါးသိန်း အသီးသီးတိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်သည်။

**ပခုက္ကူစာပေဆု ဖြစ်ပေါ်လာပုံ**

အနိမ့်၊ အမြင့်၊ အတက်၊ အကျ ဘဝမျိုးစုံတွင် ကျင်လည်ခဲ့ရသော ဦးအုံးဖေသည် စာပေအလှ၊ စာပေတစ်စကြောင့် ဘဝပြောင်းလဲမြင့်မားလာခဲ့ရာ **"သိန်းတစ်ရာဆေးပေါင်းစုံရုံပိုင်ရှင်ကြီး"** ဖြစ်လာခဲ့သည်။ စာပေ့ကျေးဇူးအထူးထူးကို ကြည်နူးစွာခံစားနေရသော ဦးအုံးဖေသည် **"စာဖတ်ပရိသတ်ပြည်သူများအတွက် အကျိုးပြုစာပေများ ရှင်သန်ထွန်းကားရေးနှင့် မြန်မာစာပေဖွံ့ဖြိုးရေးလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ရန်"** ဟူသောစာပေရည်ရွယ်ချက်ဖြင့် စာပေဒါနပြုလိုသောကြောင့် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းဥက္ကဋ္ဌ ဦးစိုးညွန့်(ထီလာစစ်သူ)ထံသို့ ၁၉၉၁-ခုနှစ်၊ နိုဝင်ဘာလက နှုတ်ဖြင့်ရော၊ စာဖြင့်ပါ ကမ်းလှမ်းခဲ့သည်။ သူ၏အသက် ၇၅ နှစ်မြောက် မွေးနေ့တွင် စာပေဆု မတည်ငွေသားကျပ် ၇၅ သိန်း လှူဒါန်းလိုကြောင်း၊ စာပေဆုကိုလည်း **"ပခုက္ကူစာပေဆု"**ဟု ခေါ်တွင်စေလိုကြောင်း၊ စာပေဆုရန်ပုံငွေကို ထိန်းသိမ်းကြီးကြပ်စီမံခန့်ခွဲရန် ကော်မတီတစ်ရပ်ကို ဖွဲ့စည်းစေလိုကြောင်း၊ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကပင် စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့ကိုဖွဲ့စည်းကာ စာပေဆုစည်းမျဉ်းများ ရေးဆွဲသတ်မှတ် ပြဋ္ဌာန်းပေးစေလိုကြောင်း မေတ္တာရပ်ခံအကူညီတောင်းခဲ့သည်။

ဦးအုံးဖေ၏မေတ္တာရပ်ခံချက်အရ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ကလည်း လိုအပ်သည်များကို ပံ့ပိုးကူညီပေးခဲ့ရာ ဦးအုံးဖေက နိုင်ငံတော်သို့ ငွေကျပ် ၇၆၀၁၂၇၉ လွှဲအပ်လှူဒါန်းပွဲကို ၁၉၉၂ ခုနှစ် မေ ၃၁ ရက်တွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီး၌ ကျင်းပခဲ့သည်။

ပခုက္ကူစာပေဆုပြိုင်ပွဲကိုလည်း ၁၉၉၃ ခုနှစ်တွင် စတင်ဖိတ်ခေါ်ခဲ့ပြီး ပထမဆုံးအကြိမ် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို ၁၉၉၄ ခုနှစ်တွင် ပခုက္ကူမြို့၌ ကျင်းပနိုင်ခဲ့သည်။ မူလက ၇၅ နှစ်ပြည့်အထိမ်းအမှတ် ၇၅ သိန်းလှူဒါန်းရန် ရည်မှန်းထားသော်လည်း ၇၆ နှစ်ထဲရောက်သွားသဖြင့် ငွေကျပ် ၇၆ သိန်းအပြင် သူ၏ မွေးခုနှစ်သက္ကရာဇ် ၁၂၇၉ ကိုပါ ရည်စူးကာ လှူဒါန်းသမျှတွင် ၁၂၇၉ ကျပ်ကိုပါ အမြဲတမ်းထည့်သွင်းလှူဒါန်းနေကြောင်း သိရသည်။ ထိုမျှသာမကသေးဘဲ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်က ကျင်းပခဲ့သော ၁၀ ကြိမ်မြောက် ပခုက္ကူစာပေဆု ချီးမြှင့်ပွဲတွင် ငွေကျပ်သိန်း ၅၀ ကို ထပ်မံလှူဒါန်းခဲ့သည်။

စာပေဆုအလှူရှင် ဦးအုံးဖေက သူမတည်လှူဒါန်းထားသော အလှူငွေများကို ရန်ပုံငွေစည်းကမ်းအရ ဘဏ်တွင်အပ်နှံထားရပြီး အတိုးငွေတန်ဖိုးစုစုပေါင်း၏ ၆၀ ရာခိုင်နှုန်းကို စာပေဆုအဖြစ် နှစ်စဉ်ခွဲဝေပေးရန်၊ ၃၀ရာခိုင်နှုန်းကို အသုံးစရိတ်အဖြစ် သုံးစွဲရန်၊ ၁၀ ရာခိုင်နှုန်းကို အရင်းအနှီးတိုးပွားစေရန်အတွက် ဘဏ်တွင် ဆက်လက်ထားရှိရန် သတ်မှတ်ထားခဲ့သည်။ ဆိုလိုသည့်သဘောမှာ နှစ်စဉ်ဘဏ်တိုး၏ ၉၀ ရာခိုင်နှုန်းကိုသာ သုံးစွဲခွင့်ပြုခဲ့ခြင်းဖြစ်သည်။

ပခုက္ကူစာပေဆုအမျိုးအစား ခြောက်မျိုး သတ်မှတ်ထားရာ (၁) ဝတ္ထုရှည်ဆု (၂) ဝတ္ထုတိုပေါင်းချုပ်ဆု (၃)ကဗျာပေါင်းချုပ်ဆု (၄)ကျမ်းစာပေဆု (၅) သုတေသနစာပေဆုနှင့် (၆) တစ်သက်တာစာပေဆုများဖြစ်ကြသည်။ စာပေဆုများအတွက် ဘာသာရပ်တစ်ခုချင်းစီအလိုက် စာမူများကိုဖိတ်ခေါ်ယှဉ်ပြိုင်စေခြင်းဖြစ်ပြီး တစ်သက်တာစာပေဆုအတွက် ဘဝတစ်သက်တာလုံး စာပေအကျိုးကို ရှုပ်ရှုပ်ချုံချုံ သယ်ပိုးထမ်းရွက်ခဲ့သူ၊ စာပေလောကသားသက်ရှိပုဂ္ဂိုလ်များထဲမှ စိစစ်ရွေးချယ်စေခြင်းဖြစ်သည်။ စာပေဆုအပြင် ၁၉၉၄ ခုနှစ်မှစ၍ **"ပညာသင်ဆုအဖြစ်"** အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ ကျောင်းသား၊ ကျောင်းသူ နှစ်ဦးစီကို ချီးမြှင့်ခဲ့ကြသည်။ ထို့ပြင် စာပေဆုကိုလည်း ဘာသာရပ်တစ်ခုချင်းတွင် တစ်ဆုစီသာချီးမြှင့်ခဲ့ရာမှ ၁၉၉၄ ခုနှစ်တွင် **"ဒုတိယဆုများ"** ၁၉၉၆ ခုနှစ်တွင် **"တတိယဆုများ"** တိုးမြှင့် ချီးမြှင့်ခဲ့သည်။

စာပေဒါနအလှူရှင်ကြီး ဦးအုံးဖေကွယ်လွန်သွားပြီးနောက် ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပခဲ့သည့် ပခုက္ကူဦးအုံးဖေစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီက ရန်ပုံငွေတိုးပွားလာစေရေးနှင့်ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေးအတွက် စာပေဆုအမည်ကို **"ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု"**ဟူ၍ အမည်ပြောင်းလဲ သတ်မှတ်ခဲ့သည်။

**ထူးချွန်ဆုများ**

"ပခုက္ကူဦးအုံးဖေတည်ထောင်သောပခုက္ကူစာပေဆု ၃၁ ကြိမ်မြောက်အတွင်းတွင် တစ်သက်တာစာပေဆုရှင် ၃၈ ဦး ပေါ်ထွက်ခဲ့ပြီး စာပေဆုပေါင်း ၃၇၇ ဆုကို ချီးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။ ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ဆုကိုပါ ၂၀၀၃ ခုနှစ်မှ စတင်၍ ပူးတွဲချီးမြှင့်ခဲ့ရာ ယခုအကြိမ်ထိ ၄၅ ဦး ချီးမြှင့်နိုင်ခဲ့ပြီဖြစ်သည်။

**ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရှင်များ**

ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုချီးမြှင့်ရန်အတွက် ရွေးချယ်ရေးအခြေခံမှုများ သတ်မှတ်ထားရာ (၁) သက်ရှိထင်ရှားရှိသော စာပေပညာရှင်ဖြစ်ရမည်၊ (၂) သုတစာပေ၊ ရသစာပေနှင့် လူထုဆက်သွယ်ရေးလုပ်ငန်းတွင် ထိရောက်သောအတိုင်းအတာဖြင့် အားထုတ်ဆောင် ရွက်ခဲ့သူဖြစ်ရမည်၊ (၃) ကိုယ်ပိုင်ရေးသားပြုစုသော ခိုင်ခံ့ပြည့်ဝသည့် စာအုပ်စာပေလက်ရာ စာရင်းရှိရမည်၊ (၄) စာပေလုပ်ငန်းတာဝန်ကို ထမ်းဆောင်ခဲ့သည့် နှစ်ကာလပရိစ္ဆေဒ ထည့်သွင်းတွက်ချက်ရမည်။ (အသက်အရွယ်အားဖြင့် ၆၀ အရွယ်နှင့် စာရေးသက်အနည်းဆုံး နှစ် ၄၀ ခန့်ရှိရမည်)ဟူ၍ ဖြစ်သည်။ အဆိုပါအခြေခံမှုများနှင့် ရွေးချယ်ချီးမြှင့်ခဲ့သော ပခုက္ကူဦးအုံးဖေတစ်သက်တာဆုရသူများမှာ ယခု ၃၁ ကြိမ်မြောက်ထိ ၃၈ ဦး ရရှိခဲ့ကြသည်။

**ပညာဒါနနှင့် ပညာထူးချွန်ဆု**

အလှူရှင်ဦးအုံးဖေသည် စာပေဆုများအပြင် ပညာရေးအတွက်ပါ လှူဒါန်းခဲ့ရာ ၁၉၉၇ ခုနှစ် ဇန်နဝါရီ ၉ ရက်က ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံ၌ ကျင်းပခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ဆုပေးပွဲ အခမ်းအနားတွင် ပညာရေးရန်ပုံငွေအဖြစ် ငွေကျပ် ၅၂၀၁၂၇၉ ကို နိုင်ငံတော်သို့ လှူဒါန်းခဲ့သည်။ ထိုလှူဒါန်းငွေကို ရင်းနှီးမြှုပ်နှံရာမှရရှိသော အတိုးအညွန့်များဖြင့် အခြေခံပညာအထက်တန်းတွင် ဘာသာရပ်တစ်ခုချင်းအလိုက် အမှတ်အများဆုံး ရရှိသော ကျောင်းသား၊ ကျောင်းသူ သုံးဦးစီကို ချီးမြှင့်စေခဲ့သည်။ နှစ်စဉ်ကျင်းပခဲ့သော ပခုက္ကူစာပေဆု ချီးမြှင့်ပွဲများတွင် ပညာရေးဝန်ကြီးဌာနက စိစစ်ရွေးချယ်ပေးခဲ့ကြသော ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို အလှူရှင်ဦးအုံးဖေ၏ဆန္ဒနှင့်အညီ နှစ်စဉ် ချီးမြှင့်နိုင်ခဲ့ကြသော်လည်း ကိုဗစ်ရောဂါကြောင့်ပညာရည်ချွန်ဆုများကို ချီးမြှင့်နိုင်ခြင်းမရှိဘဲ ရပ်နားထားခဲ့ရသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့လုပ်ငန်း လည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# မြောင်းမြခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၆၃၀၄၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**မြောင်းမြ ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၆၃၀၄၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြောင်းမြခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၂၁၉၆၄ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ ဒုတိယပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စပါး ၄၆၃၀၄၄ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ စိုက်ပျိုးပြီးဖြစ်သော စပါး ၄၆၃၀၄၄ ကေကို မြောင်းမြမြို့နယ်တွင် ၁၅၂၆၁၅ ကေ၊ အိမ်မဲမြို့နယ်တွင် ၁၁၉၅၄၆ ကေ၊ ဝါးခယ်မမြို့နယ်တွင် ၁၉၀၈၈၃ ကေတို့ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

"မြောင်းမြခရိုင်မှာ စပါးကေ ၅၂၀၀၀၀ ထိစိုက်ပျိုးဖို့ လျာထားခဲ့ပါတယ်။ လက်ရှိ စပါးကေ ၄၆၀၀၀၀ ထိ စိုက်ပျိုးပြီးဖြစ်ပါတယ်။ စပါးတွေ စိုက်ပျိုးရာမှာလဲ စိုက်နည်းစနစ်တွေ မှန်ကန်စေဖို့၊ အထွက်နှုန်းကောင်းစေဖို့၊ ပိုးမွှားရောဂါကင်းရှင်းစေဖို့၊ အခက်အခဲမရှိ စိုက်ပျိုးနိုင်စေဖို့ အသိပညာပေးလုပ်ငန်းတွေကို စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေက ပေါင်းစပ်ဆောင်ရွက်နေပါတယ်။ စပါးကိုမြောင်းမြခရိုင်ထဲက ဝါးခယ်မမြို့နယ်မှာ အများဆုံးစိုက်ပျိုးထားပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



➤ **စာမျက်နှာ ၄ မှအဆက်**

သို့သော် ၂၀၂၃ ခုနှစ်တွင် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနမှ ပညာရည်ချွန်ဆုရရှိသူများကို ဆုချီးမြှင့်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ယခုအခါ ပညာရေးဝန်ကြီးဌာနက ပညာရေးရန်ပုံငွေများကို ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ရာ အခြေခံပညာအထက်တန်းပညာထူးချွန်ဆုများကို မချီးမြှင့်နိုင်တော့ပေ။ ပညာဒါနအလှူရှင် ဦးအုံးဖေအတွက် တာဝန်ရှိသူများ **အလွန်ပင် လေးနက်စွာစဉ်းစားသင့်ကြသည်။**

**ထိုက်တန်သော တုံ့ပြန်မှု**

လှူဒါန်းမှုရက်ရောပြီး စေတနာဖြူစင်သော ဦးအုံးဖေသည် စာပေဒါနအဖြစ်စာပေဆုများ၊ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီး စာကြည့်တိုက်ဆု၊ ပညာရည်ချွန်ဆုများကိုလှူဒါန်းရုံဖြင့် အားမရသေးဘဲ သူကိုယ်တိုင်တွေ့ကြုံခဲ့ရသော ဘဝအတွေ့အကြုံအဖုံဖုံထဲမှ အကောင်းအဆိုး၊ အကျိုးအပြစ်များကို မခြွင်းမချန်ဘဲ သူ၏ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်များအဖြစ် ရေးသားထုတ်ဝေခဲ့ရာ စာချစ်သူများကို ဆွဲဆောင်နိုင်စွမ်းရှိခဲ့သည်။ မျိုးဆက်သစ်လူငယ်များအတွက် သင်ခန်းစာရယူဖွယ်၊ သံဝေဂရဖွယ်၊ အားကျအတုယူဖွယ်များပါဝင်သည်။ သူ့ဘဝအတွေ့အကြုံ စာပေဒါနပေးဝေမျှခဲ့သည့် စာအုပ်သုံးအုပ်မှာ "တွေ့ရကြုံရကျွန်တော့်ဘဝ" (ပထမအတွဲ) (ဒုတိယအတွဲ) (တတိယအတွဲ)များဖြစ်ကြသည်။ ထိုစာအုပ်များမှာ ခေတ်သစ်လူငယ်တက်ကျမ်းများဆိုက မမှားပေ။

မြန်မာသက္ကရာဇ် ၁၂၇၉ ခုနှစ်တွင် ပခုက္ကူမြို့ ထနောင်းကုန်းရွာတောကျေးရွာ၌ မွေးဖွားခဲ့ပြီး ၂၀၀၈ ခုနှစ် ဧပြီ ၁၃ ရက် မြန်မာသက္ကရာဇ် ၁၃၇၀ ပြည့်နှစ် အသက် ၉၁ နှစ်အရွယ်တွင် ပခုက္ကူမြို့၌ ကွယ်လွန်သွားခဲ့သည်။ ထို့ကြောင့်ဦးအုံးဖေအား နိုင်ငံတော်က ၁၉၉၃ ခုနှစ်တွင် **"လူမှုထူးချွန်(ပထမအဆင့်)"** နှင့် ၂၀၂၂ခုနှစ်တွင် **"သီပွံ့ကျော်စွာ"** ဘွဲ့ ပေးအပ်ချီးမြှင့်ခဲ့သည်။ ကွယ်လွန်သွားရှာသော ဦးအုံးဖေသည် မြန်မာစာပေလောကတွင် ဘယ်သောအခါမျှ နာမည်မသေဘဲ သားအစဉ်မြေးအဆက် မြစ်အညွန့် အစွန့်ရှည်ကြာ တည်တံ့ခိုင်မြဲနေမည်ဟု ယုံကြည်နေပါသည်။

သို့သော် ပခုက္ကူဦးအုံးဖေစာပေဆု ရေရှည်တည်တံ့ခိုင်မြဲတိုးတက်ရေးအတွက် ရန်ပုံငွေတိုးပွားရန်လည်း အထူးပင်လိုအပ်လှသည်။ ယခုလက်ရှိအခြေအနေအရ ပခုက္ကူစာပေဆုအတွက် လှူဒါန်းငွေမရှိဘဲ ဘဏ်တိုးအနည်းငယ်မျှဖြင့်သာ ခရီးဆက်နေရပါက ဆုချီးမြှင့်နိုင်မှုအခြေအနေ ရပ်တန့်သွားမှာကို စိုးရိမ်နေကြရသည်။ ဤသည်ကို သိရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ကူညီသည့်အနေဖြင့် ၂၉ ကြိမ်မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲကို နေပြည်တော်၌ အကုန်အကျခံကာ စည်ကားခမ်းနားသိုက်မြိုက်စွာ ဂုဏ်ပြုကျင်းပပေးခဲ့ရာ မေ့မရနိုင်ဘဲ တသသဖြစ်နေကြသည်။

ထို့ပြင် ရန်ကုန်မြို့၌ကျင်းပခဲ့သော ၂၀၂၄ ခုနှစ် အကြိမ် ၃၀ မြောက် ပခုက္ကူစာပေဆုချီးမြှင့်ပွဲတွင် **"နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ မိသားစု"**က ငွေကျပ်သိန်း ၁၀၀ ကို လှူဒါန်းခဲ့ရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆုချီးမြှင့်ပွဲတွင် အသင်းဥက္ကဋ္ဌထံ လှူဒါန်းပေးအပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကလည်း ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီသို့ ငွေကျပ် ၇၅ သိန်း လှူဒါန်းခဲ့သည်။ ထိုသို့သော လှူဒါန်းမှုအစုစုအတွက် ပခုက္ကူစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီနှင့် စာပေလောကသားများက အထူးပင်ကျေးဇူးတင်ဝမ်းမြောက်ကြည်နူးနေကြသည်။

သို့ဖြစ်ရာ အစဉ်အလာကောင်းရှိခဲ့သော ပခုက္ကူဦးအုံးဖေစာပေဆု ရေရှည်တည်တံ့ခိုင်မြဲတိုးတက်ရေးအတွက် စာပေစေတနာရှင်များ၊ စာပေဒါနပြုကြလိုသူများ ထပ်မံပေါ်ပေါက်လာကြပါစေဟု ဆန္ဒမွန်ပြုလိုက်ရပါသည်။

**ကိုးကား-**

(၁) တက္ကသိုလ်စိန်တင်၏ ပခုက္ကူဦးအုံးဖေဘဝခရီးနှင့် အောင်မြင်နည်းအတွေ့အကြုံများ စာအုပ်။

(၂) ဆုချီးမြှင့်ပွဲတိုင်းတွင် ဖြန့်ဝေခဲ့သော ပခုက္ကူစာပေဆုအကြောင်းအရာစာအုပ်များ။

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

## ပန်းကလေးတွေ မွှေးပါစေ

– မိုးဥတုမှာ နိုးထလာ၍
ဆောင်းမှာနွဲ့ယိမ်း နှင်းရည်လိမ်းလျက်
စိမ်းလဲ့သစ်လွင် နွေခါတွင်လည်း
အသွင်မညှိုး အယဉ်တိုးကာ
လှမျိုးစုံလင် ပြစ်ကင်းစင်သည်
ဥယျာဉ်ထဲက ပန်းကလေးများ။

– ပန်းကလေးတို့ ဂုဏ်မချို့ဘဲ
စိမ်းညို့ဝေဖြာ ပွင့်ဖူးပါမှ
အနာဂတ်ရေး တို့ပြည်အေးလိမ့်။

– ပန်းကလေးတွေ ရနံ့ဝေမှ
တို့မြေသန့်ရှင်း ရန်မျိုးကင်းလျက်
အလင်းရောင်ဖြာ တို့ပြည်သာလိမ့်။

– ပန်းကလေးများ ဖူးတံကြွားလျက်
ချိုပျားရသာ ဝတ်ရည်ဖြာမှ
မျက်နှာမငယ် ကမ္ဘာ့နယ်၌
တင့်တယ်ရွှန်းပ တို့ပြည်လှလိမ့်။

– ဩော်... အ အာ အိ အီ အစချီလျက်
အေ ဘီ စီ ဒီ အီး အက်ဖ် ဂျီ နှင့်
စုံညီနှုတ်က ရွတ်ဆိုကြရင်း
တက်ကြွလန်းရွှင် ပန်းဥယျာဉ်ဝယ်
ရင်သွေးမာလာ ရတနာတို့
နံ့သာမှုန်ဖူး ဝတ်ရည်ဦးနှင့်
တင့်မြူးလှပ ရှိစေကြဖို့
မိဘဆရာ ညီညွတ်စွာဖြင့်
ကြင်နာယုယ ပြုစုကြ၍
မြေဆွပေါင်းသင် လက်ဦးပြင်သည့်
ဥယျာဉ်မှူးများ မေတ္တာအားကြောင့်
ဝင့်ကြွားထုံလန်း ဥယျာဉ်နန်းဝယ်
ပန်းကလေးတွေ မွှေးပါစေ။
မိမြန်ပြည်၏ ကျက်သရေ။ ။

**မြင်းမူမောင်နိုင်မိုး**


## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ

## ယူကရိန်းရှေ့တန်းပြန်တပ်ဖွဲ့ဝင်များကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တွေ့ဆုံ



ပြုံယမ်း ဩဂုတ် ၂၃

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်သည် ယူကရိန်းပဋိပက္ခ၌ ရုရှားနိုင်ငံအတွက် ပါဝင်တိုက်ခိုက်ခဲ့ကြသည့် မြောက်ကိုရီးယားတပ်ဖွဲ့ဝင်များကို ဩဂုတ် ၂၀ ရက်တွင် တွေ့ဆုံ၍ ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ယူကရိန်းရှေ့တန်းပြန်တပ်ဖွဲ့ဝင်များမှာ နိုင်ငံ၏ သူရဲကောင်းစစ်သည်များပင်ဖြစ်ကြကြောင်း မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ယူကရိန်းပဋိပက္ခတွင် ပါဝင်တိုက်ခိုက်ခဲ့ကြသော တပ်ဖွဲ့များမှ အရာရှိများနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် ယူကရိန်းပဋိပက္ခတွင် ရုရှားနိုင်ငံကို ကူညီရေးအတွက် တပ်ဖွဲ့ဝင်ဦးရေ ၁၀၀၀၀ ထိကို ရုရှားအနောက်ပိုင်း ခုံ့ချ်ဒေသစစ်မြေပြင်သို့ စေလွှတ်ပေးခဲ့သည်။

ယင်းအပြင် မြောက်ကိုရီးယားနိုင်ငံသည် ယူကရိန်းပဋိပက္ခအတွက် တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ရန်လည်း စီစဉ်ထားကြောင်း တောင်ကိုရီးယားထောက်လှမ်းရေးအဖွဲ့အစည်းများက ပြောကြားထားသည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် ရုရှားသမ္မတပူတင်တို့သည် ပြီးခဲ့သည့်နှစ် ဇွန်လအတွင်း နှစ်နိုင်ငံမဟာဗျူဟာမြောက် မိတ်ဖက်သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။

အဆိုပါ သဘောတူညီချက်တွင် စစ်ရေးခြိမ်းခြောက်မှုများ ရှိလာပါက တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကာအကွယ်ပေးရေး ပြဋ္ဌာန်းချက်လည်း ပါဝင်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းကမ်းလွန်၌ အမေရိကန်ရေတပ်သင်္ဘော မီးလောင်မှုဖြစ်ပွား

တိုကျို ဩဂုတ် ၂၁

ဂျပန်နိုင်ငံ အိုကီနာဝါကျွန်းကမ်းလွန်၌ဩဂုတ်၂၀ရက်ညပိုင်းက အမေရိကန်ရေတပ်မှ စစ်သင်္ဘောတစ်စီး မီးလောင်ခဲ့ရာ ရေတပ်သားနှစ်ဦးဒဏ်ရာရရှိခဲ့သည်။

မီးလောင်မှု ဖြစ်ပွားခဲ့သည့် အမေရိကန် စစ်သင်္ဘောမှာ ယူအက်စ်အက်စ်နယူးအော်လိန်းအမည်ရှိ စစ်သင်္ဘောဖြစ်ကြောင်း ဂျပန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ယူအက်စ်အက်စ် နယူးအော်လိန်းစစ်သင်္ဘော မီးလောင်ကျွမ်းမှုမှာ ၁၂ နာရီနီးပါးကြာမြင့်ခဲ့ပြီး အခြား အမေရိကန်စစ်သင်္ဘောတစ်စီးနှင့် ဂျပန်ကမ်းခြေစောင့်စစ်သင်္ဘောများက ဝိုင်းဝန်းငြိမ်းသတ်ပေးခဲ့ရသည်။

လက်ရှိအချိန်တွင် ယူအက်စ်အက်စ်နယူးအော်လိန်းစစ်သင်္ဘော မီးလောင်ကျွမ်းမှုကို စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း အမေရိကန်ရေတပ်၏ အမှတ်(၇) ရေတပ်အုပ်စုက သတင်းထုတ်ပြန်ထားသည်။

ယူအက်စ်အက်စ် နယူးအော်လိန်းစစ်သင်္ဘောသည် ကိုယ်ထည်အလျား ၆၈၄ ပေရှိပြီး ရေတပ်သား ၈၀၀ လိုက်ပါနိုင်သော ကုန်းရေနှစ်ထွေစစ်ဆင်ရေးသုံး စစ်သင်္ဘောအမျိုးအစားဖြစ်သည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင်လကလည်း အမေရိကန်နိုင်ငံ စန်တီယေဂိုဆိပ်ကမ်း၌ ယူအက်စ်အက်စ်ဘွန်ဟုမ်းရစ်ချက်အမည်ရှိ စစ်သင်္ဘောတစ်စီး ငါးရက်ကြာ မီးလောင်ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO



## အဂ္ဂနီ-၅ တာလတ်ပစ်ဘလစ်စတစ်ဒုံးကျည် အိန္ဒိယတပ်မတော် စမ်းသပ်ပစ်လွှတ်

ဒေလီ ဩဂုတ် ၂၁

အိန္ဒိယ တပ်မတော်သည် ဩဂုတ် ၂၀ ရက်တွင် အဂ္ဂနီ-၅ အမည်ရှိ တာလတ်ပစ်ဘလစ်စတစ်ဒုံးကျည်တစ်မျိုးကို အောင်မြင်စွာစမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သိရသည်။

အဂ္ဂနီ-၅တာလတ်ပစ်ဒုံးကျည်သည် နျူကလီးယားထိပ်ဖူးတစ်ခု သယ်ဆောင်နိုင်ပြီး တရုတ်နိုင်ငံတွင်းရှိ မည်သည့်နေရာမျိုးသို့မဆို ရောက်ရှိနိုင်ကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အဂ္ဂနီ-၅တာလတ်ပစ်ဒုံးကျည် စမ်းသပ်မှုကို အိန္ဒိယနိုင်ငံ အရှေ့ပိုင်း ဩဒိသပြည်နယ်၌ ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း အိန္ဒိယမီဒီယာများ၏အဆိုအရ သိရသည်။

ဩဂုတ် ၂၀ ရက် စမ်းသပ်မှုတွင် အဂ္ဂနီ-၅ တာလတ်ပစ်ဒုံးကျည်၏စွမ်းဆောင်ရည်များကို အတည်ပြုနိုင်ခဲ့ကြောင်း အိန္ဒိယတပ်မတော် တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယနိုင်ငံသည် တောင်အာရှဒေသနိုင်ငံများအပေါ် ဩဇာလွှမ်းမိုးနိုင်ရေးအတွက် တရုတ်နိုင်ငံနှင့်အပြိုင် ကြိုးပမ်းလျက်ရှိသည်။

ထို့နည်းတူ အိန္ဒိယနိုင်ငံသည် အိမ်နီးချင်း ပါကစ္စတန်နိုင်ငံနှင့်လည်း စစ်ရေးတင်းမာမှုများရှိနေသည့်နိုင်ငံဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

## အိန္ဒိယသမုဒ္ဒရာနှင့် အာဖရိကကို ချိတ်ဆက်ပေးမည့် စီးပွားရေးဇုန်ထားရှိရေး ဂျပန်ဝန်ကြီးချုပ်အီရှီဘာ အဆိုပြု

တိုကျို ဩဂုတ် ၂၁

အိန္ဒိယသမုဒ္ဒရာနှင့် အာဖရိကတိုက်တို့ကို ချိတ်ဆက်ပေးမည့် အထူးစီးပွားရေးဇုန်တစ်ခု သတ်မှတ်ထားရှိရန် ဂျပန်ဝန်ကြီးချုပ် အီရှီဘာက ဩဂုတ် ၂၀ ရက်တွင် အဆိုပြုခဲ့ကြောင်း သိရသည်။

ဂျပန်နိုင်ငံ ယိုကိုဟားမားမြို့၌ ကျင်းပခဲ့သော အာဖရိကဖွံ့ဖြိုးရေးဆိုင်ရာ တိုကျိုနိုင်ငံတကာညီလာခံ၌ ဂျပန်ဝန်ကြီးချုပ်က အထက်ပါအတိုင်း အဆိုပြုခဲ့ခြင်းဖြစ်သည်။

ဂျပန်ဝန်ကြီးချုပ် အဆိုပြုခဲ့သည့် အိန္ဒိယသမုဒ္ဒရာ အာဖရိကစီးပွားရေးဇုန် အစီအစဉ်အရ အိန္ဒိယနှင့် အရှေ့အလယ်ပိုင်းဒေသများ၌ လုပ်ငန်းလည်ပတ်နေသော ဂျပန်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုများကို အာဖရိကသို့ လမ်းကြောင်း ပြောင်းပေးရန် ရည်ရွယ်ထားသည်။

အာဖရိကတိုက် ရေရှည်ဖွံ့ဖြိုးရေးအတွက် ဂျပန်နိုင်ငံအနေဖြင့် အာဖရိက ဖွံ့ဖြိုးရေးဘဏ်နှင့် ညှိနှိုင်းရန်ချေးငွေအဖြစ် အမေရိကန်ဒေါ်လာ ၅ ဒသမ ၅ ဘီလီယံ ထုတ်ပေးမည် ဖြစ်ကြောင်းလည်း ဂျပန်ဝန်ကြီးချုပ်က အာဖရိကဖွံ့ဖြိုးရေးညီလာခံ၌ ကတိပြုခဲ့သည်။

ဂျပန်နိုင်ငံအနေဖြင့် အာဖရိက၏ အနာဂတ်ကို ယုံကြည်ကြောင်း ဂျပန်ဝန်ကြီးချုပ် အီရှီဘာက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ကုန်သွယ်ရေးမူဝါဒများကြောင့် အာဖရိကဖွံ့ဖြိုးရေး အစီအစဉ်များထိခိုက်နေချိန်တွင် သုံးရက်ကြာ အာဖရိကဖွံ့ဖြိုးရေးဆိုင်ရာ နိုင်ငံတကာညီလာခံကို ယိုကိုဟားမား၌ ကျင်းပနေခြင်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO




## အီရန်ရေတပ်စစ်သင်္ဘောများ စစ်ရေးလေ့ကျင့်မှုပြုလုပ်

တီဟီရန် ဩဂုတ် ၂၁

ယခုနှစ် ဇွန်လအတွင်း အစ္စရေးနိုင်ငံနှင့် ၁၂ ရက်ကြာ ပဋိပက္ခဖြစ်ပွားခဲ့ပြီးနောက် ပထမဆုံးသော ပြည်တွင်းစစ်ရေးလေ့ကျင့်မှုကို အီရန်နိုင်ငံက ယနေ့တွင် စတင်ခဲ့ကြောင်း သိရသည်။

ခိုင်မာသောအင်အား ၁၄၀၄ အမည်ရှိ အဆိုပါစစ်ရေးလေ့ကျင့်မှုတွင် အီရန်ပုံမှန်လက်နက်ကိုင်တပ်ဖွဲ့၏ ရေတပ်သင်္ဘောများက ဒုံးကျည်များပစ်လွှတ်မှု၊ မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ပွဲဝင်မှုများကို လေ့ကျင့်ခဲ့ကြကြောင်း အီရန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်တောင်ပိုင်း ကမ်းလွန်ရေပြင်အတွင်း ပြုလုပ်ခဲ့သည့် အဆိုပါ စစ်ရေးလေ့ကျင့်မှုသည် အီရန်တပ်များသာ ပါဝင်ခဲ့သည့် စစ်ရေးလေ့ကျင့်မှုဖြစ်သည်။

ယင်း စစ်ရေးလေ့ကျင့်မှု မတိုင်မီ အီရန်ရေတပ်သည် ရုရှားရေတပ်နှင့်ပူးတွဲ၍ ကက်စပီယံပင်လယ်ဒေသ၌ စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခဲ့ခြင်းဖြစ်သည်။

ယခုနှစ် ဇွန် ၁၃ ရက်တွင် အစ္စရေးနိုင်ငံသည် အီရန်နျူကလီးယား အဆောက်အအုံများကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အစ္စရေးနှင့် အီရန်တို့ကြား ၁၂ ရက်ကြာပဋိပက္ခဖြစ်ပွားခဲ့ပြီး ဇွန် ၂၄ ရက်တွင် ပဋိပက္ခပြီးဆုံးခဲ့သည်။


အဆိုပါပဋိပက္ခအတွင်း အီရန်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစနစ်များ အကြီးအကျယ် ပျက်စီးခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ယူရေးနပ်ဂြိုဟ်ကို ဗဟိုပြုလှည့်ပတ်နေသော ဂြိုဟ်ရံလငယ်တစ်စင်း သိပ္ပံပညာရှင်များတွေ့ရှိထား




**ဝါရှင်တန် ဩဂုတ် ၂၁**

ယူရေးနပ်ဂြိုဟ်ကို ဗဟိုပြုလှည့်ပတ်နေသည့် ဂြိုဟ်ရံလငယ်တစ်စင်းကို အမေရိကန်သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဩဂုတ် ၂၀ ရက် သတင်းများတွင် ဖော်ပြထားသည်။

S/ 2025 U1 အမည်ရှိ အဆိုပါ ဂြိုဟ်ရံလကို အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)က လွှတ်တင်ထားသော ဂျိမ်းစ်ဝဘ်အာကာသရေဒီယိုတယ်လီစကုပ်အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

S/ 2025 U1 ဂြိုဟ်ရံလသည် အရွယ်အစားအားဖြင့် အချင်း ခြောက်မိုင်မျှသာရှိကြောင်း ဆောက်ဝက်စ်သုတေသန အင်စတီကျူမှ အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အရွယ်အစား သေးငယ်မှုကြောင့် ၎င်းဂြိုဟ်ရံလကို ၁၉၈၆ ခုနှစ်တွင် ယူရေးနပ်ဂြိုဟ်ကို ဖြတ်ကျော်ပျံသန်းခဲ့သည့် ဗွိုင်ယေဂျာ-၂ အာကာသယာဉ်နှင့် မြေပြင်အခြေစိုက်ရေဒီယို တယ်လီစကုပ်များအနေဖြင့် တွေ့မြင်နိုင်ခဲ့ခြင်းမရှိဘဲ နာဆာ၏ ဂျိမ်းစ်ဝဘ်အာကာသရေဒီယို တယ်လီစကုပ်ဖြင့်သာ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။

S/ 2025 U1 ဂြိုဟ်ရံလသည် ယူရေးနပ်ဂြိုဟ်ဗဟိုချက်မှ မိုင်ပေါင်း ၃၅၀၀၀ အကွာတွင်တည်ရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

S/ 2025 U1 ဂြိုဟ်ရံလကို ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ယူရေးနပ်ဂြိုဟ်ပိုင်ဆိုင်ထားသည့် ဂြိုဟ်ရံလအရေအတွက်မှာ ၂၉ စင်းထိရှိလာခဲ့ပြီဖြစ်သည်။

Ref : Russia Today

Trs : KKO

## လီကျိယန်-၁ ဝိုင် ၁၀ ဒုံးပျံဖြင့် ဂြိုဟ်တု ခုနစ်စင်း တရုတ်အမျိုးသားအာကာသအေဂျင်စီလွှတ်တင်

**ပေကျင်း ဩဂုတ် ၂၁**

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် လီကျိယန်-၁ ဝိုင် ၁၀ အမည်ရှိ ဒုံးပျံဖြင့် ဂြိုဟ်တုခုနစ်စင်းကို ဩဂုတ် ၁၉ ရက်တွင် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းမှတစ်ဆင့် လွှတ်တင်ခဲ့ကြောင်း ဩဂုတ် ၂၀ ရက် သတင်းများအရ သိရသည်။



လွှတ်တင်ပြီးမကြာမီမှာပင် လီကျိယန်-၁ ဝိုင် ၁၀ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုခုနစ်စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

လီကျိယန်-၁ ဒုံးပျံများသည် လက်ရှိအချိန်ထိ ဂြိုဟ်တုပေါင်း အစင်း ၇၀ စုစုပေါင်းအလေးချိန် ခုနစ်တန်ကျော်ကို ကမ္ဘာပတ်လမ်းပေါ်သို့ အောင်မြင်စွာပို့ဆောင်ပေးခဲ့ပြီဖြစ်ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီ တာဝန်ရှိသူများက ပြောကြားသည်။

လီကျိယန်-၁ ဒုံးပျံများသည် အလေးချိန် ၁ ဒသမ ၅ တန်ရှိ ဂြိုဟ်တုများကို ကမ္ဘာမြေပြင်အထက် အမြင့် ကီလိုမီတာ ၅၀၀ တွင်ရှိသော ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် လီကျိယန်-၁ ဒုံးပျံများသည် တစ်ကြိမ်လျှင် ဂြိုဟ်တုအငယ်စား အစင်း ၅၀ ထိသယ်ဆောင်နိုင်ကြောင်းလည်း တရုတ်အမျိုးသား အာကာသအေဂျင်စီတာဝန်ရှိသူများက ပြောကြားသည်။

လီကျိယန်-၁ ဒုံးပျံများဖြင့် လွှတ်တင်မည်ဆိုပါက ဂြိုဟ်တုတစ်စင်းအတွက် တစ်ကီလိုဂရမ်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀၀ ကုန်ကျမည်ဖြစ်သည်။

Ref : Xinhua News

Trs : KKO

## ဗုဒ္ဓဟူးဂြိုဟ်၏အချင်းဝက်က တဖြည်းဖြည်းဆက်လက်ကျုံ့ဝင်နေဆဲဖြစ်

**ဝါရှင်တန် ဩဂုတ် ၂၁**

ဗုဒ္ဓဟူးဂြိုဟ်၏အချင်းဝက်က တဖြည်းဖြည်းဆက်လက်ကျုံ့ဝင်နေဆဲဖြစ်ရာ ၎င်းဂြိုဟ်၏ကျုံ့ဝင်မှုနှုန်းကို သိပ္ပံပညာရှင်များက တွက်ချက်ခဲ့ကြကြောင်း ဩဂုတ် ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ဗုဒ္ဓဟူးဂြိုဟ်အချင်းဝက်သည် ၎င်းဂြိုဟ်စတင်ဖွဲ့စည်းဖြစ်ပေါ်ခဲ့ပြီးနောက်ပိုင်း ၂ ဒသမ ၇ ကီလိုမီတာမှ ၅ ဒသမ ၆ ကီလိုမီတာထိ ကျုံ့ဝင်သွားကြောင်း သိရသည်။

ဗုဒ္ဓဟူးဂြိုဟ်အချင်းဝက်ကျုံ့ဝင်မှုနှုန်းမှာ တစ်ကီလိုမီတာမှ ခုနစ်ကီလိုမီတာထိရှိနိုင်ကြောင်း ရှေးယခင်က ခန့်မှန်းခဲ့ကြသည်။

သို့ရာတွင် အမေရိကန်သိပ္ပံပညာရှင်များသည် ဗုဒ္ဓဟူးဂြိုဟ်ပြတ်ရွေ့ကြောများဆိုင်ရာအချက်အလက်များကို စိစစ်လေ့လာခဲ့ပြီးနောက် ဗုဒ္ဓဟူးဂြိုဟ်အချင်းဝက်ကျုံ့ဝင်မှုအတိုင်းအဆကို ထပ်မံတွက်ချက်ထားကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဗုဒ္ဓဟူးဂြိုဟ်စတင်ပေါ်ထွက်ခဲ့ပြီးနောက်ပိုင်း ၎င်းဂြိုဟ်၏အချင်းဝက်သည် စုစုပေါင်း ၂ ဒသမ ၇ ကီလိုမီတာမှ ၅ ဒသမ ၆ ကီလိုမီတာထိ ကျုံ့ဝင်ခဲ့ရကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

နေအဖွဲ့အစည်းအတွင်း အသေးငယ်ဆုံးဂြိုဟ်ဖြစ်သော ဗုဒ္ဓဟူးဂြိုဟ်သည် ဂြိုဟ်အတွင်းပိုင်းအေးမြလာမှုဖြစ်စဉ်ကြောင့် တဖြည်းဖြည်းအရွယ်အစားကျုံ့ဝင်လာခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ဆီးချိုရောဂါများကို ကုသရာတွင် ချင်းကိုအသုံးပြု၍ရနိုင်ဖွယ်ရှိ

**နယူးယောက် ဩဂုတ် ၂၁**

ဆီးချိုရောဂါကိုကုသရာတွင် ထိရောက်သည့် သဘာဝကုထုံးတစ်မျိုးအဖြစ် ချင်းကိုအသုံးပြု၍ရနိုင်ဖွယ်ရှိကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဩဂုတ် ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ရောင်ရမ်းမှုတိုက်ဖျက်ရေး ဂုဏ်သတ္တိများ ပိုင်ဆိုင်ထားမှုကြောင့် ချင်း(Zingiber)ကို ကိုယ်ဝန်ဆောင်များ ပျို့အန်မှုမှသည် အဆစ်အမျက်ကိုက်ခဲမှုအထိပါဝင်သော ကျန်းမာရေးပြဿနာအမျိုးမျိုးအတွက် ရှေးနှစ်ပေါင်းများစွာကပင် သုံးစွဲခဲ့ခြင်းဖြစ်သည်။

ထို့ပြင်အမေရိကန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ချင်းထည့်သွင်းထားသော ဖြည့်စွက်ဆေးများသည် ပုံစံ-၁ ဆီးချိုနှင့် ပုံစံ-၂ ဆီးချိုနှစ်မျိုးစလုံးကို ထိန်းချုပ်ရာတွင် အထောက်အကူပြုနိုင်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ ချင်းဖြည့်စွက်ဆေးများသည် သွေးအတွင်းသကြားဓာတ်ပါဝင်မှုကို လျှော့ချပေးနိုင်သကဲ့သို့ နှလုံးရောဂါဖြစ်နိုင်ခြေ၊ ကျောက်ကပ်ပျက်စီးနိုင်ခြေနှင့် လေဖြတ်နိုင်ခြေတို့ကို လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ချင်း၏ အာနိသင်နှင့်ပတ်သက်၍ ပြုလုပ်ထားသော သုတေသန လေ့လာချက်များကို ပြန်လည်သုံးသပ်ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## ဗာဒံစေ့ လက်နှစ်ဆုပ်စာနေ့စဉ်စားခြင်းဖြင့် ကင်ဆာရောဂါများကာကွယ်ရာတွင် အထောက်အကူပြု

**တီဟီရန် ဩဂုတ် ၂၁**

ဗာဒံစေ့ လက်နှစ်ဆုပ်စာမျှ နေ့စဉ်စားသုံးပေးခြင်းဖြင့် ကင်ဆာရောဂါများကို ကာကွယ်ရာတွင် အထောက်အကူ ပြုနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၂၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အီရန်နှင့် အာဖဂန်နစ္စတန် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ဗာဒံစေ့စားသုံးမှုသည် စိတ်ဖိအားနှင့် အသက်အရွယ်တို့ကြောင့် ကင်ဆာဖြစ်ပွားစေတတ်သည့် ဆဲလ်များပေါ်ထွက်လာနိုင်မှုကိုလျှော့ချပေးနိုင်ကြောင်း သိရသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ခရမ်းလွန်ရောင်ခြည်နှင့် ပြုပြင်စီရင်ထားသည့် အစားအစာများကဲ့သို့ ပြင်ပဖိအားများ၏ တိုက်ခိုက်မှုကြောင့် မျိုးဗီဇအခြေခံမော်လီကျူးများ၊ ပရိုတိန်းများနှင့် ဆဲလ်အပြင်လွှာများ ပျက်စီးသွားတတ်ပြီး ကင်ဆာဖြစ်စေနိုင်သည့် မူမမှန်သည့် ဆဲလ်များပေါ်ထွက်လာနိုင်ကြောင်း သိရသည်။

သို့ရာတွင် ဗာဒံစေ့လက်နှစ်ဆုပ်စာမျှ နေ့စဉ်စားသုံးခြင်းဖြင့် ဒီအင်အေ၊ ပရိုတိန်းနှင့် ဆဲလ်များ ပျက်စီးမှုကို လျှော့ချနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အီရန်နှင့် အာဖဂန်နစ္စတန် သုတေသန ပညာရှင်များသည် လူပေါင်း ၄၂၄ ဦးတို့ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

Ref : Russia Today

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# တိုက်စစ်မှူး ကိုင်ဟာဗက် ဒူးဒဏ်ရာကြောင့် လာမည့်ပွဲစဉ်များကို လွဲချော်မည်




**လန်ဒန် ဩဂုတ် ၂၁**

အာဆင်နယ်အသင်း တောင်ပံတိုက်စစ်ကစားသမား ကိုင်ဟာဗက်သည် ဗုဒ္ဓဟူးနေ့ကပြုလုပ်ခဲ့သည့် လေ့ကျင့်ရေးအစီအစဉ်တွင် ဒူးဒဏ်ရာရရှိခဲ့သောကြောင့် လာမည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

အသက် ၂၆ နှစ်ရှိ ကစားသမားသည် လက်ရှိတွင် ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်နေရသဖြင့် အတိအကျထုတ်ပြန်နိုင်ခြင်းမရှိသေးသော်လည်း ဒဏ်ရာအခြေအနေမှာ ကြွခိုင်မှုလိုအပ်ချက်ကြောင့် ကာလရှည်အနားယူရဖွယ်ရှိပြီး လာမည့်ပွဲစဉ်များကို ပါဝင်နိုင်မည်မဟုတ်ကြောင်း သိရသည်။

အာဆင်နယ်အသင်းအနေဖြင့် တိုက်စစ်ပိုင်းတွင် ဂျီးဆပ်နှင့် ကိုင်ဟာဗက်ကို အသုံးပြုနေပြီး ဂျီးဆပ်အနေဖြင့် ပြီးခဲ့သည့် ဇန်နဝါရီလက ဒူးဒဏ်ရာ ခွဲစိတ်မှုပြုလုပ်ခဲ့သောကြောင့် ကာလရှည်အနားယူရမည်ဖြစ်ကာ ကိုင်ဟာဗက်သည်လည်း ဖေဖော်ဝါရီလက ဒူဘိုင်းတွင် ပြုလုပ်ခဲ့သည့် လေ့ကျင့်ရေး အစီအစဉ်တွင် တံကောက်ကြော ဒဏ်ရာရရှိခဲ့ပြီးနောက် ကြွခိုင်မှုလိုအပ်ချက်ကြောင့် ဆက်လက်အနားယူခဲ့ရကာ အသင်း၏ပွဲစဉ်များကို ပါဝင်နိုင်ခြင်းမရှိခဲ့၍ နည်းပြအာတီတာက တိုက်စစ်ပိုင်းလိုအပ်ချက်အတွက် စပို့တင်းလစ္စဘွန်းအသင်းမှ ဂိုကာရက်စ်ကို ခေါ်ယူအားဖြည့်ခဲ့ပြီး နွေရာသီအပြောင်းအရွှေ့တွင် ကစားသမားသစ် ခေါ်ယူမှုအတွက် စတာလင်ပေါင် သန်း ၂၀၀ နီးပါး အသုံးပြုခဲ့သည်။

သို့သော် ကိုင်ဟာဗက်သည် ပြီးခဲ့သည့် ပရီးမီးယားလိဂ်အဖွင့်ပွဲစဉ်မတိုင်မီ အသင်းနှင့်ပြန်လည်ပူးပေါင်းနိုင်ခဲ့ပြီး မန်ယူအသင်းကို တစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ပွဲစဉ်တွင် ဒုတိယပိုင်း မိနစ် ၇၀ တွင် အသင်းအတွက် လူစားဝင်ကစားသမားအဖြစ် ပါဝင်လာခဲ့ပြီးနောက် ယခုအခါ ဒူးဒဏ်ရာကြောင့် ထပ်မံအနားယူရမည်ဖြစ်ကြောင်း သိရသည်။

Ref : Espn
Trs : ML

# WBA လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံဂါဗွန်တာနှင့် ထိုးသတ်ခွင့်ရမည်ဟု ဂျိတ်ပေါလ်ပြောကြား

**အတ္တလန်တာ ဩဂုတ် ၂၁**

အမေရိကန်နာမည်ကြီး YouTuber ဘဝမှ ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ကူးပြောင်းလာခဲ့သည့် ဂျိတ်ပေါလ်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့လောကသို့ ကူးပြောင်းလာခဲ့ပြီးနောက် WBA လိုက်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ အမေရိကန်လက်ဝှေ့သမားဂါဗွန်တာနှင့် နိုဝင်ဘာ ၁၄ ရက်တွင် ကမ္ဘာ့ချန်ပီယံအတွက် ထိုးသတ်ခွင့် ရတော့မည်ဖြစ်ကြောင်း ဂျိတ်ပေါလ်က ယနေ့တွင် တရားဝင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျိတ်ပေါလ်နှင့် ဂါဗွန်တာတို့သည် အမေရိကန်နိုင်ငံဂျော်ဂျီယာပြည်နယ် အတ္တလန်တာမြို့တွင် ထိုးသတ်မည်ဖြစ်ပြီး ဂျိတ်ပေါလ်အတွက် ပရော်ဖက်ရှင်နယ်ဘဝသို့ ကူးပြောင်းလာခဲ့ပြီးနောက် ကမ္ဘာ့ချန်ပီယံဆုအတွက် ပထမဆုံးအကြိမ် ထိုးသတ်ခွင့်ရမည်လည်းဖြစ်သည်။

ဂျိတ်ပေါလ်အား ကျော်ကြားမှုကြောင့်သာ လက်ဝှေ့လောကသို့ ဝင်ရောက်လာခြင်း ဖြစ်ကြောင်း ဝေဖန်သံများ ထွက်ပေါ်လာခဲ့သော်လည်းဂျိတ်ပေါလ်သည် ပရော်ဖက်ရှင်နယ် လက်ဝှေ့လောကတွင် အောင်မြင်မှုများ ရယူနိုင်ရေးသည် ၎င်း၏အိပ်မက်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဂျိတ်ပေါလ်က “ဂါဗွန်တာဟာ လက်ဝှေ့လောကမှာ ထိပ်တန်း pound-for-pound လက်ဝှေ့သမားတစ်ယောက်ဖြစ်ပါတယ်။ လက်ရှိ WBAလိုက်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံတစ်ဦးလဲဖြစ်တယ်။ ကမ္ဘာ့ချန်ပီယံပဲဖြစ်ဖြစ်၊ဘယ်လိုလက်ဝှေ့သမားပဲဖြစ်ဖြစ် ကျွန်တော့်အနေနဲ့ကတော့ ပြိုင်ဘက်မရွေးဘူး၊ နေရာမရွေးဘူး ဘယ်လို အခြေအနေမျိုးကိုမဆို ရင်ဆိုင်သွားဖို့ အဆင်သင့်ဖြစ်နေပါပြီ။ ကမ္ဘာ့ချန်ပီယံတစ်ယောက်နဲ့ ကမ္ဘာ့ချန်ပီယံခါးပတ်ကို ထိုးသတ်ခွင့်ရတော့မှာကိုလဲ စိတ်လှုပ်ရှားနေပါတယ်”ဟုပြောကြားခဲ့သည်။

ဂါဗွန်တာသည် လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် စိန်ခေါ်ပွဲပေါင်း ၃၁ ပွဲထိ ထိုးသတ်ထားပြီး နိုင်ပွဲ ၃၀ ပွဲရရှိထားကာ တစ်ပွဲသရေ ရလဒ်ထွက်ပေါ်ပြီး ရှုံးပွဲမရှိသေးသည့် ကမ္ဘာ့ချန်ပီယံလက်ဝှေ့သမားတစ်ဦးဖြစ်ကြောင်း သိရသည်။

Ref : RT
Trs : AZL



# ချဲလ်ဆီးခံစစ်ကစားသမား ရီနာတိုဗီအီဂါကိုခေါ်ယူရန် ဗီလာရီးရဲလ်အသင်း သဘောတူညီမှုရရှိ

**မက်ဒရစ် ဩဂုတ် ၂၁**

ဗီလာရီးရဲလ် အသင်းသည် ချဲလ်ဆီးအသင်းခံစစ်ပိုင်းမှ ရီနာတိုဗီအီဂါကိုခေါ်ယူရန် ကမ်းလှမ်းခဲ့ရာ ကစားသမားနှင့် နှစ်ဖက်သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

ဗီအီဂါသည် ပြီးခဲ့သည့်ဘောလုံးရာသီက ဂျူဗင်တပ်အသင်းသို့အငှားစာချုပ်ဖြင့် သွားရောက်ကစားခဲ့ရပြီး အသင်းနှင့်ပြန်လည်ပူးပေါင်းချိန်တွင် ချဲလ်ဆီးအသင်းက အပြီးသတ်ရောင်းချရန် ဆုံးဖြတ်ခဲ့သောကြောင့် ဗီလာရီးရဲလ်အသင်းက ပြောင်းရွှေ့ကြေး ယူရို ၂၄ သန်းဖြင့် ကမ်းလှမ်းခဲ့ချိန်တွင် ပြောင်းရွှေ့ရန် ဆုံးဖြတ်ခဲ့သည်။

လက်ရှိတွင် ကလပ်အသင်းနှစ်ခုကြား သဘောတူညီမှုရရှိခဲ့သော်လည်း ချဲလ်ဆီးအသင်းက ပြောင်းရွှေ့ကြေးကို ယူရို သန်း ၃၀ ထိ အလိုရှိနေသောကြောင့် ပြောင်းရွှေ့ကြေးညှိနှိုင်းရန်အတွက် ဆက်လက်ဆွေးနွေးမှု ပြုလုပ်နေရသည်။

အသက် ၂၂ နှစ်ရှိ ခံစစ်ကစားသမားသည် ပြီးခဲ့သည့်နှစ် နွေရာသီအပြောင်းအရွှေ့ကာလက ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဖြင့်ရောက်ရှိခဲ့သော်လည်း အသင်းအနေဖြင့် ပွဲကစားခွင့်မပေးနိုင်သောကြောင့် ဂျူဗင်တပ်အသင်းသို့ အငှားစေလွှတ်ခဲ့ရပြီး လက်ရှိတွင် ပြန်လည်ရောင်းချသွားမည်ဖြစ်သည်။

ဗီအီဂါသည် ဗဟိုခံစစ်ပိုင်းတွင်သာမက တောင်ပံခံစစ်ပိုင်းတွင်ပါ ကစားနိုင်သည့်အတွက် ချန်ပီယံလိဂ်ပြိုင်ပွဲကစားရမည့် ဗီလာရီးရဲလ်အသင်း ကစားကွက်ပိုင်းအတွက် အလိုရှိနေသည့် ကစားသမားဖြစ်ပြီး ၎င်းကလည်း လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပေါ်တူဂီအသင်း ခံစစ်ပိုင်းတွင် ပါဝင်ကစားခွင့်ရရှိရန်အတွက် ပုံမှန်ပွဲကစားခွင့်ရရှိမည့်ဗီလာရီးရဲလ်အသင်းသို့ပြောင်းရွှေ့မည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : ML

## အားကစားသတင်းအတိုအထွာများ

- မက္ကဆီကိုကလပ် တီဂရီအမျိုးသမီးအသင်းမှ အမေရိကန်ကလပ် အော်လန်ဒိုပရိုက်အမျိုးသမီးအသင်းသို့ ပြောင်းရွှေ့ကြေးအမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းဖြင့်ပြောင်းရွှေ့ခဲ့သည့် ကွင်းလယ် တိုက်စစ်ကစားသမား အိုဗယ်လီသည် အမျိုးသမီးဘောလုံးသမိုင်းတွင် ပြောင်းရွှေ့ကြေး အများဆုံးကစားသမားအဖြစ် စံချိန်သစ်တင်နိုင်ခဲ့ကြောင်း သိရသည်။
- ဘုန်းမောက်အသင်းက လေဗာကူဆင်အသင်းမှ တောင်ပံကစားသမားအက်ဒလီကို ပြောင်းရွှေ့ကြေး ယူရို ၂၅ သန်းဖြင့် ခေါ်ယူခဲ့ပြီး ငါးနှစ်စာချုပ်ချုပ်ဆိုနိုင်ခဲ့သောကြောင့် ယခုနွေရာသီတွင် ကစားသမားသစ် ငါးဦးထိ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။
- ချဲလ်ဆီးအသင်းက စထရာဘော့အသင်းမှ အသက် ၂၁ နှစ်ရှိ ကွင်းလယ်ကစားသမား အန်စီကိုကို ပြောင်းရွှေ့ကြေး ယူရိုသန်း ၂၀ ဖြင့်ခေါ်ယူနိုင်ခဲ့သော်လည်း လာမည့်နှစ် ၂၀၂၆ ခုနှစ်မှ အသင်းနှင့်ပူးပေါင်းရန် သဘောတူခဲ့ကြောင်း သိရသည်။ ML

# ကစားသမားဘဝတစ်လျှောက် ပွဲအများဆုံးကစားခဲ့သည့် ကစားသမားအဖြစ် ဖလူမီနန်စီအသင်းဂိုးသမား ဖေဘီယိုမှတ်တမ်းဝင်

**ရောမ ဩဂုတ် ၂၁**

ကိုပါဆူဒါမာရီကာနာ ဖလားပြိုင်ပွဲအဖြစ် ဖလူမီနန်စီအသင်းနှင့် အမေရိကဒီကာလီအသင်းတို့ ကစားခဲ့သည့်ပွဲစဉ်တွင် ဖလူမီနန်စီအသင်းအတွက် ပါဝင်ကစားပေးခဲ့သည့် ဂိုးသမားဖေဘီယိုသည် ကစားသမားဘဝတွင် ပွဲအများဆုံးပါဝင်ကစားခဲ့သည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။

အသက် ၄၄ နှစ်ရှိ ဖလူမီနန်စီဂိုးသမားဖေဘီယိုသည် အဆိုပါပွဲစဉ်တွင် ပါဝင်ကစားခဲ့ပြီးနောက် ကစားသမားဘဝပွဲပေါင်း ၁၃၉၁ ပွဲထိရှိလာခဲ့ပြီး ကမ္ဘာ့ဘောလုံးလောကတွင် ပွဲအများဆုံးကစားထားသည့် အင်္ဂလန်အသင်းဂိုးသမားရှယ်တန်၏ စံချိန်ကို ကျော်ဖြတ်နိုင်ခဲ့ကာ ရှယ်တန်အနေဖြင့် ပွဲပေါင်း ၁၃၉၀ပွဲသာရှိခဲ့သောကြောင့် ဖေဘီယိုက လေးပွဲအသာဖြင့် ပွဲအများဆုံးစံချိန်ကို ရရှိခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ဘောလုံးသမိုင်းတွင် ပွဲအများဆုံးကစားခဲ့သည့် ကစားသမားများမှာ ဂိုးသမားဖေဘီယိုနောက်တွင် ဂိုးသမားရှယ်တန်က ၁၃၉၀ ပွဲဖြင့် ဒုတိယ၊ တိုက်စစ်မှူး စီရော်နယ်ဒိုက ပွဲပေါင်း ၁၂၈၇ပွဲဖြင့် တတိယ၊ ပေါလ်ဘက်စတော့က ပွဲပေါင်း ၁၂၈၄ပွဲဖြင့် စတုတ္ထ၊ရော်ဂျီယိုဆန်နီက ပွဲပေါင်း ၁၂၂၆ ပွဲဖြင့် ပဉ္စမနေရာတွင် ရပ်တည်နေသော်လည်း အဆိုပါ ကစားသမားများထဲတွင် တိုက်စစ်မှူးစီရော်နယ်ဒိုတစ်ဦးသာ ကစားသမားအဖြစ် ဆက်လက်ရှိနေကြောင်း သိရသည်။




အဆိုပါပွဲစဉ်တွင် ဖလူမီနန်စီအသင်းအတွက် ပါဝင်ကစားပေးခဲ့သည့် ဂိုးသမားဖေဘီယိုသည် ကစားသမားဘဝ နောက်ဆုံးပွဲစဉ်ဖြစ်ခဲ့သည့်အတွက် ပွဲအပြီးတွင် ၎င်းကို ပွဲအများဆုံးကစားခဲ့သည့် အမှတ်တရတံဆိပ်ကို ပေးအပ်ခဲ့ပြီး ဖလူမီနန်စီအသင်းအနေဖြင့် ပြိုင်ဘက်အသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် နိုင်ပွဲရယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn
Trs : ML

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

**အုန်းလွင်လေး(သစ်တော)**

တောပင်ကို တော်တော်ခုတ်ကြပ့်ါ
တောပြုတ်လိမ့် နောက်နောင်။
တောခုတ်လို့ တောပြောင်
မိုးခေါင်တော့မှာပဲ။
မိုးခေါင်လို့ ရေမကြွယ်
သဲပင်လယ် ဖြစ်လိမ့်မလွဲ။

အမျိုးသားစာဆို ကဗျာဆရာကြီးဇော်ဂျီ၏ ကဗျာတစ်ပုဒ်မှဖြစ်သည်။ ၁၉၅၉ ခုနှစ် နိုဝင်ဘာလထုတ်မြဝတီမဂ္ဂဇင်းတွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်၍ အလွန်ခေတ်ရှေ့ပြေးသောရေးသားဖွဲ့ဆိုချက်ဟုဆိုရမည်။ အမြော်အမြင်ကြီးမားစွာ သတိပေးနှိုးဆော်ခဲ့သည်ဟုလည်း ဆိုနိုင်သည်။

ယနေ့အချိန်တွင် ကမ္ဘာတစ်ဝန်း ရေကြီးခြင်း၊ လျှေင်လျှပ်ခတ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြစ်ချောင်းများတိမ်ကောမှုကြောင့် ရေကြီးမှုများဖြစ်ပေါ်လာခြင်း စသည်ဖြင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကြောင့်ဖြစ်ပေါ်လာရသည့် ဘေးအန္တရာယ်များကို မကြာခဏရင်ဆိုင် ကြုံတွေ့နေကြရသည်။

မြန်မာနိုင်ငံ၌လည်း လွန်ခဲ့သည့်နှစ်က နိုင်ငံအတွင်း မုန်တိုင်းမိုးကြောင့် ရေကြီးရေလျှံမှုများကို ခါးသီးစွာ ခံစားခဲ့ရသည်။ ထို့အတူ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ များစွာဖြစ်ပေါ်ခဲ့ရသည်။ သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးမှုများမှာ လူသားများကြောင့် ပျက်စီးမှုများရှိသကဲ့သို့ သဘာဝတရားကြီး၏ Climate Change ပြောင်းလဲမှုများကြောင့် ထိခိုက်မှုများလည်းရှိနေသည်။ ထို့ကြောင့် အသိဉာဏ်ရှိသည့် လူသားများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို တတ်နိုင်သမျှထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

ယနေ့ကမ္ဘာ့လူသားများ၏ စားဝတ်နေရေးနှင့် အသက်ရှင်ရပ်တည်နိုင်ရေးကို အနှောင့်အယှက်မဖြစ်စေရန်၊ ကောင်းမွန်သောအနာဂတ် ကမ္ဘာကို နောင်လာနောက်သားများအတွက် ထားရှိပေးနိုင်ရန်တို့ကိုလည်း အလေးထားဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ သဘာဝကပေးထားသည့် စိမ်းလန်းစိုပြည်မှုများမပျက်စီးစေရန် လူသားများကပင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်လျော့နည်းလာသည့်အခါတွင်လည်း လူသားများကပင် ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ် မတ် ၃၀ ရက်က ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ၌ ပတ်ဝန်းကျင်ဆိုသည်မှာ "မြေထု၊ ရေထု၊ လေထု၊ ရာသီဥတု၊ အသံ၊ အနံ့၊ အရသာတို့ပါဝင်သည့် လူသားတို့ဝန်းကျင်ရှိ ရုပ်ပိုင်းဆိုင်ရာအကြောင်းအချက်များကိုလည်းကောင်း၊ တိရစ္ဆာန်နှင့် အပင်အမျိုးမျိုးတို့၏ သက်ရှိဇီဝဆိုင်ရာအကြောင်းအချက်များကိုလည်းကောင်း၊ သမိုင်း၊ ယဉ်ကျေးမှု၊ လူမှုရေးနှင့် ပသာဒအလှအပဆိုင်ရာ အကြောင်းအချက်များကိုလည်းကောင်းဆိုသည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

လူသားများ ဖန်တီးပြုလုပ်ထားခြင်းမဟုတ်ဘဲ သဘာဝအတိုင်းဖြစ်ပေါ်နေသည့် သဘာဝပတ်ဝန်းကျင်နှင့် လူတို့၏ပယောဂဖြင့် ဖန်တီးထားသောပတ်ဝန်းကျင်တို့ပါဝင်သည်။ သဘာဝပတ်ဝန်းကျင်သည် သဘာဝတွင်သာတည်ရှိပြီး လူတို့ဖန်တီးထားသည့်ပတ်ဝန်းကျင်ကို လူ့ပတ်ဝန်းကျင်တွင် တွေ့ရမည်ဖြစ်သည်။

ပတ်ဝန်းကျင်တွင် ဤကမ္ဘာမြေ သို့မဟုတ် ကမ္ဘာမြေဝန်းကျင် သို့မဟုတ် ကမ္ဘာမြေအစိတ်အပိုင်းများရှိ တိရစ္ဆာန်၊ အပင်နှင့် သဘာဝသယံဇာတအရင်းအမြစ်များ စသည်တို့အပြင် လူတို့ဖန်တီးပြုလုပ်ထားသောအရာများပါဝင်သည့် သဘာဝသည် ဟန်ချက်ညီမျှနေမှသာ သဘာဝနှင့်လူသားအပါအဝင် သက်ရှိများရေရှည်တည်တံ့နေမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံသားများ၏ လူမှုအဆင့်အတန်းမြင့်မားရေးအတွက်

**❖ ယနေ့ကမ္ဘာ့လူသားများ၏ စားဝတ်နေရေးနှင့် အသက်ရှင်ရပ်တည်နိုင်ရေးကို အနှောင့်အယှက်မဖြစ်စေရန်၊ ကောင်းမွန်သောအနာဂတ် ကမ္ဘာကို နောင်လာနောက်သားများအတွက် ထားရှိပေးနိုင်ရန်တို့ကိုလည်း အလေးထားဂရုပြုဆောင်ရွက်ကြရမည်ဖြစ်သည်။ သဘာဝကပေးထားသည့် စိမ်းလန်းစိုပြည်မှုများမပျက်စီးစေရန် လူသားများကပင် ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်လျော့နည်းလာသည့်အခါတွင်လည်း လူသားများကပင် ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်ဖြစ်သည်။ ❖**

အခြေခံသည့်အကြောင်းများအနက် အရည်အသွေးကောင်းသည့်ပတ်ဝန်းကျင်နှင့် ပေါများကြွယ်ဝသည့် သဘာဝသယံဇာတပိုင်ဆိုင်မှုလည်း ပါဝင်သည်။ ပတ်ဝန်းကျင်ကောင်းကိုထိန်းသိမ်း၍ ထိခိုက်မှုမရှိအောင် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ သဘာဝသယံဇာတများကို အရှည်သဖြင့် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်စွမ်းရှိမည်ဖြစ်သည်။

ပတ်ဝန်းကျင်ထိခိုက်ပျက်စီးရသည့် အခြေခံအကြောင်းရင်းသည် လူနှင့်သဘာဝဘေးအန္တရာယ်များကြောင့်ဖြစ်ရာ ပတ်ဝန်းကျင်ကောင်းဖြစ်စေရန်အတွက် လူတို့ကပင် ဖန်တီးရမည်ဖြစ်သကဲ့သို့ ကောင်းမွန်သည့်ပတ်ဝန်းကျင်သည် သဘာဝဘေးအန္တရာယ်များကို တားဆီးပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံသားများသည် ဘိုးဘေးဘီဘင်တို့လက်ထက်ကပင် ဘဝပေးအသိဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအပေါ်အလေးထားခဲ့ကြသည်။ နမူနာတင်ပြပါအံ့။ ကျေးရွာတစ်ရွာတွင် သာမှု၊ နာမှုကိစ္စအတွက် ကြော်လှော်ရာတွင် ညော်နံ့ကြောင့် ပတ်ဝန်းကျင်အနှောင့်အယှက် မဖြစ်အောင် ရွာပြင် လယ်ကွင်းစပ် လူသူနှင့်ဝေးရာနေရာတွင် ကြော်လှော်ခြင်း၊ အိမ်နားနီးချင်းအိမ်များမှ ညော်နံ့ကြောင့် ဘေးဥပဒ်မဖြစ်စေရေး တားဆီးကာကွယ်ရှောင်ရှားနိုင်ရန်အတွက် "ညော်မယ်ဗျိုး"ဟု ကြိုတင် ဟစ်အော်သတိပေးခြင်းများရှိခဲ့သည်။

ကျောင်းသင်ခန်းစာများ၌ "အိမ်လမ်းရွာကျောင်း၊ သန့်ရှင်းကြောင်း၊ စုပေါင်းအမှိုက်သိမ်း" ကဲ့သို့ ဖတ်မှတ်လွယ်သော ကဗျာစာသားများဖြင့် ရေးယခင်ကတည်းကပင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးခြင်းမျိုးကို အခြေခံပညာ မူလတန်းအဆင့် သူငယ်တန်းကလေးများကို စတင်သင်ကြားခဲ့သည်။

မျက်မှောက်ခေတ်တွင် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အဆင့်မြင့်တက္ကသိုလ်ဖွင့်လှစ်ခြင်း၊ ပြည်ပနိုင်ငံများသို့ ပတ်ဝန်းကျင်ဆိုင်ရာ အထူးပြုဘာသာရပ်များ လေ့လာသင်ယူစေပြီး ပညာရှင်များမွေးထုတ်ပေးခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနဖွဲ့စည်းခြင်းတို့ဖြင့် အလေးထားဆောင်ရွက်လျက်ရှိသည်။

ပြည်သူလူထု၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးအတွက် သန့်ရှင်းသော ပတ်ဝန်းကျင်၊ ကောင်းမွန်သောဂေဟစနစ်တို့ကို ထိန်းသိမ်းရန်မျှော်မှန်း၍ နိုင်ငံတကာတွင် မြန်မာနိုင်ငံ အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒကိုချပြပြီး ပတ်ဝန်းကျင်ရေးရာများကို အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် နိုင်ငံအချင်းချင်းအကြားတွင်လည်းကောင်း၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း၊ အစိုးရမဟုတ်သောအဖွဲ့အစည်း၊ ပုဂ္ဂလိကတို့နှင့်ပူးပေါင်းဆောင်ရွက်မှုကိုလည်းကောင်းမြှင့်တင်ပြီး ထဲထဲဝင်ဝင်ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၄၅ အရ "နိုင်ငံတော်သည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ရမည်"ဟု ပြဋ္ဌာန်းထားသလို ပုဒ်မ ၃၉၀ (ခ) အရ "နိုင်ငံသားတိုင်းသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကိစ္စရပ်တွင် နိုင်ငံတော်အားကူညီရန် တာဝန်ရှိသည်" ဟု ထည့်သွင်းပြဋ္ဌာန်းထားသည်။ အဆိုပါပြဋ္ဌာန်းချက်များမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပတ်ဝန်းကျင်ထိန်းသိမ်းရေးစီမံခန့်ခွဲမှုတွင် အမြင့်ဆုံးသော ကတိကဝတ်ကိုဖော်ပြနေခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို နိုင်ငံသားတိုင်း လည်းပါဝင်စေရန် တာဝန်မျှဝေထားရာ နိုင်ငံသားတိုင်းကလည်းမိမိတို့၏ ပစ္စုပ္ပန်အနာဂတ်အကျိုးအတွက် ပတ်ဝန်းကျင်ဆိုင်ရာနိုးကြားတက်ကြွသောအသိများဖြင့် "ဥစ္စာရင်လို ဥစ္စာရင်ခဲ" စွမ်းဆောင်ရည်ပြည့်ဝစွာပူးပေါင်းပါဝင်ရန်လိုအပ်သည်။ လက်တွေ့အလုပ်များဖြင့် သက်သေထူကြရန်လည်း လိုအပ်လှသည်။

အလျဉ်းသင့်၍ လူနှင့်ပတ်ဝန်းကျင်၌ ကောင်းမွန်သည့်အခြေအနေဖြစ်စေရန် ထင်ဟပ်ပုံဖော်နေသည့် ယခင်ပထမတန်း မြန်မာဖတ်စာပါ ပျဉ်းမနားမောင်နီသင်း ရေးစပ်သီဖွဲ့သည့် "ဆုတောင်း" ကဗျာလေးအား ကူးယူဖော်ပြလိုပါသည်။

**"ဆုတောင်း"**

စပါးဝါရွှေ ဝင်းပါစေ
ပန်းတွေ သင်းပါစေ၊
ငှက်ကလေးတွေ မိုးတိမ်ကြား
ပျံနိုင်ကြစေသား။
နေရောင်ခြည်လည်း ဖွေးပါစေ၊
လေပြည်အေးပါစေ၊
ချစ်မိတ်ဆွေ ပေါင်းဖော်များ
ကျန်းမာကြစေသား။

သဘာဝပတ်ဝန်းကျင် ကောင်းမွန်ခြင်းသည် ရာသီဥတုကို ညီညွတ်မျှတစေသည်။ ရာသီဥတုညီညွတ်မျှတသော မြေဆီလွှာကောင်းသည် ကောက်ပဲသီးနှံတို့ကို ဖြစ်ထွန်းစေသည်။ စားရေရိက္ခာတို့ကို ပြည့်စုံစေသည်။ သစ်ပင်ပန်းမန်တို့ကို ဖူးချိန်တန်ဖူး ပွင့်ချိန်တန်ပွင့်ဖြင့် ရာသီစက်ဝန်းမှန်စွာ အကျိုးပြုစေသည်။ ဖြစ်ထွန်းအောင်မြင်စေသည်။ ကျေးငှက်သာရကာအပါအဝင် ဇီဝမျိုးစုံမျိုးကွဲတို့ကို ကြွယ်ဝစေသည်။ နွေးထွေးသောနေရောင်ခြည်၊ အေးမြသန့်စင်သော လေပြည်လေညင်းတို့ကို ဖြစ်ပေါ်စေသည်။ အပူအအေးလွန်ကဲမှုဖြစ်ပေါ်ခြင်း၊ လေပြင်းမုန်တိုင်းတိုက်ခတ်ခြင်း၊ မိုးခေါင်ခြင်း၊ ရေကြီးခြင်း အစရှိသည့်သဘာဝဘေးတို့ကို လျော့ကျစေနိုင်သည်။ ကောင်းမွန်သောဂေဟစနစ် ဝန်ဆောင်မှုတန်ဖိုးကို အများအပြားပေးစွမ်း၍ လူတို့ကိုစိတ်ရွှင်လန်းစေ ကိုယ်ကျန်းမာစေသည်။ လူမှုစီးပွားဘဝများတိုးတက်လာစေ၍ လူနေမှုအဆင့်အတန်း တိုးတက်မြင့်မားစေသည်။ ကောင်းမွန်သော ပတ်ဝန်းကျင်ကြောင့် နေရာဒေသအလိုက်ရှိ နိုင်ငံသားတစ်ဦးချင်းစီမှသည် မိသားစုတိုင်း၊ အဖွဲ့အစည်းတိုင်း ကိုယ်စိတ်ချမ်းသာကြလျှင်ဖြင့် နိုင်ငံတော်ကြီးလည်း အေးချမ်းသာယာလာမည်မှာ မလွဲဧကန်ပင်ဖြစ်ပါသဖြင့် "နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့"ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

**မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ**

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# ရမ္မက် ဇာတ်လမ်းတွဲကို Mahar Application က မူပိုင်ဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်သွားမည်




ရန်ကုန် ဩဂုတ် ၂၁

အောင်သီရိ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် ရမ္မက် ဇာတ်လမ်းတွဲကို Mahar Application က မူပိုင်ဇာတ်လမ်းတွဲအဖြစ် HD Quality ဖြင့် စက်တင်ဘာလ ပထမပတ်အတွင်း ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသူ ယုသန္တာတင်ထံမှ သိရသည်။

အဆိုပါ ရမ္မက် ဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို လူညီချော၊ ဇာဏ်တို့က ရေးသားထားပြီး ဇာတ်ညွှန်းကို သီလံ၊ ဇာဏ်တို့က ရေးသားထားကာ ဒါရိုက်တာ မယ်မင်းဘုံက အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူရိုက်ကူး ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

" ရမ္မက် ဇာတ်လမ်းတွဲဟာ ပရိသတ်တွေ မြင်နေကျ ဇာတ်လမ်းတွေနဲ့ကွဲထွက်တဲ့ ဇာတ်အိမ်ကြီးကြီး၊ ဇာတ်ကောင် များများနဲ့ မြိုင်မြိုင်ဆိုင်ဆိုင် ကြည့်ရှုရမဲ့ ဇာတ်လမ်းတွဲလေး ဖြစ်ပါတယ်။ အလိုရမ္မက်ကြီးမားတဲ့ အထက်တန်းလွှာမိသားစုရဲ့ အမွေအရှုပ်တော်ပုံနဲ့ ထူးထူးခြားခြား အိမ်ဖော်တွေရဲ့ ပြိုင်ဆိုင်မှုတွေကို မြင်တွေ့ရမဲ့ ဇာတ်လမ်းတွဲလေး ဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ မိသားစုထဲမှာ အလတ်မလေး ဖြစ်ပြီး အလိုမကျ၊ လောဘကြီး၊ လူတွေအပေါ် မကောင်းမြင်တတ်တဲ့ ခင်ဝတီအဖြစ် သရုပ်ဆောင်ထားပါတယ် " ဟု သရုပ်ဆောင် ယုသန္တာတင်က ပြောပြသည်။

ရမ္မက် ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်အောင်၊ ထက်အောင်ရှိန်း၊ မျိုးဇေယျာဝင်း၊ အာပူကြူး၊ ခိုင်နှင်းဝေ၊ ယုသန္တာတင်၊ သွန်းဆက်၊ မေဂရေ့စ်၊ ဆုအိမ့်စံ၊ သင်းသဲဗို၊ ရွှေပုံ၊ လင်းလက်ခွန်းချို၊ ဝါဝါအောင်၊ စနိုးစံနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# The last Photograph ဇာတ်ကားကို ယခုလကုန်တွင် စတင်ရိုက်ကူးမည်

နယူးယောက် ဩဂုတ် ၂၁

ကမ္ဘာကျော် ဒါရိုက်တာ ဇက်ရှနိုက်ဒါသည် The last Photograph အမည်ရှိ စစ်ပွဲနောက်ခံ ဒရာမာဇာတ်ကားသစ်ကို ယခုလကုန်ပိုင်းတွင် စတင်ရိုက်ကူးမည် ဖြစ်ကြောင်း ဩဂုတ် ၂၀ ရက် သတင်းများတွင် ရေးသား ဖော်ပြထားသည်။

The last Photograph ဇာတ်ကားသည် ၂၀၀၀ ပြည့်နှစ်ကာလများကပင် ထုတ်လုပ်မှု စတင်ခဲ့သည့် ရုပ်ရှင်ဇာတ်ကားဖြစ်သည်။

The last Photograph ဇာတ်ကားတွင် မင်းသား စတူးဝပ်မာတင်နှင့် ဖရာဖရီးတို့ပါဝင် သရုပ်ဆောင်မည်ဖြစ်သည်။

မင်းသား စတူးဝပ်မာတင်နှင့် ဖရာဖရီးတို့နှစ်ဦးစလုံးသည် ဇက်ရှနိုက်ဒါ၏ Rebel Moons ဇာတ်ကား၌ သရုပ်ဆောင်ခဲ့ဖူးကြသူများဖြစ်သည်။

ဇက်ရှနိုက်ဒါသည် The last Photograph ဇာတ်ကားကို ကိုလံဘီယာ၊ အိုက်စလန်နှင့် လေ့ဇ်အိန်ဂျလိစ်အပါအဝင် ကမ္ဘာအနှံ့ ရိုက်ကွင်းများ၌ ရိုက်ကူးမည် ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇက်ရှနိုက်ဒါကိုယ်တိုင် ရေးသားထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# တေးသံရှင် အောင်ထက်၊ ကေကေမိုး၊ ယွန်းမြတ်သူတို့၏ တေးဂီတဖျော်ဖြေပွဲကို ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar တွင် ပြုလုပ်မည်ဖြစ်




ရန်ကုန် ဩဂုတ် ၂၁

တေးသံရှင် အောင်ထက်၊ ကေကေမိုး၊ ယွန်းမြတ်သူတို့၏ တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theatre Bar ၌ ဩဂုတ် ၂၃ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် အောင်ထက်ထံမှ သိရသည်။

အဆိုပါတေးသံရှင်အောင်ထက်၊ ကေကေမိုး၊ ယွန်းမြတ်သူတို့၏ တေးဂီတဖျော်ဖြေပွဲကို The Square Theatre & The Concert က စီစဉ်ခြင်းဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို The Concert Music Band တေးဂီတအဖွဲ့က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ ဩဂုတ် ၂၃ ရက် ညမှာ မန္တလေးက The Square Theatre Bar မှာ ကျွန်တော်တို့ ဖျော်ဖြေပွဲ ရှိပါတယ်။ ကျွန်တော်နဲ့အတူ ကေကေမိုးနဲ့ ယွန်းမြတ်သူတို့လဲ ပါဝင်ပြီး သီဆိုဖျော်ဖြေပေးမှာပါ။ သီချင်းတွေ တဝကြီးသီဆိုပေးမှာမို့ လက်မလွတ်စေချင်ပါဘူး"ဟု တေးသံရှင် အောင်ထက်က ပြောပြသည်။

တေးသံရှင် အောင်ထက်၊ ကေကေမိုး၊ ယွန်းမြတ်သူတို့၏ တေးဂီတဖျော်ဖြေပွဲကို The Square Theatre Bar တွင် ဩဂုတ် ၂၃ ရက် ည ၇ နာရီမှ စတင်ကာ ဖျော်ဖြေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# Ink ရုပ်ရှင်ဇာတ်ကား၌ မင်းသား ဂိုးပီးရက် ပါဝင်ဖွယ်ရှိ

နယူးယောက် ဩဂုတ် ၂၁

Studiocanal ရုပ်ရှင် ကုမ္ပဏီ၏ Ink အမည်ရှိ ရုပ်ရှင်ဇာတ်ကားသစ်တွင် မင်းသား ဂိုးပီးရက်ပါဝင်ဖွယ်ရှိကြောင်း ဩဂုတ် ၂၀ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် Ink ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်ရန်အတွက် မင်းသား ဂိုးပီးရက်သည် ထုတ်လုပ်သူများနှင့် ဆွေးနွေးနေဆဲဖြစ်ကြောင်း သိရသည်။

အပြီးသတ် သဘောတူညီချက် ရရှိခဲ့ပါက မင်းသား ဂိုးပီးရက်သည် Ink ဇာတ်ကား၌ မင်းသား ဂျက်အိုကွန်နဲနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Ink ဇာတ်ကားတွင် မင်းသား ဂိုးပီးရက်သည် အမေရိကန်မီဒီယာ သူဌေးကြီး ရူးပတ်မာဒော့အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။

Ink ဇာတ်ကားကို ဒါရိုက်တာ ဒန်နီဘွိုင်းက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဂျိမ်းဂရေဟမ်က ရေးသားပေးထားကြောင်း သိရသည်။

အမေရိကန်မီဒီယာ သူဌေးကြီး ရူးပတ်မာဒော့နှင့် သည်ဆန်းသတင်းစာတို့အကြောင်းကို ဇာတ်အိမ်တည်ထားသည့် Ink ဇာတ်ကားကို ယခုနှစ် အောက်တိုဘာလတွင် စတင်ရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# ပျောက်ဆုံးခြင်း၏နောက်ကွယ် ရုပ်သံဇာတ်လမ်းတွဲကို HEY Play Application နှင့် Channel 7 ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည်

ရန်ကုန် ဩဂုတ် ၂၁

ပျောက်ဆုံးခြင်း၏နောက်ကွယ် ရုပ်သံဇာတ်လမ်းတွဲကို HEY Play Application နှင့် Channel 7 ရုပ်သံလိုင်းမှ စက်တင်ဘာလ ပထမပတ်တွင် ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် အဓိက သရုပ်ဆောင်အဖြစ် ပါဝင်ထားသူ ခြူးလေးထံမှ သိရသည်။

အဆိုပါ ပျောက်ဆုံးခြင်း၏နောက်ကွယ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို အောင်ချမ်းလူက ခံစားရေးဖွဲ့ထားပြီး ယင်းမာကျော်ဝင်းက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာအောင်ချမ်းလူက Picture Power 24 FilmProduction အတွက် တာဝန်ယူပုံဖော်ရိုက်ကူးပေးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းတွဲက ဖြစ်ရပ်မှန်ကို အခြေခံရိုက်ကူးထားတဲ့ မှုခင်းဖြစ်ရပ်မှန် ဒရာမာဇာတ်လမ်းတွဲဖြစ်တဲ့အတွက် ထူးခြားတဲ့ ဇာတ်လမ်းတွဲလေးဖြစ်ပါတယ်။ ဒီဇာတ်လမ်းတွဲမှာတော့ စိတ်ဝင်စားစရာ ဒေသတွေနဲ့ ဖြစ်ရပ်မှန်အကြောင်းအရာတွေကို လိုက်လံလေ့လာပြီး တင်ဆက်ပေးနေတဲ့ Story in Myanmar Channel ရဲ့ ပွဲကိုင်ရှင် နန်းခင်အဖြစ် သရုပ်ဆောင်ထားပါတယ်။ စက်တင်ဘာလ ပထမပတ်ထဲမှာ HEY Play Application နဲ့ Channel 7 ရုပ်သံလိုင်းကနေ တစ်ပြိုင်နက်တည်း ထုတ်လွှင့်သွားမှာပါ" ဟု သရုပ်ဆောင် ခြူးလေးက ပြောပြသည်။

ပျောက်ဆုံးခြင်း၏နောက်ကွယ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ်ထွန်းထွန်း၊ ရဲထွဋ်မင်းခေါင်၊ ခြူးလေးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Pwintbyu Township strives to meet target cultivation of paddy



Farmers cultivating paddy in a field.

**Pwintbyu August 21**

According to Pwintbyu Township Agriculture Department, local authorities and farmers are joining hands in striving to meet the target cultivation of rainfed paddy which has been planted on 27,409 acres of farmlands in Pwintbyu Township of Magway Region this year.

In Pwintbyu Township, it is planned to cultivate 69,999 acres of paddy during this year's monsoon crop season. Planting began in July, and as of today, a total of 27,409 acres have been completed against the target cultivation. It is reported that efforts are being made in cooperation with local farmers to meet the targeted acreage.

"This year, the target for Pwintbyu Township's monsoon crop season is 69,999 acres of paddy. So far, a total of 27,409 acres have been planted. We are working to meet the target and are also providing farmers with guidance to improve yields. This includes encouraging the use of quality and pure paddy varieties, applying proper cultivation methods, using irrigation systematically, and taking measures to prevent the spread of rice blast disease," said Daw Moe Moe Wai, Head of the Pwintbyu Township Department of Agriculture.

To ensure sufficient rice for consumption and surplus production in Pwintbyu Township this year, the Township Agricultural Productivity Enhancement Supervisory Committee is leading collaborative efforts between the Department of Agriculture, the Department of Agricultural Mechanization, and the Department of Irrigation and Water Utilization Management. These efforts aim to help paddy farmers grow high-yield varieties, follow correct cultivation techniques, and keep crops free from pests and diseases, so that the planned acreage for monsoon paddy can be fully achieved.

Daw Moe Moe Wai added that if paddy can be cultivated to produce higher yields, it will not only meet local consumption needs but also allow the surplus to be sold for income, thereby improving the socio-economic life of the people. Therefore, efforts should be made in every region to expand paddy cultivation.

Ye Win Naing (NyaungU)

# Yinmabin District finishes cultivation of more than 13,000 acres of corns this year

**Yinmabin August 21**

Local farmers have planted more than 13,000 acres of sweet corns as monsoon crops in Yinmabin District of Sagaing Region, according to the data of the district Agriculture Department.

In the 2025–2026 monsoon crop season, Yinmabin District planned to cultivate 27,705 acres of sweet corn. Planting began in May this year, and as of today, 13,463 acres have been completed against the target cultivation.

"This monsoon season, our target for Yinmabin District is over 27,000 acres of sweet corn. So far, more than 13,000 acres have been planted. We are working to meet the full target acreage. To ensure the successful growth of the corn crops, we are providing technical guidance and advice on preventing pest and disease infestations," said Daw Myat Moe Win, Head of the Yinmabin District Department of Agriculture.

This year, Yinmabin Township planted 5,804 acres of sweet corn, Kani Township 2,769 acres, Salingyi Township 215 acres and Pale Township 4,675 acres, totalling 13,463 acres.

In 2025-26 monsoon crop cultivation season, Yinmabin Township earmarked cultivation of 11,500 acres of sweet corn, Kani Township 2,156 acres, Salingyi Township 2,962 acres and Pale Township 11,087 acres, totalling 27,705 acres.

This year in Yinmabin District, the Township Department of Agriculture has been providing training courses and conducting field demonstrations for farmers cultivating seed maize and sweet corn. They are also giving guidance on preventive measures against fall armyworm, implementing integrated pest management systems, and the use of neem-based pesticides, as well as ginger and chili pest-control mixtures, along with other agricultural knowledge.

It is reported that in Yinmabin District, seed maize cultivation yields over 50 baskets per acre, with a cultivation cost of about K500,000 per acre. For sweet corn, the yield is around 15,000 ears per acre, with a cultivation cost exceeding K500,000 per acre.

206

# More than 10,000 acres of groundnut planted in YeU Township this year

**YeU August 21**

This year's statistics of YeU District Agriculture Department mentioned that local farmers have so far planted 11,047 acres of groundnut in YeU Township of Sagaing Region.

In the 2025–2026 monsoon crop season, YeU Township planned to cultivate 11,329 acres of groundnut. Planting began in May this year, and as of today, 11,047 acres have been completed.

"This year, the target for YeU Township's monsoon crop season is 11,329 acres of groundnut, and so far, we have planted 11,047 acres. We are working to meet the full target. Oil crops are generally in good condition, and groundnut cultivation has been improving year by year," said U Zaw Myint Tun, Head of the YeU District Department of Agriculture.

In YeU Township, groundnut cultivation requires about one and a half baskets of seeds per acre, with production costs— including seeds, labour charge, fertilizers, and pesticides— amounting to over K200,000 per acre. The yield is more than 50 baskets per acre.

This year, to ensure the success of groundnut fields, prevent pest and disease outbreaks, and keep crops free from weeds, staff from the Township Department of Agriculture have been conducting field inspections and maintaining surveillance records.

206

# Trump's national intelligence director slashes office workforce

**Washington August 21**

U.S. President Donald Trump's Director of National Intelligence Tulsi Gabbard said Wednesday her office will "reduce bloat by over 40 percent," a move she said would save more than 700 million U.S. dollars annually.

"Over the last 20 years, ODNI (Office of the Director of National Intelligence) has become bloated and inefficient, and the intelligence community is rife with abuse of power, unauthorized leaks of classified intelligence, and politicized weaponization of intelligence," Gabbard said in a statement.

The action is aimed at better enabling the office "to focus on fulfilling its critical role of serving as the central hub for intelligence integration, strategic guidance, and oversight over the Intelligence Community," according to the statement.

ODNI was created after the terrorist attacks on Sept. 11, 2001, exposed systemic failures across the Intelligence Community. Its purpose was to integrate intelligence from and provide oversight over all Intelligence Community elements (currently 18) in order to ensure the intelligence provided to the President and policymakers is timely, accurate, and apolitical, the statement noted.

Xinhua

# West Bank settler expansion scheme threatens Palestinian life: UN



This photo taken on Aug. 14, 2025 shows a view of the E1 area, a stretch of land east of Jerusalem between the city and the settlement of Ma'ale Adumim.

**United Nations August 21**

Israel's West Bank settlement expansion plan negatively affects Palestinians and increases the risk of displacement, UN humanitarians said on Wednesday.

The UN Office for the Coordination of Humanitarian Affairs (OCHA) said the more than 3,000 housing units scheme for settlers as part of the E1 plan would essentially cut off the northern and central West Bank from the south, leading to a devastating humanitarian impact.

OCHA said the wider occupied Palestinian territory (OPT) would feel the effect, with 18 Palestinian Bedouin communities put at a higher risk of displacement.

"This plan also involves the construction of a bypass road diverting Palestinian traffic away from the main Jerusalem-Jericho road," the office said. "In this context, OCHA notes that such roads undermine territorial contiguity, increase travel times, and negatively affect people's livelihoods and access to services."

OCHA also said that a longstanding Israeli plan to encircle the E1 area with additional sections of the wall would further deepen restrictions on movement and access, and run counter to the International Court of Justice's advisory opinion of 2004 that all sections of that security barrier already built within the OPT must be dismantled.

Xinhua

# Pathein Township ships 570,000 pieces of coconuts to Yangon market in July


Photo shows a shipment of coconuts.

**Pathein August 21**

Local businesspersons from Pathein Township of Ayeyawady Region sold 570,000 pieces of coconuts to Yangon market in July, said Daw Thet Thet, the owner of coconut trading commodity in Pathein Township.

From Pathein Township, up to 450,000 coconuts were transported and sold to the Yangon market in June this year. During July, the quantity increased to 570,000 coconuts. It is reported that the fruits fetch K85,000 per 100 coconuts.

"Local products from Pathein Township are mainly transported and sold to the Yangon market. In July, the demand for coconuts was strong, and we managed to sell up to 570,000 coconuts that month. The Yangon market has already placed orders for coconuts for August as well. As trading house owners, we buy coconuts from local coconut growers and transport them to the Yangon market for resale. With rising demand for local coconuts, the growers are doing well," said Daw Thet Thet.

She added that as more coconuts from Pathein Township are being transported and sold to the Yangon market, trading house owners, coconut growers, shop assistants, labourers, and truck rental operators are all benefiting from increased job opportunities and improved livelihoods.

Kyaw Kyaw Lin

# Seintalone mango from Kyaunggon Township in high demand at domestic market

**Kyaunggon August 21**

Trading of Seintalone mango produced by Kyaunggon Township of Ayeyawady Region is high demand at the domestic market, said Daw Ei Ei Aye, the owner of mango trading commodity depot in Kyaunggon Township.

In Kyaunggon Township, Seintalone mangoes have been on sale in the market from 1 August this year up to today, with daily purchases ranging from 8,500 to 15,000 fruits, indicating good market demand. The price for 100 Seintalone mangoes is reportedly as high as K67,000.

"The good sales are because buyers from other townships are actively purchasing the mangoes produced here. The Seintalone mangoes currently on the market are of high quality, and other regions are keen to buy those transported from our area. When there is strong demand for locally produced mangoes like this, not only the mango growers but also the workers and others involved in related businesses benefit," said Daw Ei Ei Aye.

It is noted that this is currently the season for Seintalone mangoes and other local mango varieties in Kyaunggon Township. The high demand for local mangoes has boosted sales, bringing advantages such as trading exclusively in local produce, saving on transportation costs, and ensuring product freshness.

Kyaw Kyaw Lin


Seintalone mangoes.

# Farmers exceed cultivation of pigeon pea as monsoon crops in Kanbalu Township

**Kanbalu August 21**

Cultivation of pigeon pea as monsoon crops were exceeded the target cultivation in Kanbalu Township of Sagaing Region this year, according to the township Agriculture Department.

In the 2025–2026 monsoon crop season, Kanbalu Township had planned to cultivate 115,660 acres of pigeon pea. Planting began in May this year, and as of today, 123,366 acres have been completed.

"This monsoon season, our target for Kanbalu Township was over 110,000 acres of pigeon pea, and as of now, we have already planted more than 120,000 acres, exceeding the target. We are also working to ensure good yields. Farmers in the township grow pigeon pea both as a sole crop and as an intercrop," said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

It is reported that this year, the township's Department of Agriculture has been providing field-level technical guidance to pigeon pea farmers on selecting quality and pure seeds, applying correct cultivation methods, preventing pest risks, and improving yields.

Additionally, the Kanbalu Township Department of Agriculture has been introducing technology for mixing urea with gypsum to help farmers reduce the cost of purchasing foliar fertilizers. The use of urea-gypsum mixtures has been found to lower cultivation costs, keep plants pest-free, and promote healthy growth.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Farmers plant more than 3,000 acres of maize and sweet corns in Katha District

**Katha August 21**

Local farmers have planted more than 3,000 acres of maize and sweet corns in Katha District of Sagaing Region, according to the district Agriculture Department.

In 2025-26 monsoon crop cultivation season, Katha District authorities earmarked cultivation of 3,131 acres of maize and 2,550 acres of sweet corns. So far, local farmers have planted 823 acres of maize and 2,530 acres of sweet corns, totalling 3,353 acres.

"This year, Katha District has planned to cultivate over 5,000 acres of maize and sweet corn. So far, more than 3,000 acres have already been planted. We are working toward achieving the targeted acreage. To ensure successful maize and corn cultivation, we are raising awareness and providing education to prevent pest and disease outbreaks," said Daw Khin Myat Myat Oo, Head of the Katha District Department of Agriculture.

This year, Katha Township grew 698 acres of maize and 908 acres of sweet corn, Indaw Township 955 acres of sweet corn, Htigyaing Township 125 acres of maize and 210 acres of sweet corn, and Banmauk Township 457 acres of sweet corn, totalling 3,353 acres.

Moreover, Katha Township earmarked cultivation of 2,942 acres of maize and 1,725 acres of sweet corn, Indaw Township 61 acres of maize and 500 acres of sweet corn, Htigyaing Township 128 acres of maize and 125 acres of sweet corn, and Banmauk Township 200 acres of sweet corn, totalling 5,618 acres.

This year, farmers cultivating maize and sweet corn in Katha District are receiving training, field demonstrations, and guidance from the township agricultural departments. These include preventative measures against the fall armyworm, integrated pest management techniques using neem-based pesticides, and the use of natural remedies such as ginger and chili against pests, along with general agricultural education.

In Katha District, Maize yields over 50 baskets per acre, with a cultivation cost of approximately K500,000 per acre. Sweet corn yields around 15,000 cobs per acre, with cultivation costs exceeding K500,000 per acre.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အဇာဘိုင်ဂျန်ရေတပ်က တူကီယဲထုတ် Salvo မောင်းသူမဲ့စစ်သင်္ဘောငယ်ကို ထုတ်ဖော်ပြသ



အဇာဘိုင်ဂျန်ရေတပ်သည် ၎င်းတို့၏ Salvo ဟုအမည်ပေးထားသော တူကီယဲနိုင်ငံထုတ် မောင်းသူမဲ့ရေယာဉ်ငယ်ကို စစ်ရေးလေ့ကျင့်မှုတစ်ခုတွင် ထုတ်ဖော်ပြသခဲ့သည်ဟု The Defense Post သတင်းဌာနက ဩဂုတ် ၁၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလုပ်ဆောင်ချက်သည် ရေကြောင်းလုံခြုံရေးအတွက် အခန်းကဏ္ဍသစ်တစ်ခုကိုစတင်လိုက်ခြင်းဖြစ်သည်ဟု စစ်ဘက်လေ့လာအကဲခတ်သူများက မှတ်ချက်ပြုခဲ့ကြသည်။

Dearsan ကုမ္ပဏီထုတ် Salvo မောင်းသူမဲ့ရေယာဉ်ငယ်သည် ကက်စပီယန်ပင်လယ်အတွင်း ရေကြောင်းစွမ်းအင်အခြေခံအဆောက်အအုံများကို ကာကွယ်ရန်ရည်ရွယ်သည့် လက်တွေ့ပစ်ခတ်မှုလေ့ကျင့်မှုတွင် ပထမဆုံးအကြိမ် ပါဝင်ခဲ့ကြောင်း ဘာကူမြို့အခြေစိုက် နိုင်ငံရေးလေ့လာသုံးသပ်သူ Fuad Shahbazov က ၎င်း၏လူမှုမီဒီယာတွင် စစ်ရေးလေ့ကျင့်မှုကို မျှဝေဖော်ပြခဲ့သည်။

အဇာဘိုင်ဂျန်မှ ရေနံနှင့် သဘာဝဓာတ်ငွေ့ တင်ပို့မှုသည် ဥရောပသမဂ္ဂ (EU) သို့ တိုးမြှင့်လာချိန်တွင် ရုရှားနိုင်ငံစွမ်းအင်အပေါ်မှီခိုမှုကို လျှော့ချရန် ဥရောပသမဂ္ဂက ကြိုးပမ်းနေသောကြောင့် ယခုလို စစ်ရေးလေ့ကျင့်မှုများပြုလုပ်ခြင်းဖြစ်သည်ဟု အဇာဘိုင်ဂျန်နိုင်ငံ လေ့လာသုံးသပ်သူ GadirAslan က မှတ်ချက်ပြုခဲ့သည်။ သို့သော်လည်း အဇာဘိုင်ဂျန်ရေတပ်အနေဖြင့် Salvo မောင်းသူမဲ့ရေယာဉ်ငယ် မည်သည့်အချိန်က ဝယ်ယူခဲ့သည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးပေ။

Salvo မောင်းသူမဲ့စစ်သင်္ဘောငယ်သည် ၁၂ ဒသမ ၇ မီလီမီတာ စက်သေနတ်နှင့် ပဲ့ထိန်းဒုံးကျည်စနစ်များတည်ငြိမ်စွာ တပ်ဆင်ထားနိုင်ပြီး အလျင်နှုန်း ၆၀ knots (တစ်နာရီလျှင် ၁၁၁ ကီလိုမီတာ/ ၆၉ မိုင်) ထိ မောင်းနှင်နိုင်စွမ်းရှိသည်။ ၂၀၂၂ ခုနှစ်တွင် ပွဲထုတ်ပြသခဲ့သည့် ဤမောင်းသူမဲ့ရေယာဉ်ငယ်သည် အကွာအဝေး ရေမိုင် ၃၀၀ (ကီလိုမီတာ ၅၅၀/မိုင် ၃၄၅)ခန့်ထိ စစ်ဆင်နိုင်ပြီး ကမ်းခြေအခြေစိုက် ထိန်းချုပ်ရေးစခန်းများနှင့် ရေတပ်ကွပ်ကဲရေးသင်္ဘောများနှစ်ခုလုံးမှ ထိန်းချုပ်မောင်းနှင်နိုင်သည်။

၎င်းကို လုပ်ငန်းစဉ်မျိုးစုံအတွက် ဒီဇိုင်းထုတ်ထားပြီး အဓိကအားဖြင့် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် သတင်းအချက်အလက် စုဆောင်းရေး၊ ရေပြင်နှင့် သမားရိုးကျမဟုတ်သောစစ်ပွဲဆင်နွှဲနိုင်ရေး၊ လက်နက်တပ်ဆင်ထားသည့် အစောင့်လိုက်ပါ ပို့ဆောင်ရေးရေယာဉ်အဖြစ် အသုံးပြုနိုင်ရေး၊ မဟာဗျူဟာမြောက် အဆောက်အအုံများကာကွယ်ရေးစသည့် ရည်ရွယ်ချက်များအတွက် အသုံးပြုနိုင်သည်။

Salvo မောင်းသူမဲ့ရေယာဉ်ငယ်ကို ဒီဇိုင်းပုံစံသုံးမျိုးဖြင့် တွေ့ရှိနိုင်ပြီး ၁၅ မီတာ (၄၉ ပေ) အရှည်ရှိသည့် ထောက်လှမ်းရေးနှင့် စောင့်ကြည့်ရေးအမျိုးအစားနှင့် ၁၁ မီတာ (၃၆ ပေ) အရှည်ရှိသည့် ဒီဇိုင်းပုံစံဖြင့် နှစ်မျိုး စုစုပေါင်း သုံးမျိုးတီထွင် ထုတ်လုပ်ထားခြင်းဖြစ်သည်။ နောက်ထပ်ဒီဇိုင်း နှစ်မျိုးမှာ နှစ်သက်ရာရည်မှန်းချက် တာဝန်များပေးအပ်နိုင်ရန် ပြောင်းလွယ်ပြင်လွယ်ရှိစွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Azerbaijan Debuts Turkish Armed Drone Boat in Caspian Defense Ex–ercise ကို ဘာသာပြန်ဆိုထားပါသည်။**

## အစ္စရေးနိုင်ငံက Iron Beam လေဆာလက်နက်စနစ်ကို ဝေဟင်အခြေပြုကာကွယ်ရေးစနစ်အဖြစ် အဆင့်မြှင့်တင်နေ

အစ္စရေးနိုင်ငံသည် Iron Beam လေဆာလက်နက်စနစ်ကို ဝေဟင်အခြေပြုလေကြောင်းရန်ကာကွယ်ရေးစနစ် အဖြစ်အဆင့်မြှင့်တင်ရာတွင် ခရီးအတော်ရောက်နေပြီဖြစ်ကြောင်း Elbit Systems ကုမ္ပဏီ အမှုဆောင်အရာရှိချုပ်ဖြစ်သူ Mr. Bezhalel Machils က အတည်ပြုပြောကြားခဲ့သည်ဟု Army Recognition သတင်းဌာနက ဩဂုတ် ၂၀ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ကမ္ဘာတစ်ဝန်းတွင် ကုန်ကျစရိတ်သက်သာပြီး တိကျမှုမြင့်မားကောင်းမွန်သော တန်ပြန်ဒရုန်းနှင့် ဒုံးကျည်တိုက်ဖျက်ရေးစနစ်များ အရေးတကြီး လိုအပ်လျက်ရှိရာ ယခုတိုးတက်မှုသည် နိုင်ငံတကာလေတပ်များအနေဖြင့် လေကြောင်းစွမ်းအားအရင်းအမြစ်များကို အသုံးပြု၍ ကာကွယ်ရေးနည်းလမ်း တစ်ခုအဖြစ် အသုံးပြုလာနိုင်ဖွယ်ရှိနေသည်။ အစ္စရေးနိုင်ငံသာမက နိုင်ငံတကာ မိတ်ဖက်ဖောက်သည်နိုင်ငံများထံမှ စိတ်ဝင်စားမှုပါရရှိလာနိုင်ပြီး နောက်လာမည့် မျိုးဆက်သစ်ကာကွယ်ရေး၊ စစ်ဘက်နည်းပညာများတွင် Elbit Systems ကုမ္ပဏီ၏ အခန်းကဏ္ဍကို ပိုမိုခိုင်မာစေမည်ဖြစ်သည်။

Elbit Systems ကုမ္ပဏီ၏ Iron Beam လေဆာလက်နက်စနစ်စီမံကိန်းသည် Rafael ကုမ္ပဏီဦးဆောင်လုပ်ကိုင်နေသည့် ရှိရင်းစွဲ မြေပြင်အခြေစိုက်စနစ်အပေါ်တွင် အခြေခံထားပြီး ၎င်းတွင် အဓိကကျသည့် စွမ်းအားမြင့်လေဆာလှိုင်းထုတ်လွှတ်မှုအပိုင်းကို Elbit Systems ကုမ္ပဏီက တာဝန်ယူထားခြင်းလည်းဖြစ်သည်။ Iron Beam လေဆာလက်နက်စနစ်သည် ဒရုန်းများ၊ ဒုံးကျည်များနှင့် ခရုဇ်ဒုံးကျည်များ၏ လေကြောင်းခြိမ်းခြောက်မှုများကို တိုက်ခိုက်ဖျက်ဆီးနိုင်ရန် ရည်ရွယ်ထုတ်လုပ်ထားခြင်းဖြစ်သည်။

သမားရိုးကျ တိုက်ခိုက်ရေးလက်နက်စနစ်များနှင့် နှိုင်းယှဉ်လျှင် ကုန်ကျစရိတ်သက်သာစေပြီး ခဲယမ်းကန့်သတ်ချက်မရှိ တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ စနစ်ခွဲအစိတ်အပိုင်းများကို ကနဦး ပေးပို့လွှဲပြောင်းမှုများ စတင်လုပ်ဆောင်နေပြီဖြစ်ရာ ယခုနှစ်ကုန်ပိုင်းတွင် တိုက်ပွဲဝင်အသင့်ဖြစ်နိုင်ကြက်အသုံးပြုနိုင်ရေးမျှော်မှန်းထားသည်။ ဤအဆင့်သည် အစ္စရေးနိုင်ငံကို တိုက်လေယာဉ်များတွင် လေဆာလက်နက်စနစ် တပ်ဆင်အသုံးပြုနိုင်မည့် ပထမဦးဆုံးနိုင်ငံ တစ်နိုင်ငံအဖြစ် မှတ်တမ်းဝင်သွားနိုင်စေသည့် အရေးပါသော သမိုင်းမှတ်တိုင်တစ်ခုကိုစိုက်ထူနိုင်စေမည်ဖြစ်သည်။



အဆိုပါ လေဆာလက်နက်စနစ်ကို တီထွင်နိုင်ခဲ့ခြင်းသည် တိုက်ရိုက်စွမ်းအင်သုံးလက်နက်စနစ် နည်းပညာတွင် အစ္စရေးနိုင်ငံ၏ နှစ်ပေါင်းများစွာတိုင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေခြင်း၏ ရလဒ်တစ်ခုလည်းဖြစ်သည်။ Iron Beam လေဆာလက်နက်စနစ်၏ မြေပြင်အခြေစိုက်ဗားရှင်းကို ၂၀၂၂ ခုနှစ် ကတည်းက တိုက်ပွဲဝင်ဖြန့်ကြက်၍ ပစ်မှတ်များကို အောင်မြင်စွာ တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့မှုကို သရုပ်ပြသနိုင်ခဲ့သည်။ ထူးခြားချက်အနေဖြင့် အီရန်နှင့်ဖြစ်ပွားခဲ့သော ပဋိပက္ခအတွင်း၌ပင် လက်တွေ့စစ်ဆင်ရေးများကို တိုက်ပွဲဝင်စမ်းသပ်မှုများပြုလုပ်နိုင်ခဲ့ပြီးဖြစ်ကြောင်း သတင်းများက ဖော်ပြခဲ့ကြသည်။

နည်းပညာဆိုင်ရာ နက်နဲရှုပ်ထွေးမှုများအပြင် Iron Beam လေဆာလက်နက်စနစ်သည် သမားရိုးကျ ဒုံးကျည်စနစ်များထက် မဟာဗျူဟာမြောက် အားသာချက်ကိုပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ Iron Domeတွင် အသုံးပြုလျက်ရှိသော Tamir ဒုံးကျည်ကဲ့သို့ ကုန်ကျစရိတ်များပြားသောကြားဖြတ်တိုက်ခိုက်ရေး ဒုံးကျည်များအပေါ်မှီခိုမှုကို လျှော့ချနိုင်မည်ဖြစ်ကာ ပြင်းထန်သော ပဋိပက္ခများအတွင်း အချိန်ကြာမြင့်စွာ စစ်ဆင်နိုင်စွမ်းကိုပါ ပိုင်ဆိုင်ထားနိုင်ရေးအတွက် အရေးပါသောခြေလှမ်းတစ်ရပ်လည်း ဖြစ်သည်။

အစ္စရေးလေတပ်တွင် မကြာမီ တပ်တော်ဝင်အသုံးပြုနိုင်တော့မည့် အဆိုပါ လေဆာလက်နက်စနစ်သည် နိုင်ငံတော်ကာကွယ်ရေးကို ပိုမိုခိုင်မာစေရုံသာမက တိုက်လေယာဉ်များတွင် လေဆာလက်နက်စနစ်များ အမှန်တကယ် အသုံးပြုနိုင်ရန် ကမ္ဘာလုံးဆိုင်ရာ ပြိုင်ဆိုင်မှု၌ အစ္စရေးနိုင်ငံသည် ဦးဆောင်နိုင်ငံအဖြစ် ပေါ်ထွက်လာစေမည်ဖြစ်ကြောင်း သိရသည်။

**Breaking News: Israel Prepares Airborne Iron Beam Laser Defense System For Future Aerial Deploy–ment.ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၀၅၉ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**စစ်ကိုင်း ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး၁၀၅၉ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် စပါး ၄၀၀၁ ကေ စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၀၅၉ ကေ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ စပါး၄၀၀၁ ကေ စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ ကူညီဆောင်ရွက် ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု စစ်ကိုင်းခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြောင်မြို့နယ်တွင် စပါးစိုက်တောင်သူများအား စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့်ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း ခရိုင်ဦးစီးမှူးဒေါ်သီတာလွင်ကပြောပြ၍ သိရသည်။

(၂၀၆)

# ညောင်တုန်းမြို့နယ်တွင် နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ



**ညောင်တုန်း ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်မှ ဒေသထွက် နေလှန်းဆားများ အရောင်းအဝယ် ကောင်းမွန်နေကြောင်း ညောင်တုန်းမြို့နယ် နေလှန်းဆားရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် နေလှန်းဆားများ ယခုနှစ် ဩဂုတ်လ ဒုတိယပတ်ကစတင်ပြီး ယနေ့ထိ အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ နေလှန်းဆားတစ်ပိဿာလျှင် ငွေကျပ် ၅၅၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

" နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းနေပါတယ်။ ငါးပိ၊ ငါးခြောက်လုပ်ချိန်ဖြစ်လို့ နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းလာတာပါ။ နေလှန်းဆားတွေက တော့ ဒေသထွက်နေလှန်းဆားတွေပါပဲ။ လတ်တလောအနေနဲ့ တစ်ရက်တာ နေလှန်းဆားတွေ ပိဿာချိန် ၄၀၀၀ ကနေ ၅၅၀၀ထိ အရောင်းအဝယ်ဖြစ်နေပါတယ်။ အခုလို နေလှန်းဆားတွေ အရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့ လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရပြီး အဆင်ပြေလာပါတယ်''ဟု ညောင်တုန်းမြို့နယ် ဆားရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြသည်။

ညောင်တုန်းမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျ ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၅၅၀၀၀ထိ ဈေးပေါက်နေကြောင်း၊ ဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စသည့် လုပ်ငန်းများတွင် အသုံးပြုကြကြောင်း ဆားရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဖြူဖြူဝင်းက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

# ပျော်ဘွယ်မြို့နယ် အုန်းပင်ခြံကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပျော်ဘွယ် ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် အုန်းပင်ခြံကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၀ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မျိုးလွင်၊ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းနှင့် တာဝန်ခံ အင်ဂျင်နီယာများက အုန်းပင်ခြံကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မျိုးလွင်က သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ပျော်ဘွယ်မြို့နယ် အုန်းပင်ခြံကျေးရွာ၌ အရှည် ၁မိုင် ၆ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂၆ ဒသမ ၆၆၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇွန်လ ၃ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းဆောင်ရွက်မှုမှာ ၃၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်းထံမှ သိရသည်။

**ဇင်မာ**




# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

နိုင်ငံခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# ကြို့ပင်ကောက်မြို့နယ် ဘုရားကြီးကုန်း(န)ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း



**ကြို့ပင်ကောက် ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဘုရားကြီးကုန်း(န) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၂၀ရက်နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကြို့ပင်ကောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီသီအောင်က ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းလုပ်ငန်းစဉ်များ၊ စီမံကိန်းမူဘောင်များ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များနှင့် ပတ်သက်၍ မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းပြောကြားပြီး ကျေးရွာနေပြည်သူများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်း ပေးခဲ့သည်။

အဆိုပါ ဘုရားကြီးကုန်း(န) ကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း(VDB)ရန်ပုံငွေကျပ်သိန်း၁၅၀၊ ကျေးရွာနေပြည်သူများ၏ လုပ်အားထည့်ဝင်မှုဖြင့်ကျေးရွာသူ၊ကျေးရွာသားများကိုယ်တိုင် ကျေးရွာ၏ အဓိကလိုအပ်ချက်များပါဝင်သော ဖွံ့ဖြိုးရေးစီမံချက်များရေးဆွဲပြီး စီမံချက်ပါ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအလိုက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက နည်းပညာများပံ့ပိုးကာ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းလွင်(မကွေး)**


ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# သီလဝါအထူးစီးပွားရေးဇုန်သို့ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေတို့ သွားရောက်ကြည့်ရှုစစ်ဆေး








နေပြည်တော် ဩဂုတ် ၂၁

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဒုတိယဥက္ကဋ္ဌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေတို့သည် ယနေ့နံနက် ၉ နာရီခွဲတွင် သီလဝါအထူးစီးပွားရေးဇုန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရန်နိုင်ထွန်းက လက်ရှိသီလဝါအထူးစီးပွားရေးဇုန် လုပ်ငန်းဆောင်ရွက်မှုအခြေအနေ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က သီလဝါအထူးစီးပွားရေးဇုန်သည် အောင်မြင်သော စီးပွားရေးဇုန်တစ်ခုဖြစ်ပြီး တိုးတက်မှုရှိပြီးဖြစ်သည့် အရှိန်အဟုန်ကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ စက်မှုဇုန်အလိုက် ရင်းနှီးမြှုပ်နှံမှုများ ထပ်မံဝင်ရောက်လာရေးနှင့် ကုန်ထုတ်လုပ်ငန်းများတိုးတက်စေရေး ရင်းနှီးမြှုပ်နှံထားသော ကုမ္ပဏီများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ စက်ရုံအချို့တွင် ဆိုလာစွမ်းအင် ထုတ်ယူအသုံးချလျက်ရှိရာ ၆ မဂ္ဂါဝပ်အထိ ထုတ်လုပ်နိုင်ပြီဖြစ်၍ ကျန်စက်ရုံများ ဆိုလာတပ်ဆင်ပြီး လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်ရေး တိုက်တွန်းစေလိုကြောင်း၊ အထူးစီးပွားရေးဇုန်၏ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရေတိုရေရှည်အစီအမံများ ရေးဆွဲရာတွင် ဖြစ်ပေါ်တိုးတက်နေသည့် အခြေအနေအပေါ်မူတည်၍ သုံးသပ်ရေးဆွဲရန်လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက သီလဝါအထူးစီးပွားဇုန်၏ Promotion Zone ရှိ ထုတ်ကုန်ပစ္စည်းအများစုကို ပြည်ပသို့တင်ပို့ရောင်းချနိုင်ရေး၊ ပြည်ပကုန်စည်ပြပွဲများ၌ ပါဝင်ပြသနိုင်ရေး ဆက်စပ်ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ အထူးစီးပွားရေးဇုန်၏ ပို့ကုန်သွင်းကုန်တန်ဖိုးအား နှိုင်းယှဉ်ကြည့်ရာ သွင်းကုန်တန်ဖိုး များနေသောကြောင့် တင်သွင်းကုန်များသည် စက်ရုံများ၌ အမှန်တကယ် အသုံးပြုရန်လိုအပ်မည့် ကုန်ကြမ်းပစ္စည်းများဖြစ်ရန်လိုအပ်ကြောင်း၊ စက်မှုဇုန်များတွင် လိုအပ်သော အချို့ပစ္စည်းများကို ပြည်တွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများက ထုတ်လုပ်သောပစ္စည်းများဖြင့် ဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆက်သွယ်ပေးရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် သီလဝါအထူးစီးပွားရေးဇုန်ရှိ One Stop Service Center (OSSC) ၏ အရည်အသွေးပြည့်ဝစွာဖြင့် ဝန်ဆောင်မှုပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ဆက်လက်၍ Myanmar International Terminals Thilawa (MITT) ဆိပ်ကမ်းသို့ သွားရောက်ရာ MITT အစည်းအဝေးခန်းမ၌ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဆိပ်ကမ်းအကောက်အခွန်လုပ်ငန်းများနှင့် ကုန်ပစ္စည်းစစ်ဆေးဆောင်ရွက်နေမှုကိုလည်းကောင်း၊ MITT ဆိပ်ကမ်း တာဝန်ခံက လုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း၊ Danko စက်သုံးဆီ ဆိပ်ကမ်းတာဝန်ခံက စက်သုံးဆီဆိပ်ကမ်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်နှင့် တာဝန်ရှိသူများသည် သီလဝါအထူးစီးပွားရေးဇုန်ရှိ Myanmar International Terminals Thilawa (MITT) ဆိပ်ကမ်းနှင့် Danko စက်သုံးဆီဆိပ်ကမ်းများသို့ လည်းကောင်း၊ Wilmar Myanmar Port Terminals (Thilawa) ဆိပ်ကမ်းရှိ စားသုံးဆီသိုလှောင်ကန်များသို့လည်းကောင်း၊ သာကေတဆိပ်ကမ်း၌ ကုန်ပစ္စည်းများ ကုန်တင်ကုန်ချဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာစံချိန်စံညွှန်းနောက်ဆုံးအဆင့် မူကြမ်း ၇၃ ခုကို မြန်မာစံချိန်စံညွှန်းအဖြစ် အတည်ပြုသတ်မှတ်




နေပြည်တော် ဩဂုတ် ၂၁

အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံများ ခိုင်မာအားကောင်းစေရေးအတွက် အဓိကမဏ္ဍိုင်များဖြစ်သည့် စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ နိုင်ငံတကာအသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်း၊ တိကျတိုင်းတာခြင်းနည်းပညာ၊ ခေတ်ခွဲတိုင်းတာခြင်း၊ အရည်အသွေး ထောက်ခံချက်ထုတ်ပေးခြင်းနှင့် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းစဉ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ စံချိန်စံညွှန်းလုပ်ငန်းကော်မတီအစည်းအဝေး (၁/၂၀၂၅) ကို ယမန်နေ့နှင့် အမျိုးသားစံချိန်စံညွှန်းကောင်စီအစည်းအဝေး (၁/၂၀၂၅)ကို ယနေ့တို့တွင် နေပြည်တော် ရုံးအမှတ်(၂၁) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Hybrid စနစ်ဖြင့် ကျင်းပသည်။

ဦးစွာ အမျိုးသားစံချိန်စံညွှန်းကောင်စီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံများ ခိုင်မာအားကောင်းစေရေးအတွက် ပြည်တွင်းရှိ ဆက်စပ်ဝန်ကြီးဌာနများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး နိုင်ငံတကာနှင့် ဒေသတွင်းရှိ အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာ (MoU)များ ရေးထိုးခြင်းဖြင့် စံချိန်စံညွှန်းသတ်မှတ်ခြင်းကဏ္ဍကို နိုင်ငံတကာ အလေ့အကျင့်ကောင်းများနှင့် သတင်းအချက်အလက်များ ဖလှယ်ရယူပြီး စွမ်းဆောင်ရည်မြှင့်တင်နိုင်ခြင်း၊ နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ အရည်အသွေးကိုက်ညီစွာဖြင့် ထုတ်ကုန်များကို ထုတ်လုပ်၊ တင်ပို့၊ တင်သွင်းမှုများပြုလုပ်နိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားစံချိန်စံညွှန်းကောင်စီအတွင်းရေးမှူး သုတေသနနှင့်တီထွင်ဆန်းသစ်မှု ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်က အမျိုးသားစံချိန်စံညွှန်းကောင်စီအစည်းအဝေး (၁/၂၀၂၄)၏ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အများပြည်သူသဘောထားမှတ်ချက်ရယူပြီးသည့် မြန်မာစံချိန်စံညွှန်းနောက်ဆုံးမူကြမ်း ၇၃ ခုကို အတည်ပြုရေး အဆိုပြုအဆင့်၊ နည်းပညာဆပ်ကော်မတီအဆင့်နှင့် အများပြည်သူသဘောထားရယူရန် ဆောင်ရွက်လျက်ရှိသော စံချိန်စံညွှန်းမူကြမ်း ၁၃၇ ခုကိစ္စ၊ အမျိုးသားအသိအမှတ်ပြု ကော်မတီဖွဲ့စည်းနိုင်ရေးကိစ္စတို့ကို ကောင်စီသို့တင်ပြ၍ ကောင်စီဝင်များ၏ အကြံပြုချက်များကိုရယူဆောင်ရွက်သည်။

အဆိုပါအစည်းအဝေးသို့ အမျိုးသားစံချိန်စံညွှန်း ကောင်စီဝင်များဖြစ်ကြသော ဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ UMFCCI ၊မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး အစည်းအဝေးတွင် မြန်မာစံချိန်စံညွှန်းနောက်ဆုံးအဆင့်မူကြမ်း ၇၃ ခုကို မြန်မာစံချိန်စံညွှန်းအဖြစ် အတည်ပြုသတ်မှတ်ခြင်းနှင့် အမျိုးသားအသိအမှတ်ပြုကော်မတီဖွဲ့စည်းခြင်းတို့အတွက် အတည်ပြုဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်စာအုပ် ပုံနှိပ်ထုတ်ဝေနိုင်ရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဩဂုတ် ၂၁

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်စာအုပ် ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်အစည်းအဝေးခန်းမ၌ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်အရာရှိကြီးများ၊ မြန်မာ့သမိုင်းစဉ်စာအုပ် ပုံနှိပ်ထုတ်ဝေနိုင်ရေး စာမူတည်းဖြတ်ရေးအဖွဲ့မှ မြန်မာ့သမိုင်းပညာရှင်ကြီးများ၊ အကြံပေးပညာရှင်များ၊ လုပ်ငန်းအထောက်အကူပြုအဖွဲ့နှင့် ဌာနဆိုင်ရာသုတေသနပညာရှင်ဝန်ထမ်းများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်စာအုပ်(မူကြမ်း)များကို ပုံနှိပ်ထုတ်ဝေနိုင်ရေးအတွက် သမိုင်းကြောင်းအချက်အလက်များ မှားယွင်းမှုမရှိစေရေးနှင့် အယူအဆများ လွဲချော်မှုမရှိစေရေးတို့အတွက် မြန်မာသမိုင်းအဖွဲ့မှ ပညာရှင်များပါဝင်သည့် စာမူတည်းဖြတ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ အဆိုပါအဖွဲ့နှင့် ပူးပေါင်း၍ လိုအပ်သည့် အချက်အလက်များ၊ မှတ်တမ်းဓာတ်ပုံများ၊ မြေပုံများ ရှာဖွေရေးသားပြုစုထောက်ပံ့ခြင်းနှင့် ပုံနှိပ်ရန် ပြင်ဆင်ခြင်းလုပ်ငန်းတို့ကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြတိုက်များ) ကဦးဆောင်ကာ အထောက်အကူပြုအဖွဲ့ ဖွဲ့စည်း၍ ရန်ကုန်ဌာနခွဲတွင် ဆောင်ရွက်ခဲ့ပါကြောင်း၊ အဘက်ဘက်မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည့် ဘာသာရပ်နယ်ပယ်အသီးအသီးက ပညာရှင်များ၊ စာမူတည်းဖြတ်ရေးအဖွဲ့မှ မြန်မာသမိုင်းပညာရှင်များအဖွဲ့မှ ပညာရှင်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ အထောက်အကူပြုအဖွဲ့နှင့် အထောက်အထားအချက်အလက်များရေးသားပြုစုရန် ယခင်သမိုင်းစဉ်ဆွေးနွေးပွဲများတွင် ပါဝင်တက်ရောက်ဆွေးနွေးပေးခဲ့ကြသည့် စာတမ်းရှင်များ၊ ပြင်ပသုတေသီများကိုလည်း အသိအမှတ်ပြုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်စာအုပ် ပုံနှိပ်ထုတ်ဝေနိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပွဲများမှ ပညာရှင်ကြီးများ၏ အကြံပြုချက်များဖြင့် တည်းဖြတ်ပြင်ဆင်ရေးသားပြုစုထားသည့် “မြန်မာ့မြေလွှာဖြစ်တည်မှုနှင့် မြန်မာ့ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်း ရှာဖွေတွေ့ရှိမှု”၊ “မြန်မာ့ကျောက်ခေတ်”၊ “မြန်မာ့ကြေးခေတ်၊ သံခေတ်”နှင့် “ပျူခေတ်ရှေးဦးမြို့ပြယဉ်ကျေးမှု” စသည့်သမိုင်းစဉ်စာအုပ်(မူကြမ်း)များကို တည်းဖြတ်ပြုစုထားပြီးဖြစ်ပါကြောင်း၊ အဆိုပါတည်းဖြတ်ပြုစုထားသည့်စာအုပ် (မူကြမ်း)များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ထပ်မံပြင်ဆင်ဖြည့်စွက်ရန်လိုအပ်သည့်အချက်များကို ဆွေးနွေးတင်ပြရန်ဖြစ်ပါကြောင်းဖြင့် ဆွေးနွေးတင်ပြသည်။

ထို့နောက် ဆွေးနွေးပွဲသို့တက်ရောက်လာသည့် မြန်မာသမိုင်းပညာရှင်များအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဒေါက်တာတိုးလှက ကျောက်လက်နက်များကို အမျိုးအစားလိုက်ရှင်းလင်းဖော်ပြရန်လိုအပ်မှုနှင့် နိုင်ငံတော်အကြီးအကဲ၏ သဝဏ်လွှာအား ထားရှိရမည့်နေရာတို့ကို ဆွေးနွေးပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူက သမိုင်းစဉ်စာအုပ်ထုတ်ဝေရေးနှင့်ပတ်သက်ပြီး စာအုပ်အရွယ်အစားနှင့် မျက်နှာဖုံးပုံစံများ အတည်ပြုနိုင်ရေး၊ ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်နှင့် လိုအပ်ချက်များကို ဩဂုတ်လကုန်အပြီး ပြင်ဆင်ပေးပို့နိုင်ရေးတို့နှင့်ပတ်သက်၍ တင်ပြဆွေးနွေးသည်။

ယင်းနောက် မြန်မာသမိုင်းပညာရှင်များအဖွဲ့ ဒေါက်တာစိန်မြင့်က စာအုပ်(မူကြမ်း)များတွင် အင်္ဂလိပ်စာလုံးများအား ဘာသာပြန်ရာတွင် ဝေါဟာရမကွဲလွဲအောင်ဆောင်ရွက်ရေး၊ ရှေးဟောင်းသုတေသနပညာရှင် ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) ဦးညွန့်ဟန်က ပျူခေတ်သမိုင်းစဉ်နှင့်ပတ်သက်၍ ပျူခေတ်နှင့်အပြိုင် အခြားမြို့ပြများကို ဖော်ပြရာတွင် သာဂရမြို့ဟောင်းကို ထည့်သွင်းမဖော်ပြရေး၊ ရှေးဟောင်းသုတေသနပညာရှင် ဒေါက်တာသိန်းလွင်က ကျောက်ခေတ်သမိုင်းစဉ်တွင် ဓာတ်ပုံနှင့်ဆွဲပုံများကို ယှဉ်တွဲဖော်ပြရေး၊ ကျောက်ခေတ်သစ်ဂူများကို ပုံနှင့်တည်နေရာကိုဖော်ပြရေး၊ ရှေးဟောင်းသုတေသနပညာရှင် ဦးစိန်ဝင်းက ပျူစာပေနှင့်ပတ်သက်၍ ခေတ်ကာလများ တစ်သမတ်တည်းဖြစ်အောင် ညှိနှိုင်းဆောင်ရွက်ရေး၊ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာကလျာမြတ်မြတ်ထွေးက ကျမ်းကိုးစာရင်းထည့်သွင်းသည့်ပုံစံများတူညီရေး ဆွေးနွေးကြကာ ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးချက်များအပေါ် သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်



မန္တလေး ဩဂုတ် ၂၁

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးအဆင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း ပညာတန်ဆောင်ခန်းမတွင်ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဝန်ကြီးချုပ်၏ဇနီး ဒေါ်မမ၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးတို့မှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ တက်ရောက်လာသူများက ကိုယ်ဝန်ဆောင်ကာလ အာဟာရပြည့်ပြည့်ဝဝစားကြစို့ အသိပညာပေး Video Clip ကိုကြည့်ရှုပြီး ငါးနှစ်အောက်ကလေးငယ်များအား ဗီတာမင်အေဆေးများတိုက်ကျွေး၍ အမှတ်တရလက်ဆောင်များပေးအပ်ခဲ့ကြောင်းနှင့် သန့်ရှင်းလတ်ဆတ်ပြီး အာဟာရပြည့်ဝသော အစားအစာများ ရရှိစားသုံးနိုင်ရန် အစာအုပ်စုစုံအောင် စားသောက်တတ်စေရန်အတွက် ခင်းကျင်းပြသထားမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **မျိုးကျော်**

ရှေ့ဖုံးမှအဆက်

ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ ၁၀၂၂၉ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၂၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၅ ဦးအား သွေးအမျိုးအစားစစ်ဆေးပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ ၁၅ ဦးအား ငှက်ဖျားပိုး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး အတွင်းလူနာအဖြစ် ဒေသခံတိုင်းရင်းသားပြည်သူ ၃၁ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

နောင်ချိုမြို့ရှိ ဒေသခံ တိုင်းရင်းသား ပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



(၅၀၁)

# ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက်ထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၆၃/ ၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၂ ရက်)
**ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများ၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများ၊ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခွင့်ရှိကြောင်း အသိပေးချက် ထုတ်ပြန်ကြေညာခြင်း**

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၆ ပုဒ်မခွဲ(က)ပါ ပြည်ထောင်စုအစိုးရအဖွဲ့ဝင်တစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ဥပဒေပုဒ်မ ၇ ပုဒ်မခွဲ(ခ)အရလည်းကောင်း၊ ပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ)ပါ ဒုတိယဝန်ကြီးတစ်ဦးဦးသည် တည်ဆဲပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၇ ပုဒ်မခွဲ(ဃ)အရလည်းကောင်း၊ အပိုင်းလိုက်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၈ ရက် (တနင်္လာနေ့)မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်။

၂။ ထို့အတူ ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်၊ ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ဒုတိယရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ဒုတိယစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တို့သည်လည်း သက်ဆိုင်ရာတည်ဆဲဥပဒေများအရ အပိုင်းလိုက်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ရပ်တွင် ပါဝင်ရွေးချယ်ခံမည့်သူဖြစ်ပါက နိုင်ငံသားတစ်ဦးအား ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈ ပုဒ်မခွဲ(က)အရ ပေးအပ်ထားသော ရွေးကောက်တင်မြှောက်ခံပိုင်ခွင့် မဆုံးရှုံးစေရန်အလို့ငှာ ရွေးကောက်ပွဲကျင်းပရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာသည့် ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁၈ ရက် (တနင်္လာနေ့)မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀ နှင့် ၁၂၁ တို့ပါ ပြဋ္ဌာန်းချက်များနှင့်ကိုက်ညီလျှင် ရွေးကောက်ပွဲဆိုင်ရာ ပါတီစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း၊ နယ်မြေစည်းရုံးရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်ခွင့်ရှိပါသည်။

၃။ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းများ အတည်ပြုပြီးသည့်နောက်ပိုင်းတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ပေးပါမည်။

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က ရွှေ သုံးခု ငွေ နှစ်ခုနှင့် ကြေး သုံးခု ရရှိထား




**နေပြည်တော် ဩဂုတ် ၂၂**

မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန်ဦးညီညီဦးဆောင်၍ အုပ်ချုပ်သူတစ်ဦး၊ နည်းပြ သုံးဦး၊ ဒိုင်လူကြီး နှစ်ဦးနှင့် အားကစားသမားဦးရေ ၂၀ စုစုပေါင်း အားကစားအဖွဲ့ဝင် ၂၆ဦးဖြင့်၂၀၂၅ ခုနှစ် ဩဂုတ် ၁၈ ရက်မှ ၂၅ ရက်ထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင်ကျင်းပသည့် ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲနှင့် ၅၇ ကြိမ်မြောက်အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲတို့ကို သွားရောက်ယှဉ်ပြိုင်လျက်ရှိသည်။

ဩဂုတ် ၁၈ ရက်မှ၂၁ ရက်ထိကျင်းပသော ၁၉ ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲတွင် ချမ်းမြေ့ထွန်းက ကီလို ၇၀ တန်း အမျိုးသားကာယဗလပြိုင်ပွဲ၌ ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ စိုင်းသက်နောင်ဦးက ၁၇၅ စင်တီမီတာ ကိုယ်ခန္ဓာအလှ အမျိုးသားကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ မျိုးသူရကျော်က ၁၇၅စင်တီမီတာအထက် ကိုယ်ခန္ဓာအလှအမျိုးသားကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုကိုလည်းကောင်း၊ ဆုမွန်လှိုင်က ၁၆၀ စင်တီမီတာအထိ ကိုယ်ခန္ဓာအချိုးအစားအလှ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ ဇူးဇူးသန့်က ၁၇၀ စင်တီမီတာအထိ ကိုယ်ခန္ဓာအချိုးအစားအလှ အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ငွေတံဆိပ်ဆုကိုလည်းကောင်း၊ မောင်မောင်မြင့်က ကီလို ၇၀ တန်းအမျိုးသားကာယဗလပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ သန်းဇော်ထိုက်က ၁၆၇ စင်တီမီတာအထိ အားကစားသမားဆန်သော အမျိုးသားကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကိုလည်းကောင်း၊ လင်းလင်းစိုးက ၁၆၅ စင်တီမီတာအထိ ကိုယ်ခန္ဓာအချိုးအစားအလှ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် ကြေးတံဆိပ်ဆုကိုလည်းကောင်း ဆွတ်ခူးခဲ့ကြသဖြင့် မြန်မာအားကစားအဖွဲ့သည် ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် သုံးခု စုစုပေါင်းဆုတံဆိပ် ကိုးခုရရှိခဲ့ပြီး အမျိုးသားအသင်းအနေဖြင့်နိုင်ငံအလိုက် တတိယဆုကိုလည်းကောင်း၊ အမျိုးသမီးအသင်းသည် နိုင်ငံအလိုက် တတိယဆုကိုလည်းကောင်း ရရှိခဲ့ကြသည်။

ပြိုင်ပွဲအားလုံးတွင် ရွှေတံဆိပ်ဆုရရှိသူများအားလုံး ပြန်လည်ယှဉ်ပြိုင်သည့် အရှေ့တောင်အာရှမောင် ၂၀၂၅ အား ချမ်းမြေ့ထွန်းက ထပ်မံဆွတ်ခူးခဲ့သည်။

မြန်မာကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားအဖွဲ့သည် ၅၇ ကြိမ်မြောက် အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှုပြိုင်ပွဲအား ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲတွင် ခိုလမ်တပ်နယ်(ခ)အသင်းက ဒိုင်းဆုရရှိ

**နေပြည်တော် ဩဂုတ် ၂၂**

အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ၂၀၂၅ ခုနှစ် တိုင်းမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ခိုလမ်တပ်နယ်(က) အသင်းနှင့် ခိုလမ်တပ်နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ခိုလမ်တပ်နယ်(ခ) အသင်းကအနိုင်ရရှိပြီး ဒိုင်းဆုရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ အရာရှိ၊စစ်သည်၊မိသားစုဝင်များ၊ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြပြီး ဗိုလ်လုပွဲ ပွဲစဉ်ဖြစ်သည့် ခိုလမ်တပ်နယ်(က)အသင်းနှင့် ခိုလမ်တပ်နယ်(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက တစ်ဦးချင်း အကောင်းဆုံးဆုရရှိကြသူများ၊ အသင်းလိုက်ဆုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ဒိုင်းဆုရရှိသော ခိုလမ်တပ်နယ်(ခ)အသင်းတို့ကို ဒိုင်းဆုနှင့်ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက်ရှိ တပ်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အသင်း ကိုးသင်းတို့ဖြင့် ဩဂုတ် ၉ ရက်မှ ယနေ့ထိယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း ခိုလမ်တပ်နယ်(ခ)အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

**၂၀၂၅ ခုနှစ် ဩဂုတ် ၂၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# တစ်မျိုးသားလုံး၏ သမိုင်းလိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးမည့် မြန်မာ့သမိုင်းစဉ်

သမိုင်းပညာအား လေ့လာသင်ယူခြင်းဆိုသည်မှာ အတိတ်တွင်ဖြစ်ပျက်ခဲ့သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမျိုးရေး၊ စစ်ရေးဆိုင်ရာဖြစ်စဉ်များအား ချဉ်းကပ်လေ့လာရင်း ပစ္စုပ္ပန်နှင့် အနာဂတ်တွင် ဖြစ်ပျက်လာမည့်ဖြစ်စဉ်များအား ပြင်ဆင်ရန် ကြိုးစားခြင်းဖြစ်သည်။ ထို့ပြင် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏သမိုင်းသည် ထိုနိုင်ငံနှင့်လူမျိုးတို့၏ တန်ဖိုးဖြတ်မရသည့် အမွေအနှစ်တစ်ခုပင်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံတိုင်းသည် ၎င်းတို့၏သမိုင်းကြောင်းအား တိကျသေချာစွာ လေ့လာနိုင်ရန် စဉ်ဆက်မပြတ်ကြိုးပမ်းလျက်ရှိကာ သမိုင်းပညာ၏နယ်ပယ်သည် လွန်စွာကျယ်ပြန့်လာခဲ့သည်။

**မြန်မာ့သမိုင်းဖြစ်တည်လာပုံ**

လူသားမျိုးနွယ်၏ သမိုင်းဆိုသည်မှာ ရှေးယခင်ကာလများတွင် မိမိတို့အတွေ့အကြုံများကို မျိုးဆက်သစ်များအတွက် နှုတ်ပြောပုံပြင်များ၊ မှတ်တမ်းများအဖြစ် ပြောကြားရာမှသည် စာပေအရေးအသားပေါ်ထွန်းလာသောအခါတွင် သမိုင်းမှတ်တမ်းများအဖြစ် ရေးသားဖော်ပြလာခဲ့လေသည်။ မြန်မာလူမျိုးတို့သည် သမိုင်းမှတ်တမ်းများအား စနစ်တကျ မှတ်တမ်းတင်ခဲ့သည့် လူမျိုးများဖြစ်သည်။ ရှေးယခင်ကတည်းကပင် မင်းနေပြည်တော်တွင် ရွှေတိုက်တော်နှင့် ပိဋကတ်တိုက်ကဲ့သို့ မှတ်တမ်းဌာနများထားရှိကာ မင်းအစိုးရအရာရှိများ၏ မှတ်တမ်းများ၊ တိုင်းပြည်တွင် ဖြစ်ပျက်ခဲ့သည့် အကြောင်းအရာများအား စနစ်တကျ ရေးမှတ်ထားလေ့ရှိသည်။ စစ်ဘေးစစ်ဒဏ်ကြောင့်လည်းကောင်း၊ ရာသီဥတုဒဏ်ကြောင့်လည်းကောင်း ပျက်စီးသောအခါများတွင်ပြန်လည်ပြုစုရေးသားကာ သမိုင်းကွင်းဆက် ခြေရာမပျောက်ပျက်စေရန် ကြိုးစားခဲ့ကြသည်။ မြန်မာနိုင်ငံတွင် ပထမဆုံးသမိုင်းကျမ်းအဖြစ် ဇမ္ဗူဒီပဦးဆောင်းကျမ်းအား အင်းဝခေတ် ဝန်ဇင်းမင်းရာဇာအမတ်ကြီးမှ ရှေးသမိုင်းကျမ်းအဆူဆူအား ပြန်လည်တည်းဖြတ်ကာ ရေးသားခဲ့လေသည်။ ထို့နောက် ညောင်ရမ်းခေတ် တနင်္ဂနွေမင်းလက်ထက်တွင် ဦးကုလားမှ ရှိနှင့်ပြီးသော ရာဇဝင်ကျမ်းအသီးသီးအား ပြန်လည်ပေါင်းစုကာ မဟာရာဇဝင်ကြီး၊ ရာဇဝင်ချုပ်ဟူ၍ စီရင်ပြုစုရေးသားခဲ့သည်။ ကုန်းဘောင်ခေတ် ဘိုးတော်ဘုရားမင်းလက်ထက်တွင် ဦးကုလား၏ မဟာရာဇဝင်ကြီးသည် လိုအပ်ချက်များရှိသဖြင့် နိုင်ငံတစ်ဝန်းရှိ ကျောက်စာများ၊ မှတ်တမ်းများဖြင့် တိုက်ဆိုင်စစ်ဆေးကာ တွင်းသင်းတိုက်ဝန်မင်းကြီးမှ ရာဇဝင်သစ်ကျမ်းတစ်စောင်အား စီရင်ခဲ့သည်။ ထို့နောက် ဘကြီးတော်မင်းလက်ထက်တွင် တစ်ကြိမ်၊ မင်းတုန်းမင်းလက်ထက်တွင် တစ်ကြိမ်ဖြင့် မှန်နန်းရာဇဝင်တော်ကြီးအား ပထမတွဲ၊ ဒုတိယတွဲ စသဖြင့် ရဟန်းပညာရှိ၊ လူပညာရှိများပူးပေါင်းပါဝင်၍ ပြုစုရေးသားခဲ့ကြလေသည်။


**သမိုင်းပညာရပ်၏ တိုးတက်ပြောင်းလဲလာပုံနှင့် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း**

ခေတ်အပြောင်းအလဲ၊ ယဉ်ကျေးမှုအပြောင်းအလဲရှိလာသည်နှင့်အမျှ ရာဇဝင်ဆိုင်ရာအယူအဆတို့သည်လည်း ပြောင်းလဲခဲ့လေသည်။ ရှေးအခါက ဘုရင်ကြီးစိုးခဲ့၍ ရာဇဝင်မှာ မင်းတို့၏အကြောင်းကို မူတည်ရေးရသောကြောင့် ရာဇဝံသအမည်ပေးခဲ့ကြလေသည်။ ယခုခေတ်တွင် သမိုင်းပညာ၏ရှုမြင်ပုံသည် နိုင်ငံတွင်းနေလူတို့၏အကြောင်းကို အဓိကထား၍ ရေးသားဖော်ထုတ်သည့်ပုံစံသို့ ၁၉ ရာစုနှောင်းပိုင်းမှ စတင်ပြောင်းလဲလာလေသည်။ သို့ဖြစ်၍ ရာဇဝင်ဟူသော ဝေါဟာရအစား နိုင်ငံ့သမိုင်း၊ လူ့သမိုင်း စသည်ဖြင့် လွှဲပြောင်းခေါ်လာကြခြင်းဖြစ်လေသည်။ သမိုင်းပညာသည် ရှေးယခင်က စာပေ


စာမျက်နှာ ၂၀ သို့

**မြန်မာနိုင်ငံတွင် ကျောက်ခေတ်ဦးနှင့် ကျောက်ခေတ်နှောင်းသာရှိပြီး ကျောက်ခေတ်လယ်အား ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း ယခင်က သတ်မှတ်ခဲ့ကြသော်လည်း ၂၀၀၂ ခုနှစ်မှစတင်ကာ မြန်မာရှေးဟောင်းသုတေသနပညာရှင်များသည် အခြားသောနယ်ပယ်မှ ပညာရှင်များ၏ အကူအညီများရယူကာ ခါးဆက်ပြတ်နေသော မြန်မာ့သမိုင်းအား ရှာဖွေဖော်ထုတ်ရန် ကြိုးစားခဲ့ကြသည်။ ထိုကြိုးစားမှု၏ရလဒ်အဖြစ် ပြည်မြို့ရှေးဟောင်းသုတေသနကျောင်းအုပ်ကြီး ဦးဝင်းကြိုင်ဦးဆောင်သော ပညာရှင်များသည် ခါးဆက်ပြတ်နေခဲ့သည်ဟူသော မြန်မာနိုင်ငံ၏ ကျောက်ခေတ်လယ်ကာလအား ဧရာဝတီမြစ်ဝှမ်းဒေသနှင့် စမုန်မြစ်ဝှမ်းဒေသတို့တွင် ၂၀၀၆ ခုနှစ်မှ စတင်တူးဖော်တွေ့ရှိခဲ့ပြီး မြန်မာနိုင်ငံ၏သမိုင်းတွင် အရေးပါသော ကျောက်ခေတ်ကာလတွင် ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်းဟူသည့် တစ်ဆက်တစ်စပ်တည်းဖြစ်တည်နေခဲ့သည့်အချက်အား အထောက်အထားတိကျခိုင်မာစွာဖြင့် နိုင်ငံတကာသို့ တင်ပြနိုင်ခဲ့သည်။**

အညာသားကျောက်ခေတ်ဟောင်းခလေ့နေရာဒေသများ




ကျောက်ခေတ်လယ်စလေ့တွေ့ရှိရာဒေသများ






မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကြို့ကုန်းဒေသ မြန်မာနိုင်ငံသံခေတ် အထောက်အထားများကို တွေ့ရှိရစဉ်။

**စာမျက်နှာ ၁၉ မှအဆက်**

မှတ်တမ်းများကို အမှီပြုရေးသားရသည့် ဝိဇ္ဇာပညာရပ်တစ်ခုမှသည် ယနေ့ခေတ်သို့ ရောက်ရှိလာသောအခါ ရှေးဟောင်းသုတေသနပညာ၊ ဘူမိဗေဒ၊ မှုခင်းဆေးပညာ၊ ဓာတုဗေဒ၊ မျိုးရိုးဗီဇစစ်ဆေးမှုနှင့် အခြားသောသိပ္ပံပညာများစွာ၏ ထောက်ပံ့မှုများဖြင့် စနစ်တကျလေ့လာဆန်းစစ်ဝေဖန်ရသည့် ပညာရပ်တစ်ခုဖြစ်လာခဲ့လေသည်။

မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံတစ်ခုအဖြစ်သို့ ရောက်လာသောအခါ၌ ခေတ်အလျောက် အမှန်ကန်ဆုံးနှင့် အပြည့်စုံဆုံးဖြစ်သော နိုင်ငံ့သမိုင်းကို ကျယ်ပြန့်ပြည့်စုံစွာရေးသားရန် လိုအပ်သဖြင့် နိုင်ငံတော်အစိုးရသည် ၁၉၅၅ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်တွင် မြန်မာနိုင်ငံသမိုင်းကော်မရှင်အဖွဲ့ကို ဖွဲ့စည်းခဲ့လေသည်။ မြန်မာနိုင်ငံ၏သမိုင်းအားလေ့လာရန် ပညာရှင်များမှ ကြိုးစားခဲ့ရာတွင် ရလဒ်အနေဖြင့် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းအား ၁၉၇၀ ပြည့်နှစ်တွင် ထုတ်ဝေခဲ့သည်။ ထိုစာအုပ်တွင် မြန်မာနိုင်ငံ၏သမိုင်းအား ၁၉၇၀ မတိုင်ခင်အထိ လေ့လာတွေ့ရှိမှုများ၊ တူးဖော်ရရှိမှုများအားအခြေခံ၍ ရေးသားထားခြင်းပင်ဖြစ်


ပြင်သစ်-မြန်မာ ပူးပေါင်းသုတေသနအဖွဲ့မှ ပုံတောင်ပုံညာဒေသတွင် ပရိုင်းမိတ်ရုပ်ကြွင်းများအား ရှာဖွေနေကြစဉ်။

ဆုံးသည် သံခေတ်နှောင်းပိုင်းဖြစ်ကာ ကျောက်ခေတ်၊ ကြေးခေတ် စသည့်ယဉ်ကျေးမှုများမရှိကြောင်း၊ မြန်မာလူမျိုးတို့၏ မူရင်းဇာစ်မြစ်မှာ တိဗက်ကုန်းမြေမြင့်သာဖြစ်ကြောင်းသုံးသပ်ကာ ကျောင်းသုံးစာအုပ်များ၊ သင်ခန်းစာများနှင့် သမိုင်းသင်ရိုးညွှန်းတမ်းများတွင် ထိုကဲ့သို့ထည့်သွင်းသင်ယူနေဆဲပင်ဖြစ်သည်။ ၁၉၇၀ တွင် ထုတ်ဝေသည့် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းပြုစုရာတွင်ပါဝင်ခဲ့သော နိုင်ငံ၏သမိုင်းအား ဆက်လက်လေ့လာခဲ့ကြလေသည်။ ရှေးဟောင်းမြို့များအား ကောင်းကင်ဓာတ်ပုံဖြင့် ရှာဖွေခြင်း၊ ရေဒီယိုကာဗွန်သက်တမ်းစစ်ဆေးခြင်းနှင့်အခြားသောခေတ်မီနည်းပညာများအားအသုံးပြုကာ ပျူမြို့ဟောင်းများအား ရှာဖွေခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ သံခေတ်လူနေထိုင်ရာ နေရာများအား ရှာဖွေခြင်းများ ပြုလုပ်ရာမှသည် မြန်မာနိုင်ငံ၏ကျောက်ခေတ်(ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်း) ယဉ်ကျေးမှုဟုဆိုနိုင်မည့် အညာသီယန် ခေါ် အညာသားယဉ်ကျေးမှုအား မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် စတင်တွေ့ရှိခဲ့ရသည်။ **မြန်မာနိုင်ငံတွင် ကျောက်ခေတ်ဦးနှင့် ကျောက်ခေတ်နှောင်းသာရှိပြီး ကျောက်ခေတ်လယ်အား ရှာဖွေတွေ့ရှိခြင်းမရှိကြောင်း ယခင်က သတ်မှတ်ခဲ့ကြသော်လည်း ၂၀၀၂ ခုနှစ်မှစတင်ကာ မြန်မာရှေးဟောင်းသုတေသနပညာရှင်များသည် အခြားသောနယ်ပယ်မှ ပညာရှင်များ၏**


ညောင်ကန်ဒေသမှ ကြေးခေတ်တူးဖော်ရေးလုပ်ငန်းအား ထိန်းသိမ်းထားရှိပုံကို တွေ့ရစဉ်။

**အကူအညီများရယူကာ ခါးဆက်ပြတ်နေသော မြန်မာ့သမိုင်းအား ရှာဖွေဖော်ထုတ်ရန် ကြိုးစားခဲ့ကြသည်။ ထိုကြိုးစားမှု၏ ရလဒ်အဖြစ် ပြည်မြို့ရှေးဟောင်းသုတေသနကျောင်းအုပ်ကြီး ဦးဝင်းကြိုင် ဦးဆောင်သော ပညာရှင်များသည် ခါးဆက်ပြတ်နေခဲ့သည်ဟူသော မြန်မာနိုင်ငံ၏ကျောက်ခေတ်လယ်ကာလအား ရောဝတီမြစ်ဝှမ်းဒေသနှင့် စမုန်မြစ်ဝှမ်းဒေသတို့တွင် ၂၀၀၆ ခုနှစ်မှ စတင်တူးဖော်တွေ့ရှိခဲ့ပြီး မြန်မာနိုင်ငံ၏သမိုင်းတွင် အရေးပါသော ကျောက်ခေတ်ကာလတွင် ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်းဟူသည့် တစ်ဆက်တစ်စပ်တည်းဖြစ်တည်နေခဲ့သည့်အချက်အား အထောက်အထားတိကျခိုင်မာစွာဖြင့် နိုင်ငံတကာသို့တင်ပြနိုင်ခဲ့သည်။**

**မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်သော သမိုင်းစဉ်အား လေ့လာခြင်းလုပ်ငန်းတွင် သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များသာမက ဘူမိဗေဒပညာရှင်များနှင့် မနုဿဗေဒပညာရှင်များပါ အားဖြည့်ပါဝင်လာကြသဖြင့် သုတေသနပြုလုပ်ခြင်းနှင့် တူးဖော်ရှာဖွေမှုများသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည်ကိုတွေ့ရှိရသည်။** ထိုကာလတွင် ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို ၁၉၇၈ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် မိုးကောင်းရွာအနီးတွင်လည်းကောင်း၊ ၁၉၉၇ ခုနှစ်မှ ယခုအထိ မြိုင်မြို့နယ်နှင့် ပုလဲမြို့နယ်တို့ရှိပုံတောင်ကျောက်လွှာစုများတွင်လည်းကောင်း ဆက်တိုက်တွေ့ရှိခဲ့သည်။ အာရှတိုက်တွင် လူတူပရိုင်းမိတ်ရုပ်ကြွင်းများကို တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံ၊ မြန်မာနိုင်ငံတို့တွင် တွေ့ရှိခဲ့ပြီး လွန်ခဲ့သည့်နှစ်ပေါင်း (၃၃ ဒသမ ၇ သန်းမှ ၅၄ ဒသမ ၈ သန်းကြား) ကာလဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှတွေ့ရှိသော ပရိုင်းမိတ်ရုပ်ကြွင်းများသည် ထိုင်းနိုင်ငံမှ ပရိုင်းမိတ်များထက် နှစ် ၃ သန်းခန့်စောကြောင်း သုံးသပ်ကြပြီး တရုတ်နိုင်ငံမှ ပရိုင်းမိတ်ရုပ်ကြွင်းများနှင့် မြန်မာနိုင်ငံမှ ပရိုင်းမိတ်ရုပ်ကြွင်းများသည် သက်တမ်းမတိမ်းမယိမ်းဖြစ်သော်လည်း ပုံတောင်ပရိုင်းမိတ်များက အရွယ်အစားပိုမိုကြီးမားပြီး ပို၍အဆင့်မြင့်ကြောင်း ပြည်တွင်း၊

**စာမျက်နှာ ၂၁ သို့**



ပျူမြို့ဟောင်းများအား ယူနက်စကိုကမ္ဘာ့အမွေအနှစ်အဖြစ် သတ်မှတ်နိုင်ရန် ယူနက်စကိုမှကျင်းပသည့် အစည်းအဝေးအား ဒုတိယဝန်ကြီး(ငြိမ်း) ဒေါ်စန္ဒာခင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်စဉ်။

သည်။ ထိုသမိုင်းကျမ်းစာအုပ်သည် မြန်မာနိုင်ငံ၏မူလဇာစ်မြစ်သမိုင်းကို လေ့လာရန်အတွက် ပြီးပြည့်စုံခြင်းမရှိသေးသော်လည်း နောင်တွင်ဆက်လက်လေ့လာနိုင်ရန်အတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခုအဖြစ် ခိုင်မာစွာပြုစုရေးသားထားခြင်းတွေ့ရှိရသည်။ ထိုမတိုင်မီအချိန်က မြန်မာနိုင်ငံတွင် သမိုင်းအယူအဆကွဲများအနေဖြင့် "မြန်မာအစ တကောင်း" ဟူသည့် ရှေးရိုးအစဉ်အလာ ရာဇဝင်ကျမ်းများတွင် ဖော်ပြထားသည့် အယူအဆနှင့် "မြန်မာအစ ကျောက်ဆည်" ဟူသည့် ကိုလိုနီခေတ်တွင် ပေါ်ထွက်လာသည့် အယူအဆနှစ်ခုရှိနေသည်။ သို့ရာတွင် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းစာအုပ်ထွက်ရှိပြီးနောက်တွင် မြန်မာ့သမိုင်းအား ဖော်ပြရာ၌ ဝိဝါဒကွဲလွဲမှုများဖြစ်ပေါ်လာခဲ့သည်။ ရှေးဟောင်းသုတေသနပညာရှင်များနှင့် သမိုင်းပညာရှင်များသည် ယခင်က မြန်မာနိုင်ငံ၏ ယဉ်ကျေးမှုကာလအစော မြန်မာ့သမိုင်းပညာရှင်များနှင့် ရှေးဟောင်းသုတေသနပညာရှင်များသည် ၎င်းတို့ပြုစုခဲ့သော သမိုင်းကျမ်းသည် ပြီးပြည့်စုံမှုမရှိသေးကြောင်းအား စာအုပ်တွင်ထည့်သွင်းဖော်ပြကာ နောင်လာမည့် မျိုးဆက်များအနေဖြင့် ထပ်မံဖြည့်စွက်ရေးသားရန် လိုအပ်ကြောင်း အမြော်အမြင်ကြီးစွာ လက်ဆင့်ကမ်းခဲ့သည်။

### မြန်မာပညာရှင်များ၏ ကြိုးစားအားထုတ်မှုရလဒ်များ

၁၉၈၀ ဝန်းကျင်ခုနှစ်များတွင် ရှေးဟောင်းသုတေသနပညာသည် ခေတ်မီနည်းပညာနှင့် စက်ကိရိယာများကို အသုံးပြုလာနိုင်သဖြင့် ယခင်ကတိမ်မြုပ်နေခဲ့သော သမိုင်းအမွေအနှစ်များကို ရှာဖွေခြင်းနှင့် ထိန်းသိမ်းခြင်းတို့အား ပိုမိုလုပ်ဆောင်လာနိုင်လေသည်။ မြန်မာ့သမိုင်းပညာရှင်များနှင့် ရှေးဟောင်းသုတေသနပညာရှင်များသည် မြန်မာနိုင်ငံအတွင်း နေရာအနှံ့အပြားသို့ သွားရောက်ကာ မြန်မာ

**၂၀၀၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့် နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းဖော်ထုတ်ချက်များအရ ကြေးခေတ်ကာလ ရှေးဦးမြန်မာ့လူ့အဖွဲ့အစည်းသည် ဘီစီ ၉၀၀ ခန့်မှစတင်ကာ ဖြစ်တည်ခဲ့သည့် ပထမဆုံးတွေ့ရှိမှုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အုတ်အိုင်ဒေသတွင် စတင်တွေ့ရှိရပြီးနောက် ဘုတလင်မြို့နယ် ညောင်ကန်ဒေသတွင်လည်းကောင်း၊ ၇၁၀ ဘီစီခန့်တွင် သံခေတ်ဦးကာလ လူ့အဖွဲ့အစည်းတစ်ရပ်သည် တောင်သမန်ဒေသတွင်လည်းကောင်း၊ ၅၃၀ ဘီစီမှ ၉၀ ဘီစီအတွင်း သံခေတ်လူ့အဖွဲ့အစည်းတစ်ရပ်သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ရွာထင်ကုန်းရွာတွင်လည်းကောင်း ပေါ်ထွန်းခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုများ တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်တည်ရှိခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်သည်။**

**စာမျက်နှာ ၂၀ မှအဆက်**

ပြည်ပပညာရှင်များက သတ်မှတ်ခဲ့ကြသည်။ ထို့ကြောင့်ပင် ကျောက်ခေတ်မတိုင်ခင်ကပင်မြန်မာတို့သည် မြန်မာ့ရေမြန်မာ့မြေပေါ်တွင် နေထိုင်ခဲ့ကြောင်း အထောက်အထားများ စတင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ **၂၀၀၁ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနနှင့်နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းဖော်ထုတ်ချက်များအရ ကြေးခေတ်ကာလ ရှေးဦးမြန်မာ့လူ့အဖွဲ့အစည်းသည် ဘီစီ ၉၀၀ ခန့်မှစတင်ကာဖြစ်တည်ခဲ့သည့် ပထမဆုံးတွေ့ရှိမှုအဖြစ် စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အုတ်အိုင်ဒေသတွင် စတင်တွေ့ရှိရပြီးနောက် ဘုတလင်မြို့နယ်ညောင်ကန်ဒေသတွင်လည်းကောင်း၊ ၇၁၀ ဘီစီခန့်တွင် သံခေတ်ဦးကာလ လူ့အဖွဲ့အစည်းတစ်ရပ်သည် တောင်သမန်ဒေသတွင်လည်းကောင်း၊ ၅၃၀ ဘီစီမှ ၉၀ ဘီစီအတွင်း သံခေတ်လူ့အဖွဲ့အစည်းတစ်ရပ်သည် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ်ရွာထင်ကုန်းရွာတွင်လည်းကောင်း ပေါ်ထွန်းခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သဖြင့် မြန်မာနိုင်ငံတွင် ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ယဉ်ကျေးမှုများ တစ်ဆက်တစ်စပ်တည်း ဖြစ်ပေါ်တည်ရှိခဲ့ကြောင်း မှတ်တမ်းတင်နိုင်ခဲ့ပြီဖြစ်သည်။**

ထို့ပြင် ကြေးခေတ်ယဉ်ကျေးမှုနှင့် သံခေတ်ယဉ်ကျေးမှုဖြစ်သော စမုန်မြစ်ဝှမ်းယဉ်ကျေးမှုတို့ ဆက်စပ်နေပုံများ၊ စမုန်မြစ်ဝှမ်းယဉ်ကျေးမှုမှသည် ပျူခေတ်ယဉ်ကျေးမှုသို့ကူးပြောင်းလာပုံ စသဖြင့် မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းဖြစ်တည်နေသည့် သမိုင်းအချက်အလက်များအား မြန်မာပညာရှင်များနှင့် ဖိတ်ခေါ်ထားသော နိုင်ငံခြားသားပညာရှင်များ ပူးပေါင်းကာ ရှာဖွေတွေ့ရှိခဲ့လေသည်။ ထိုတွေ့ရှိမှုများ၏ နောက်ဆက်တွဲအဖြစ် မြန်မာနိုင်ငံတွင်ရှိနေသည့် ပျူမြို့ဟောင်းသုံးမြို့ (သရေခေတ္တရာ၊ ဗိဿနိုးနှင့်ဟန်လင်း)တို့အား ယူနက်စကိုမှ ကမ္ဘာ့အမွေအနှစ်စာရင်းဝင်သို့ ထည့်သွင်းသတ်မှတ်ခဲ့လေသည်။ ပျူခေတ်နှင့် ပုဂံခေတ်တို့၏ ဆက်စပ်တည်ရှိမှုအား ဆက်လက်ရှာဖွေကာ ပျူခေတ်ဟုဆိုနိုင်သည့်သရေခေတ္တရာမင်းဆက်၏နောက်ဆုံးမင်းဆက်သည် ပုဂံ၏ ပထမဆုံးမင်းဆက်အားတည်ထောင်ခဲ့သည် ဆိုသည့်အချက်အား စာပေအထောက်အထားများဖြင့်သော်လည်းကောင်း၊ ဗိသုကာလက်ရာအထောက်အထားများအရသော်လည်းကောင်း၊ ကာဗွန်သက်တမ်းစစ်ဆေးခြင်းနည်းလမ်းများဖြင့်သော်လည်းကောင်း အထောက်အထားများစွာ ဆက်လက်တွေ့ရှိလာခဲ့သည်။ ထိုကဲ့သို့ ကြိုးပမ်းအားထုတ်မှုများကြောင့် မြန်မာနိုင်ငံသားတို့သည် လူသားများအဖြစ် စတင်ဖြစ်တည်လာသည့်အချိန်ကတည်းကပင် ဤမြေ ဤရေတွင် စဉ်ဆက်မပြတ်နေထိုင်ခဲ့သည့် အထောက်အထားများအား ခိုင်မာစွာဖော်ထုတ်ပြသနိုင်လာခဲ့သည်။



ပျူခေတ်ဆိုင်ရာအထောက်အထားအချက်အလက်ဆွေးနွေးပွဲကျင်းပစဉ်။



မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ပြုစုပုံနှိပ်နိုင်ရေးကော်မတီအစည်းအဝေးကျင်းပစဉ်။

**မှားယွင်းနေသော မြန်မာ့သမိုင်းအား ပြန်လည်ပြင်ဆင်ရန် ကြိုးပမ်းခဲ့ပုံ**

မြန်မာ့သမိုင်းအား ကိုလိုနီခေတ်အတွင်းတွင် နိုင်ငံခြားသမိုင်းဆရာများမှ လိုရာဆွဲရေးသားခြင်း၊ ရည်ရွယ်ချက်ရှိစွာဖြင့် လူမျိုးရေးခွဲခြားရေးဖြစ်ပေါ်စေရန် ရေးသားခြင်းများ လုပ်ဆောင်ခဲ့သဖြင့် လွန်ခဲ့သော နှစ် ၆၀ ခန့်တွင် မြန်မာနိုင်ငံအခြေပြသမိုင်းအဖြစ် ပြန်လည်ပြင်ဆင်ထုတ်ဝေခဲ့သော်လည်း နည်းပညာအားနည်းချက်များ၊ တူးဖော်ရေးအားနည်းချက်များကြောင့် ထိရောက်စွာပြန်လည်ချေပနိုင်ရန် ခက်ခဲခဲ့သည်။ မြန်မာ့သမိုင်းပညာရှင် ဒေါက်တာသန်းထွန်း မကွယ်လွန်မီ ရေးသားခဲ့သော စာတမ်းများ၊ ဆောင်းပါးများတွင် မြန်မာ့သမိုင်းသည် နိုင်ငံခြားသားသမိုင်းဆရာတို့၏ ခြယ်လှယ်မှုမှ မလွတ်မြောက်နိုင်သေးကြောင်း၊ ၎င်းတို့မျိုးဆက်လက်ထက်တွင် ထိုလွှမ်းမိုးမှုအား ပြန်လည်ချေဖျက်ရန်အတွက် လိုအပ်သော အထောက်အထားများမပြည့်စုံသေးခြင်း၊ ပြင်ဆင်နိုင်ရန်အခြေအနေမရှိသေးခြင်းတို့ကြောင့် နောင်မျိုးဆက်များအနေဖြင့် ဆက်လက်လုပ်ဆောင်သွားကြရန် တိုက်တွန်းခဲ့သည်ကို တွေ့ရှိရသည်။ ဒေါက်တာသန်းထွန်းနှင့်အတူ သုတေသနပြုလုပ်ဆောင်ခဲ့သော ရှေးဟောင်းသုတေသနပညာရှင် ဦးမောင်မောင်တင်မှလည်း "ယနေ့ခေတ်တွင် သမိုင်းကိုငြင်းခုံရာတွင် တုတ်ထမ်း ဓားထမ်းပြောရန် မလို၊ ပေါက်တူးထမ်း၍ တူးဖော်ရှာဖွေပြီး ငြင်းရန်" ပြောဆိုခဲ့သည်။ နိုင်ငံတော်အစိုးရအဆက်ဆက်အနေဖြင့် ၁၉၇၀ နောက်ပိုင်းတွင် မြန်မာ့သမိုင်း၏တစ်ဆက်တစ်စပ်တည်း ဖြစ်တည်မှုအား မှန်ကန်စွာဖော်ပြနိုင်မည့် တူးဖော်သုတေသနပြုရေးနှင့် စမ်းသပ်စစ်ဆေးရေးများအား အထူးဝါယမစိုက်ထုတ်ကာ ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။

**တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်ရေးသားပြုစုရေးလုပ်ငန်း**

မြန်မာ့သမိုင်းစဉ်တွင် ခိုင်ခိုင်မာမာကိုးကားစရာအဖြစ် လွန်ခဲ့သော နှစ် ၅၀ ကျော်က ရေးသားထားသည့် "အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း" သာ ရှိခဲ့ရာမှ နောက်ပိုင်းတွင် ပြည်တွင်း၊ ပြည်ပပညာရှင်များ၏ ဘာသာရပ်အလိုက် ကွင်းဆင်းလေ့လာ သုတေသနပြုအသစ်တွေ့ရှိချက်များ၊ ပြည်ပဓာတ်ခွဲခန်းများတွင် သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှုများကြောင့် ပျူခေတ်ကာလ သမိုင်းစဉ်သည်လည်း ပိုမို၍ ရုပ်လုံးပေါ် ပြည့်စုံလာပြီဟုယူဆရပြီး တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းစဉ်အား ပြန်လည်ဖြည့်စွက်ပြင်ဆင်ရေးသားနိုင်မည့်ရလဒ်ကို မျှော်မှန်းနိုင်ပြီဖြစ်သည်။ ထိုလုပ်ငန်းစဉ်အားလုပ်ဆောင်ရန်အတွက် **နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းအား ရေးသားပြုစုရန် စတင်ဆောင်ရွက်ခဲ့သည်။**

၂၀၂၂ ခုနှစ် ဇွန်လမှစတင်ကာ ၂၀၂၃ ခုနှစ် မေလအထိ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဆိုင်ရာ အသစ်တွေ့ရှိရသည့် အထောက်အထားအချက်အလက်များကို ပြည်တွင်း၊ ပြည်ပပညာရှင်များရှေ့တွင် ညှိနှိုင်းဆွေးနွေးခြင်း၊ စစ်ဆေးခြင်းနှင့် ဖြည့်စွက်ရေးသားခြင်းအတွက် ဆွေးနွေးပွဲလေးကြိမ်ကျင်းပကာ မူကြမ်းစာအုပ်အား စတင်ရေးသားခဲ့ပြီးဖြစ်သည်။ ထိုစာအုပ်ထဲတွင် အခြေပြမြန်မာ့နိုင်ငံရေးသမိုင်းထဲမှ လိုအပ်ချက်များဖြစ်သည့် သိပ္ပံနည်းကျ သက်တမ်းတွက်ချက်မှု (Carbon Dating Test)များ၊ မျိုးရိုးဗီဇစစ်ဆေးမှု (DNA Test)များအား ထပ်မံဖြည့်စွက်ကာ ၁၉၇၀ နောက်ပိုင်းတွင်တွေ့ရှိရသော တူးဖော်တွေ့ရှိမှု အထောက်အထားအသစ်များအား

မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ်သောသမိုင်းစဉ်အား လေ့လာခြင်းလုပ်ငန်းတွင် သမိုင်းပညာရှင်များ၊ ရှေးဟောင်းသုတေသနပညာရှင်များသာမက ဘူမိဗေဒပညာရှင်များနှင့် မနုဿဗေဒပညာရှင်များပါ အားဖြည့်ပါဝင်လာကြသဖြင့် သုတေသနပြုလုပ်ခြင်းနှင့် တူးဖော်ရှာဖွေမှုများသည် အရှိန်အဟုန်ဖြင့် တိုးတက်လာသည်ကို တွေ့ရှိရသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်းအား ရေးသားပြုစုရန် စတင်ဆောင်ရွက်ခဲ့သည်။

မိမိတို့၏သမိုင်းအစစ်အမှန်အား ပိုမိုသိရှိလာကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ နိုးကြားလာနိုင်သဖြင့် "တစ်ဆက်တစ်စပ်တည်းသော မြန်မာ့သမိုင်း" ရေးသားပြုစုခြင်းလုပ်ငန်းကြီးအား အောင်မြင်စွာလုပ်ဆောင်နိုင်ရန် နိုင်ငံသူနိုင်ငံသားများအားလုံး ဝိုင်းဝန်းကူညီရမည်ဖြစ်သည်။ ထိုကဲ့သို့ လုပ်ဆောင်နေသော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပညာရှင်များ၏ ကြိုးစားအားထုတ်မှုများအောင်မြင်နိုင်စေရန်အတွက် မြန်မာနိုင်ငံသားများအားလုံးကလည်း ဝမ်းမြောက်စွာ ကြိုဆိုအားပေးရမည်ပင်ဖြစ်ပါသည်။

**စာမျက်နှာ ၂၂ သို့**

# လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သန္နိဋ္ဌာန်ထားပြီး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၁

ရွေးကောက်ပွဲဆိုင်ရာ စွမ်းရည်မြှင့် သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံး အဆောက်အအုံ၌ ကျင်းပသည်။




သင်တန်းဆင်းပွဲတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသန်းစိုး က သင်တန်းတက်ရောက်ခဲ့ကြသည့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ တာဝန်ရှိသူ များအနေဖြင့် ကျန်ရှိသည့် ခရိုင်၊ မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများ အတွက် ဆင့်ပွားသင်တန်းများ ဖွင့်လှစ် ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ သင်တန်းကရရှိခဲ့သည့် MMP စနစ် အကြောင်းကိုလည်း နိုင်ငံရေးပါတီများ၊ အများပြည်သူများ သိရှိစေရန် ဖြန့်ဝေ ပြောကြားရန်လိုကြောင်း၊ ရွေးကောက်ပွဲ အတွက် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေး သည် ဦးစားပေးဖြစ်သကဲ့သို့ အရေးကြီးပါ ကြောင်း၊ မဲစာရင်းပြည့်စုံမှန်ကန်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်း စိစစ်၍ အမှားအယွင်းမရှိအောင်၊ မှန်မှန် ကန်ကန်ဖြစ်အောင် ဆောင်ရွက်ကြရန် အလေးထားမှာကြားလိုကြောင်း။

လွှတ်တော် ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းနှင့်စပ်လျဉ်း ၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို နိုင်ငံရေးပါတီများသိရှိအောင် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများက ရှင်းလင်းပြောကြား ရန်လိုပါကြောင်း၊ ရွေးကောက်ပွဲများကို အပိုင်းလိုက် ဆောင်ရွက်ရာတွင်လည်း စနစ်တကျဆောင်ရွက်နိုင်ရေး စီမံချက်များ အတိုင်း ဆောင်ရွက်ရန်လိုကြောင်း၊ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းပါဝင် မှုဖြင့် အောင်မြင်အောင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် မှ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲ ကျင်းပရာတွင် မည်သူ့ကိုမျှဘက်မလိုက်ဘဲ ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် တိတိ ကျကျဆောင်ရွက်ကြမည်ဟု ယုံကြည်ပါ ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် သန္နိဋ္ဌာန်ထားပြီး ဝိုင်းဝန်းကြိုးပမ်းဆောင် ရွက်ကြရန် မှာကြားသည်။

သင်တန်းဆင်းပွဲသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး တာဝန်ရှိသူများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေနှင့် ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွေးကောက်ပွဲ အရာရှိများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**စာမျက်နှာ ၂၁ မှအဆက်**

ထည့်သွင်းထားသည်။ အဆိုပါမူကြမ်း စာအုပ်တွင် မြန်မာနိုင်ငံသားများသည် ပရိုင်းမိတ်ဖြစ်ပေါ်လာသည့်ကာလမှစ၍ သံခေတ်ဟုဆိုနိုင်သည့် စမုန်မြစ်ဝှမ်း ယဉ်ကျေးမှုကာလအထိ တစ်ဆက်တစ်စပ် တည်းပင် မြန်မာ့ရေမြေပေါ်တွင် ရှင်သန် နေထိုင်ခဲ့ကြသည့် သမိုင်းစဉ်အဆင့်ဆင့် အား အထောက်အထားခိုင်မာတိကျစွာ ရေးသားထားခဲ့သည်။

ထိုဆွေးနွေးပွဲများနှင့် တစ်ဆက်တည်း ပင် ပျူခေတ်ကာလသမိုင်းစဉ်တို့နှင့်ပတ် သက်၍ ဆွေးနွေးပွဲများအား ၂၀၂၂ ခုနှစ် ဇွန်လမှ ၂၀၂၅ ခုနှစ် ဇွန်လအထိ လေး ကြိမ်ပြုလုပ်ကာ ပျူခေတ်ကာလရှေးဦး မြန်မာများ၏ စာပေ၊ ယဉ်ကျေးမှု၊ ဗိသုကာ ပညာနှင့် အခြားသောကဏ္ဍများအား အသစ်တွေ့ရှိရသည့် အထောက်အထား များအား အခြေခံကာ ဖြည့်စွက်သင့်သည် ကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်သင့်သည် တို့ကို ပြင်ဆင်ခြင်းများလုပ်ဆောင်ခဲ့သည်။ ထိုဆွေးနွေးပွဲများ၏ ရလဒ်အဖြစ် ပျူမြန်မာ တစ်ဆက်တစ်စပ်တည်းဖြစ်တည်ခဲ့မှုများ၊ ပျူခေတ်နှင့်ပုဂံခေတ်သည် တစ်ဆက် တစ်စပ်တည်း တည်ရှိနေမှုများအား အတည်ပြုနိုင်ခဲ့သဖြင့် မြန်မာ့သမိုင်းစဉ် ရေးသားခြင်းလုပ်ငန်းတွင် ကြီးမားသည့် အကျိုးသက်ရောက်မှုအား ဖြစ်ပေါ်စေခဲ့ သည်။ အဆိုပါဆွေးနွေးပွဲများ၏ ရလဒ် အရ ရှေးယခင်က သတ်မှတ်ခဲ့ကြသည့် မြန်မာတို့သည် တိဗက်ကုန်းမြေမြင့်မှ ဆင်းသက်လာကာ မြန်မာနိုင်ငံသို့ အေဒီ ၈ ရာစုတွင် ဝင်ရောက်လာပြီး မြို့ပြတည် ထောင်ခဲ့သည်ဟူသော မှားယွင်းသည့် သမိုင်းအားပယ်ဖျက်ကာ လူသားများ အဖြစ် စတင်ဖြစ်တည်လာမည့် ပရိုင်း မိတ်ကာလမှပင် မြန်မာတို့သည် မြန်မာ့ ရေမြေပေါ်တွင် နေထိုင်ခဲ့ကြသည်ဟူသည့် အချက်အား မီးမောင်းထိုးဖော်ပြလာ နိုင်သည်။

ဆွေးနွေးပွဲများတွင် ပြည်တွင်း၊ ပြည်ပမှ ပညာရှင်များစွာအား နယ်ပယ်အသီးသီး မှ ဖိတ်ခေါ်ကာ အပြန်ပြန်အလှန်လှန် စစ်ဆေးပြီး ရရှိလာသော မူကြမ်းများအား "မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ်တည်း သော မြန်မာ့သမိုင်းစဉ်ပြုစုပုံနှိပ်နိုင်ရေး ကော်မတီ" သို့ပေးအပ်ကာ မြန်မာနိုင်ငံ ၏ မှန်ကန်သောသမိုင်းအချက်အလက် များအား ခိုင်မာသောအချက်အလက် များအဖြစ် မှတ်တမ်းပြုစုရန်၊ ပြည်သူလူထု သိရှိစေရန် သမိုင်းစဉ်စာအုပ်ထုတ်ဝေရန်၊ ခိုင်မာသောသမိုင်းအား အခြေခံပညာနှင့် အဆင့်မြင့်ပညာရေး သင်ရိုးညွှန်းတမ်းများ တွင် အနီးစပ်ဆုံးသော စာသင်နှစ်မှစတင် ထည့်သွင်းရေးသားပြင်ဆင်ဖြည့်စွက်ပေး ရန် လုပ်ဆောင်လျက်ရှိသည်။

**ရှေးပညာရှိများ၏ မျိုးဆက်အမွေ**

မြန်မာနိုင်ငံ၏ တစ်ဆက်တစ်စပ် တည်းသော သမိုင်းစဉ်စာအုပ်ပြုစုခြင်း၏ အဓိကရည်ရွယ်ချက်မှာ လူသားများစတင် ဖြစ်တည်ချိန်မှ ပျူခေတ်အထိ တစ်ဆက် တစ်စပ်တည်းသမိုင်းနှင့် မြန်မာနိုင်ငံသမိုင်း တွင် ကွက်လပ်ဖြစ်နေသော ဟာကွက် များကို ဖြည့်ဆည်းရန်အတွက် အသစ် ထပ်မံတွေ့ရှိချက် အထောက်အထားများ ကို ပြင်ဆင်ဖြည့်စွက်ရန်၊ သမိုင်းစဉ် အထောက်အထားများကို အသစ်တွေ့ ရှိချက်များသာမက ခေတ်မီသက်တမ်း တွက်ချက်မှုများကိုပါ ဖြည့်စွက်ရေးသား ရန်နှင့် စစ်မှန်သော မြန်မာ့သမိုင်းပေါ်လွင်ရန် ဖြစ်၍ မြန်မာ့သမိုင်းအဖွဲ့ ပညာရှင်များနှင့် စိစစ်ရေးအဖွဲ့ ပညာရှင်များက တည်းဖြတ် ပေးရန်ဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဖိမှ မြန်မာနိုင်ငံ၏တစ်ဆက်တစ် စပ်တည်းသော မြန်မာ့သမိုင်းစဉ်ပြုစုပုံနှိပ် နိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ကိုလိုနီခေတ်တွင် ကိုလိုနီလူမျိုးခြား ပညာရှင်များမှ ဘက်လိုက်ရေးသားခဲ့သော မှားယွင်းနေသည့် သမိုင်းအချက်အလက် များ၊ မြန်မာတို့၏ ဇာတိမာန်အား ရိုက်ချိုး စေရန် ရေးသားမှုများ၊ လူမျိုးရေးဘက် လိုက်ရေးသားမှုများအား နှောင်းကာလ မြန်မာ့သမိုင်းပညာရှင်များက ချေဖျက် ရန်ကြိုးစားခဲ့ကြသော်လည်း ထိုခေတ် ကာလ၏ အခြေအနေများကြောင့် အလုံးစုံ ပြန်လည်ပြင်ဆင်ရန် မဖြစ်နိုင်ခဲ့သည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ထိုမှားယွင်း သော အချက်အလက်များအား ပညာရေး သင်ရိုးညွှန်းတမ်းများတွင် ဆက်လက် ဖော်ပြလျက်ရှိနေဆဲပင်ဖြစ်သည်။ ယခု အခါတွင် စစ်မှန်သည့် မြန်မာ့သမိုင်းသည် တစ်စစနှင့် ပီပြင်စွာပေါ်ထွက်လာခဲ့သည် ဖြစ်ရာ "အခြေပြမြန်မာ့နိုင်ငံရေးသမိုင်း" အား ရေးသားပြုစုခဲ့ကြသည့် ပညာရှင် များနှင့် နှောင်းခေတ်ကာလသမိုင်းပညာ ရှင်များ ခေတ်အဆက်ဆက် ကြိုးစား အားထုတ်မှု၏ရလဒ်ဟု ဆိုနိုင်မည်ဖြစ် သည်။ ထိုပညာရှင်ကြီးများသည် ၎င်းတို့ လက်ထက်တွင် ပြင်ဆင်ရန်ခက်ခဲသည်ကို သိရှိသဖြင့် နောင်တွင် မျိုးဆက်သစ်များ ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် အတတ်နိုင်ဆုံး အားထုတ်ကြိုးပမ်း ရေးသားထားသည်ဖြစ်ရာ ယခုအချိန်တွင် "တစ်ဆက်တစ်စပ်တည်းသော မြန်မာ့ သမိုင်း" ရေးသားပြုစုရာတွင်ကြီးမားသော အထောက်အပံ့ပင်ဖြစ်လာခဲ့သည်။ ယခု ကျွန်တော်တို့မျိုးဆက်တွင် "တစ်ဆက် တစ်စပ်တည်းသော မြန်မာ့သမိုင်း" ရေးသားရာတွင် နိုင်ငံခြားပညာရှင် များ၏ ခြယ်လှယ်မှုကင်းလွတ်ကာ ခိုင်မာ တိကျသော အထောက်အထားများစွာဖြင့် ခိုင်မာစွာ ရေးသားပြုစုနေခြင်းဖြစ် သော်လည်း အလုံးစုံပြည့်ဝမှန်ကန်ရန် လိုအပ်နေဆဲပင်ဖြစ်သည်။ မျိုးဆက်သစ် များလက်ထက်တွင်လည်း အသစ်ထပ်မံ တွေ့ရှိချက်များရှိလာပါက ပြင်ဆင် ဖြည့်စွက်ရဦးမည်ပင်ဖြစ်သည်။ ထို လုပ်ငန်းစဉ်ကြီးသည် မြန်မာနိုင်ငံသား များအတွက် အစဉ်အဆက်လုပ်ဆောင် ရမည့် အမျိုးသားရေးတာဝန်ဖြစ်ရာ "တစ်ဆက်တစ်စပ်တည်းသော မြန်မာ့ သမိုင်း" ရေးသားပြုစုနေသည့် ကော်မတီ ၏ လုပ်ဆောင်ချက်များသည် သမိုင်းမှတ် တိုင်တစ်ခုအဖြစ် ဖြစ်တည်လာပြီဖြစ်သည်။ **မိမိတို့၏သမိုင်းအစစ်အမှန်အား ပိုမိုသိရှိ လာကာ အမျိုးဂုဏ်၊ ဇာတိဂုဏ်များ နိုးကြားလာနိုင်သဖြင့်"တစ်ဆက်တစ်စပ် တည်းသော မြန်မာ့သမိုင်း" ရေးသား ပြုစုခြင်းလုပ်ငန်းကြီးအား အောင်မြင် စွာလုပ်ဆောင်နိုင်ရန် နိုင်ငံသူနိုင်ငံသား များအားလုံး ဝိုင်းဝန်းကူညီရမည်ဖြစ် သည်။ ထိုကဲ့သို့ လုပ်ဆောင်နေသော အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့် ပညာရှင်များ၏ ကြိုးစားအားထုတ် မှုများ အောင်မြင်နိုင်စေရန်အတွက် မြန်မာနိုင်ငံသားများအားလုံးကလည်း ဝမ်းမြောက်စွာ ကြိုဆိုအားပေးရမည်ပင် ဖြစ်ပါသည်။** ။

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)




# မြစ်ကြီးနားမြို့ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် ဩဂုတ် ၂၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဝန်းသိုဓမ္မရက္ခိတကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၄၂ ပါးတို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဝန်းသိုဓမ္မရက္ခိတကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (ဪဝ)

# မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၈ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့



မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၈ ဦးကို ထပ်မံစစ်ဆေး ဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့မှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဩဂုတ် ၂၁

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ် မယ်ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေတို့တွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများအပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ဦးရေ ၃၀၊ ကင်ညာနိုင်ငံသား လေးဦး၊ အိန္ဒိယနိုင်ငံသား နှစ်ဦး၊ ကင်မရွန်းနိုင်ငံသား တစ်ဦးနှင့် အီသီယိုးပီးယားနိုင်ငံသား တစ်ဦး စုစုပေါင်းပြည်ပနိုင်ငံသား ၃၈ ဦးကို ယနေ့တွင် ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည်။

အဆိုပါ စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့သည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များက လိုအပ်သည့်ကိုယ်ရေးအချက်အလက်များနှင့် မှတ်တမ်းများ စာရင်းကောက်ယူခြင်းလုပ်ငန်း နေ့ချင်းပြီးဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဩဂုတ် ၂၁ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၆၉ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက် ၉၂၀၅ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၆၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (ဪဝ)

☆ **ဖမ်းဆီးရမိမှု**

ထို့အတူ ဩဂုတ် ၁၉ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သတင်းအရ သာစည်မြို့နယ် ပြည်ညောင်ကျေးရွာအုပ်စု ပြည်ညောင်ကျေးရွာအနီး မိတ္ထီလာ-တောင်ကြီးသွားကားလမ်းဘေးရှိဝိုင်းဖွဲ့ထိုင်နေသူ ကြည်လွင် ၃၉ နှစ်၊ မမေစန်း(ခ)မငယ် ၃၅ နှစ်၊ မဆန်းမြ (ခ)ဝတုတ် ၅၆ နှစ်နှင့် ဘိုလု ၂၅ နှစ်တို့ကို ရှာဖွေစစ်ဆေးခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ (၎င်းဒေသ တန်ဖိုးငွေကျပ်သိန်း ၄၀၀)ကို ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ထူးခြားသည့် နေ့အပူချိန်များ

၂၁- ၈-၂၀၂၅

| | | | | |
|---|---|---|---|---|
| မြင်းမူ | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၃၆ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| သာစည် | ၃၅ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၅ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| စစ်ကိုင်း | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

**အိမ်ပြင်ပဥ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

ဝတ္ထုတိုကလျာ

# ဝက်သားဒံပေါက်

ထွန်းလှိုင်(မြိုင်)



"ဗျို့ ဆရာကြီး၊ မင်္ဂလာဆောင်ဖိတ်စာတစ်စောင်ပါတယ်"ဆိုပြီး ဆိုက်ကားသမားတစ်ယောက်ပေးသွား၏။ ဖတ်ကြည့်လိုက်တော့ ဆရာမောင်တင်ထွေး တာဝန်ကျစဉ်က လုပ်ဖော်ကိုင်ဖက် ဦးကျော်ရွှေ၏သား မင်္ဂလာဆောင်ဖြစ်နေ၏။ ရင်းနှီးခဲ့သော မိတ်ဆွေတစ်ယောက်ဖြစ်၍ သွားရဦးမည်။ ဦးကျော်ရွှေကို ယနေ့ထိ ကျေးဇူးတင်နေဆဲ။

ဆရာမောင်တင်ထွေး တိုက်ကြီးမြို့နယ်တွင် တာဝန်ကျစဉ်ကဖြစ်သည်။ ယခင်က ကြက်မွေးဖက်ယှူသူများ မွေးဖက်ကြွေးကျန်နေကြသည်။ ကြွေးကျန်များဆက်လက်ကောက်ပေးရန် ဌာနက ညွှန်ကြားစာရောက်လာ၏။ မွေးဖက်ကြွေးကျန်က သိန်းတစ်ရာ့ရှစ်ဆယ်ကျန်နေ၏။ တောင်းပြန်တော့လည်း အကြောင်းအမျိုးမျိုးပြနေ၏။ တရားစွဲဖို့ကလည်း အခြေအနေမပေး။ ဒီတော့ တတ်နိုင်သမျှစည်းရုံးပြီး တောင်းခဲ့၏။ သိန်းတစ်ရာ့သုံးဆယ်နီးပါး ရရှိခဲ့၏။ ဩော် လူတွေလူတွေ ယူတုန်းကတော့အလုအယက် မရရတဲ့နည်းနှင့်ယူကြကုန်၏။ ကြွေးပြန်ဆပ်တော့ အကြောင်းအမျိုးမျိုးပြရှောင်ကြ၏။ မွေးဖက်ကြွေးကောက်ခံစဉ်က သက်ဆိုင်ရာဌာနက ရာခိုင်နှုန်းဖြင့် ခံစားခွင့်ပြုမည်ဟုသိခဲ့ရ၏။ ကြွေးရလို့ဆပ်တော့ အကြေဆပ်ရန် မကောက်ခံနိုင်လို့ဆိုပြီး ခံစားခွင့်မရခဲ့။ အေးလေ မပေးတော့လည်း ဘာတတ်နိုင်မှာလဲ။ ဝန်ထမ်းဘဝဒီလိုပါပဲ။ ထိုကြွေးတွေ ကောက်ခံစဉ်ကရော ဌာန၏ကာကွယ်ဆေးထိုးလုပ်ငန်း၊ အိုင်တူးလုပ်ငန်း၊ မျိုးညံ့နွားသိုး ပပျောက်ရေးလုပ်ငန်းများကိုလည်း ဦးကျော်ရွှေက ကူညီခဲ့၊ အကျိုးမျှော်နိုးဆော်ခဲ့၏။

ဒီကျေးဇူးတွေရှိခဲ့၍ ဦးကျော်ရွှေ၏သား မင်္ဂလာဆောင်ကို ဆိုင်ကယ်စီးပြီးလာခဲ့၏။ လမ်းတွေက ကျင်းတွေ၊ ချိုင့်တွေ၊ တံတားတွေကကျိုး၊ ဆိုင်ကယ်ကျွံမကျအောင် သတိထားစီးခဲ့ရ၏။ ယခင်ကမြို့တော်စည်ပင် ဥတိုစိုက်ခင်း ခင်းကျင်းစဉ်က လမ်းတွေက ဖယောင်းလမ်းကိုဖြတ်ရသလို အခုတော့ ခယောင်းလမ်းကိုဖြတ်ရသလိုဖြစ်နေပြီ။ အစစအရာရာ အမြဲပြောင်းလဲနေ၏။ မမြဲသင်္ခါရတရားတွေ ဆရာမောင်တင်ထွေးစိတ်ထဲ ထင်ဟပ်လာ၏။ မင်္ဂလာဆောင်အိမ်ရောက်တော့ ဦးကျော်ရွှေက–

"လာပဲ့မလားလို့ ဆရာရယ်၊ ဝမ်းသာလိုက်တာ" ဆိုပြီး ဖက်လဲတကင်းကြိုဆိုလိုက်ပါသည်။ သတို့သား၊ သတို့သမီးက ပီတိအပြုံးနှင့်နှုတ်ဆက်ကြပြီး ကြီးကြီးငယ်ငယ်၊ ရွယ်ရွယ်လတ်လတ်တွေမကျန် မဏ္ဍပ်ထဲမှာ စည်ကားနေသည်။ ဆရာမောင်တင်ထွေး လက်ဖွဲ့ပစ္စည်းကိုလက်ဖွဲ့ပြီး မဏ္ဍပ်ထဲ ဝင်ထိုင်မည်ဟု ပြင်တော့–

"အိမ်ပေါ်ကြွပါ"ဆိုပြီး ဦးကျော်ရွှေက ဦးဆောင်ခေါ်သွား၏။ ဩော်... ကိုယ့်အရွယ်က အိမ်ဦးခန်းအရွယ်တောင်ရောက်နေပြီလားဟု သတိထားမိလိုက်သည်။ ဝန်ထမ်းဘဝ အသက်ခြောက်ဆယ်ပြည့်လို့ ပင်စင်ယူလိုက်ရသော်လည်း ဟိုယောင်ယောင်သည်ယောင်ယောင်လုပ်နေ၏။ အသက်က တွန်းပို့နေသော်လည်း ဘုရားရိပ်၊ တရားရိပ် ဟုတ်တိပတ်တိ မရောက်ဖြစ်သေး။ ရိက္ခာကောင်းကောင်း မယူရသေး။ ဆရာမောင်တင်ထွေး အကြွေးတင်နေပါလား စဉ်းစားမိ၏။

"ဆရာ ဖြည်းဖြည်းဆေးဆေးမှ ပြန်တာပေ့ါ" ဆိုပြီး ဦးကျော်ရွှေက မဏ္ဍပ်ထဲဆင်းသွား၏။ အိမ်ဦးခန်းမှာ ကိုယ့်လိုသက်တူရွယ်တူတွေ အာလာပသလ္လာပပြောနေကြ၏။ မာကြောင်းသာကြောင်းလည်းပါ၏။ ဝိပဿနာအကြောင်းလည်း ပါ၏။ စီးပွားရေး၊ သားရေးသမီးရေး၊ နိုင်ငံရေးအစပါ၏။ ဆရာမောင်တင်ထွေးကတော့ ခပ်မဆိတ်နေလိုက်၏။ ခဏကြာတော့ ဦးကျော်ရွှေ ထမင်းစားပွဲကြီးနှင့် ရောက်လာ၏။

"ဆရာ ဒံပေါက်သုံးဆောင်ရအောင်"ဟု ခေါ်လိုက်၏။ ကျန်လူများပါ ခေါ်လိုက်တော့ လေး၊ ငါးယောက်ဖြစ်သွား၏။ ကျန်လူများကတော့ ဒံပေါက်ကို အလျင်စလိုစားကြသည်။ ဆရာမောင်တင်ထွေးကတော့ ဒံပေါက်ဆိုတော့ ကြက်သားဒံပေါက်ပဲ ထင်လိုက်သည်။ သို့သော် ဒံပေါက်အရောင်ရော အသားတုံးကပါ အဝါရောင်လည်းမဟုတ်၊ အမဲရောင်လည်းမဟုတ်။ ထူးဆန်းနေ၏။ ဦးကျော်ရွှေက တစ်ဆက်တည်း–

"အားမနာနဲ့ ဆရာ၊ သုံးဆောင်ပါဆရာ"ဟု ဆိုလိုက်၏။

"ဆရာရေ ရွာဆိုတော့ ဒံပေါက်ကြက်ကလဲဝယ်မရ။ အမဲသားကျတော့လဲ ကျွန်တော်တို့လယ်သမားတွေရဲ့ ကျေးဇူးရှင်ဖြစ်နေတယ်။ ဆိတ်သားကျတော့လဲ ဈေးကကြီးသနဲ့။ ဒီတော့ လွယ်လွယ်နဲ့ရတဲ့ ဝက်သားနဲ့ပဲ ဒံပေါက် ခေတ်စားနေတယ်ဆရာ"

အခုမှပဲ ဆရာမောင်တင်ထွေးရှင်းသွားတော့၏။

"နေပါစေ ဦးကျော်ရွှေရေ၊ ကျွန်တော် ဝက်သားမစားလို့ပါ။ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်ပဲ စားပါ့မယ်"ဆိုတော့–

"ဘယ်ဟုတ်မလဲ"ဆိုကာ ထမင်းဖြူနှင့် ငါးဖယ်ဟင်းချပေးသဖြင့် ကျေနပ်အောင်စားလိုက်ရ၏။

အင်း ဝက်သားဒံပေါက်ဆိုတော့ ဘယ်လောက်အကြောတက်မည်မသိ။ သွေးတိုးသမားတွေကတော့ သတိထားရမည်။ ဆရာမောင်တင်ထွေးကတော့ သွေးတိုးရှိလို့၊ အကြောတက်မှာစိုးလို့ဆိုပြီး ဒံပေါက်ကို ရှောင်နေသည်။ စားသည့်လူတွေကတော့ နှစ်ပန်းကန်၊ သုံးပန်းကန်စားနေကြတာ မြင်တွေ့ရ၏။

ဆရာမောင်တင်ထွေးထမင်းစားပြီး အိမ်ဦးခန်းထဲထိုင်နေဆဲမှာ ဦးကျော်ရွှေကတော့ မဏ္ဍပ်ထဲဆင်းညှော့်ခံလိုက်၊ အိမ်ပေါ်ညှော့်ခံလိုက်နှင့် လူးလာခေါက်တုံ့ဖြစ်နေ၏။ သားသမီးတွေအတောင်စုံလို့ ပျံကြတော့မည်။ မိဘဝတ္တရားကျေ၊ မကျေတော့မသိ။ ဆရာမောင်တင်ထွေး ဦးကျော်ရွှေကို နှုတ်ဆက်ပြီး ပြန်ခဲ့၏။

**❖"ဆရာ ဒံပေါက်သုံးဆောင်ရအောင်"ဟု ခေါ်လိုက်၏။ ကျန်လူများပါခေါ်လိုက်တော့ လေး၊ ငါးယောက်ဖြစ်သွား၏။ ကျန်လူများကတော့ ဒံပေါက်ကို အလျင်စလိုစားကြသည်။ ဆရာမောင်တင်ထွေးကတော့ ဒံပေါက်ဆိုတော့ ကြက်သားဒံပေါက်ပဲ ထင်လိုက်သည်။ သို့သော် ဒံပေါက်အရောင်ရော အသားတုံးကပါ အဝါရောင်လည်း မဟုတ်၊ အမဲရောင်လည်းမဟုတ်။ ထူးဆန်းနေ၏။ ဦးကျော်ရွှေက တစ်ဆက်တည်း- "အားမနာနဲ့ဆရာ၊ သုံးဆောင်ပါဆရာ"ဟု ဆိုလိုက်၏။ ❖**

မင်္ဂလာဆောင်ပြီး နောက်နေ့ညနေလောက်ကျတော့ ဦးကျော်ရွှေ ဆိုင်ကယ်စီးပြီး ဆရာမောင်တင်ထွေးထံ ရောက်လာ၏။ ရောက်မဆိုက်–

"ဆရာရေ အိမ်ကခွေး အရိုးမျက်နေတယ်ထင်တယ် ဆရာ။ သွားရည်တွေတများများနဲ့ မနေ့က မင်္ဂလာဆောင်က ဝက်သားဒံပေါက်ကျွေးတော့ ဝက်ရိုးက မစားချင်အဆုံးပဲ ဆရာ။ အဲဒါ ခွေးလေးဆေးလိုက်ကုပေးပါအုံးဆရာ"

ဆရာမောင်တင်ထွေး အလုပ်က ပင်စင်ယူပြီးသော်လည်း ဆေးကုသခြင်းအလုပ်က မနားရသေး။ အချို့ကလည်း ဆေးဖိုးဈေးချိုလို့တဲ့။ အကြွေးလဲကုသပေးသတဲ့။ မရှိရင်လဲ အလကားထိုးပေးသတဲ့။ သမားဆိုအိုမှကွ ပြောတဲ့သူကပြော၊ ဆရာက မာနမကြီးဘူး။ ပြောလို့ဆိုလို့ကောင်းတယ်ဆိုပြီး ဆေးကုလာခေါ်ကြ၏။ တတ်တဲ့ပညာမနေသာဆိုသလို မိတ်ဆွေဟောင်းတွေကို အမြဲကူညီနေ၏။

အခုလည်း ဦးကျော်ရွှေ၏ခွေး ဆေးကုဖို့အရေး ဒီလမ်းဆိုးနှင့် ဒီတံတားကျိုးကိုဖြတ်ကာ ဦးကျော်ရွှေအိမ်သို့ ရောက်ခဲ့ရပြန်၏။ အရိုးမျက်တယ်ဆိုသော ခွေးကို ကြက်ခြံဟောင်းထဲ လှောင်ထား၏။

ဆရာမောင်တင်ထွေး ကြက်ခြံကပ်ကြားမှ ဆန်းစစ်ကြည့်လိုက်၏။ တစ်နှစ်ခွဲသားလောက်ရှိသည့် အင်းခွေးအထီး၊ အညိုရောင်အဝါမွေးနုများက မျက်ခုံးနှင့်ခြေထောက်များကို လွှမ်းထား၏။ အလွန်လှ၏။ သန်မာ၏။ အကောင်ထွားကြိုင်း၏။ ပါးစပ်မှ သွားရည်တစ်စက်စက်ကျနေ၏။ မှုန်ကုပ်ကုပ်နှင့် မှုပျက်နေ၏။

"အစာလဲမမျိုနိုင်ဘူး၊ ရေလဲ မသောက်ဘူး။ ဆရာ့ဆီမလာခင် ကျွန်တော့်သူရင်းငှားက ခွေးပါးစပ်ထဲ အရိုးရှာကြည့်သေးတယ်။ ဘာမှမတွေ့ဘူး။ လည်ချောင်းထဲမှာ တစ်နေရာများစူးနေသလား မသိဘူး ဆရာရယ်"

"ဦးကျော်ရွှေရဲ့ခွေး ခွေးရူးကာကွယ်ဆေးများ ထိုးထားသေးလား"

"မထိုးပါဘူး ဆရာရယ်"

"ကြည့်ရတာတော့ ခွေးရူးရောဂါဖြစ်နေပြီနဲ့တူတယ်"

ထိုအခါ ဦးကျော်ရွှေသားက–

"လွန်ခဲ့တဲ့ တစ်လလောက်ရှိမလား မသိဘူး ဆရာ၊ ခွေးတစ်ကောင် ဝင်ကိုက်သွားတယ်။ ကျွန်တော်တော့ ခွေးရူးတယ်ထင်လို့ နားရွက်ဖျားနှစ်ဖက်စလုံး ဖြတ်ထားတယ်"

"ဒါဆိုရင် ဦးကျော်ရွှေ ခွေးရူးနေတာသေချာပြီ။ ခွေးပါးစပ်ဖြဲတဲ့သူတော့ လက်မှာ အနာအပေါက်အပြဲရှိရင် ခွေးရူးရောဂါကူးတော့မှာပဲ။ ဆေးရုံကြီးသွားပြီး ကာကွယ်ဆေးထိုးပေတော့"ဟု ပြောပြီး ဆရာမောင်တင်ထွေးလည်း လွှတ်များလာရင် ကိုက်မည်စိုး၍ ကြက်ခြံအနီး သစ်တုံးပေါ်တက်လိုက်၏။ ခွေးပါးစပ်ဖြဲသူက ကြောက်ကြောက်လန့်လန့်နှင့်–

"ကျွန်တော့်လက်မှာ ဘာမှမဖြစ်ပါဘူး။ ဘာမှမဖြစ်ပါဘူး"ဟု ပြော၏။ ဆရာမောင်တင်ထွေးခိုင်းမှ ခွေးပါးစပ်ဖြဲသူက ဆပ်ပြာပေးပါအုံး၊ အရက်ပြန်ပေးပါအုံးနှင့် အလုပ်ရှုပ်ကုန်ကြတော့သည်။ ဆရာမောင်တင်ထွေးက–

"ဦးကျော်ရွှေရေ ခွေးရူးကိုက်လို့ နားရွက်ဖြတ်ထားရုံနဲ့ ခွေးရူးရောဂါ ကာကွယ်တာမဟုတ်ဘူး။

စာမျက်နှာ ၂၅ သို့ ➢

# ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၅၀၅၀ စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ကသာ ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၂၅၀၅၀ စိုက်ပျိုးမည်ဖြစ်ကြောင်း ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နှမ်းဧက ၂၅၀၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကသာမြို့နယ်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်းဧက ၂၅၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားပါမယ်။ နှမ်းကို မိုးမှာထက် ဆောင်းမှာပဲ အဓိကထား စိုက်ပျိုးကြတာဖြစ်ပါတယ်။ ဆီထွက်သီးနှံနှမ်း စိုက်ပျိုးမှုအနေနဲ့ကတော့ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးတက်လာပြီး အောင်မြင်တဲ့အနေအထားမှာ ရှိပါတယ်"ဟု ကသာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြသည်။

ကသာမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များစိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်းနှင့်အရည်အသွေး တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ဆီထွက်သီးနှံနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးကိုလေးက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ကျောင်းကုန်း ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငရုတ်သီးစိမ်း ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ တင်ပို့ရောင်းချခဲ့သည့် ငရုတ်သီးစိမ်း ၁၀ ပိဿာလျှင် ငွေကျပ် ၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဇူလိုင်လအတွင်း ကျောင်းကုန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ငရုတ်သီးစိမ်း ပိဿာချိန် ၇၁၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒေသလယ်ယာထွက်ကုန်တွေကို ဧရာဝတီတိုင်းဒေသကြီးအတွင်းထဲက အခြားနယ်မြို့တွေအပြင် ရန်ကုန်ဈေးကွက်ကိုအဓိကတင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ကျောင်းကုန်းမြို့နယ်ကထွက်တဲ့ဒေသထွက် ငရုတ်သီးတွေက အရည်အသွေးကောင်းတာကြောင့် ရက်ရှည်အထားခံပြီး တစ်ဆင့်ပြန်လည်ရောင်းချရာမှာ အဆင်ပြေပါတယ်။ ငရုတ်သီးက အရည်အသွေးကောင်းတော့ ကုန်ပစ္စည်းမှာယူမှုကလဲ တက်နေပါတယ်" ဟု ကျောင်းကုန်းမြို့နယ်မှ ကုန်စိမ်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ တောင်သူများသည် စပါးစိုက်ပျိုးရေးလုပ်ငန်းနှင့်ယှဉ်တွဲပြီး ငရုတ်သီးစိုက်ပျိုးသည့်လုပ်ငန်းကို လုပ်ကိုင်လျက်ရှိကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိလာသော ငရုတ်သီးများသည် အရည်အသွေးကောင်းမွန်ကြောင်း၊ ထိုသို့ ငရုတ်သီးများ တင်ပို့ရောင်းချအား တက်လာခြင်း၊ အရည်အသွေးကောင်းမွန်ခြင်းတို့ကြောင့် ငရုတ်စိုက်တောင်သူများ၊ လုပ်သားများ၊ ကုန်သည်များ၊ ပွဲရုံပိုင်ရှင်များအလုပ်အကိုင်အခွင့်အလမ်း ရရှိအဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

➢ စာမျက်နှာ ၂၄ မှအဆက်

ခွေးရူးရောဂါကာကွယ်ဆေး ကြိုတင်ထိုးထားမှ ကာကွယ်တာဗျ။ ခွေးတွေကိုက်ရင် ခွေးရူးရောဂါကူးစက်နိုင်တယ်။ ခွေးရူးကိုက်ပြီး ၁၅ ရက်အကြာကနေ ရက် ၅၀ အကြာမှာ ခွေးရူးရောဂါလက္ခဏာ စတင်ပြတတ်တယ်။ ခွေးရူးရောဂါဖြစ်တဲ့ တိရစ္ဆာန်ဟာ ဗိုက်နာတာ၊ ထိခိုက်မှုအနာတစ်စုံတစ်ရာဖြစ်ပွားတာ ပြီးတော့ဖျားမယ်။ ပါးစပ်ထဲမှာ ပစ္စည်းတစ်စုံတစ်ရာပိတ်ဆို့နေတဲ့ဝေဒနာ ခံစားရသလိုပြမယ်။ အစာမစား၊ ရေမသောက်၊ နို့မတိုက်ဘဲ သီးခြားနေတတ်တယ်။ မကြာခဏ ဆီးသွားမယ်။ တစ်ရက်ကနေ သုံးရက်အကြာမှာ ကြမ်းတမ်းတဲ့လက္ခဏာဖြစ်စေ၊ ငြိမ်သက်ပြီးအကြောသေတဲ့လက္ခဏာဖြစ်စေ ဖြစ်ပေါ်လာတတ်တယ်။ နောက်ပြီး ကြမ်းတမ်းတဲ့လက္ခဏာပေါ်လာရင် တိရစ္ဆာန်ဟာဂနာမငြိမ်ဖြစ်ပြီး လိုက်လံကိုက်တာတွေကို တွေ့ရမယ်။ တကယ်လို့ အကြောသေလက္ခဏာများဖြစ်ပေါ်လာရင် တိရစ္ဆာန်ရဲ့ ပါးစပ်က သွားရည်တွေကျပြီး အစာမမျိုနိုင်၊ ရေမသောက်နိုင်တာ တွေ့ရတယ်"

"ဆရာ ခွေးရူးရောဂါက သွားရည်ထိလို့ လက်အပေါက်အပြဲအနာရှိရင် ဘာဖြစ်လို့ကူးတာလဲ"ဟု ဦးကျော်ရွှေက မေးလာ၏။

"ဒီလိုဦးကျော်ရွှေရဲ့ ခွေးရူးကိုက်ခံရပြီဆိုရင် ခွေးရူးရောဂါပိုးဟာ ခွေးရူးရောဂါဖြစ်တဲ့ တိရစ္ဆာန်ရဲ့ဦးနှောက်၊ တံတွေးဂလင်းတွေနှင့် အခြားကိုယ်အင်္ဂါအစိတ်အပိုင်းတွေမှာတွေ့နိုင်တယ်။ ရောဂါပိုးဟာ ဦးနှောက်အတွင်းကို နှာ့ဗ်ကြောတွေကတစ်ဆင့်ရောက်ရှိသွားမယ်။ ခွေးရူးဖြစ်တဲ့ တိရစ္ဆာန်တစ်ကောင်က အခြားတိရစ္ဆာန်တစ်ကောင်ကို ကိုက်မိရင် ရောဂါပိုးဟာ တံတွေးကတစ်ဆင့် အခြားတိရစ္ဆာန်ခန္ဓာကိုယ်ထဲ ရောက်ရှိသွားမယ်။ အခု ဦးကျော်ရွှေရဲ့ခွေးက ကြမ်းတမ်းလာပြီး လူ၊ တိရစ္ဆာန်တွေ၊ အထူးသဖြင့် ကလေးသူငယ်တွေကိုကိုက်ရင် အန္တရာယ်ရှိနိုင်တယ်။ လောလောဆယ်တော့ သံကြိုးနဲ့ခိုင်အောင်ချည်ထားပြီး သေရင်တွင်းတူးမြှုပ်ပေတော့"ဟု ဆိုလိုက်၏။

မည္သာမတာပြောရက်လေခြင်းဟု ဆရာမောင်တင်ထွေးကို ထင်ချင်ထင်မည်။ ဒီလိုမပြောရင် ထပ်ပြီး ခွေးရူးကိုက်ခံရဦးမည်။ ခွေးရူးကို ကြိုးခိုင်ခိုင်ချည်ဖို့နေနေသာသာ အနားကပ်မည့်သူတောင်မရှိတော့။ ဦးကျော်ရွှေမိသားစုကတော့ ခွေးကို သတ်ပစ်ရမည်ဆိုကတည်းက ချုံးပွဲချ ငိုနေကြသည်။ ဦးကျော်ရွှေက-

"ဆရာ ကျွန်တော်စီစဉ်လိုက်ပါပြီ"ဟုဆိုကာ ဆရာမောင်တင်ထွေးကို အိမ်ပေါ်ထပ် ရေနွေးသောက်ဖို့ခေါ်သွားသည်။ နာရီဝက်လောက်ကြာတော့ ခွေးအော်သံတစ်ချက်ကြားလိုက်ရသည်။ လက်ရဲဇက်ရဲရှိသောရွာသားတစ်ယောက်ကို ထွေးညိုတစ်ပုလင်းပေးပြီး စီရင်ခိုင်းလိုက်သည်။ ဝက်သားဒံပေါက်စားမသွားရဘဲ ဝက်ရိုးဒံပေါက်စားသွားရသည့် ဦးကျော်ရွှေ၏အင်းခွေးကြီး ရွာသားတစ်ယောက် ဝါးရင်းတုတ်လက်ချက်ဖြင့် အနိစ္စသဘောဖြင့် ကိစ္စချောသွားပါတော့သည်။

ဩော်...သင်္ခါရသဘောတရား ဆရာမောင်တင်ထွေး ဆင်ခြင်မိသည်။ ခွေးကုဖို့လာသည့်ဆရာမောင်တင်ထွေး ခွေးသတ်ခိုင်းဖို့လာသလိုဖြစ်သွားသည်။ ဆရာမောင်တင်ထွေး အပြန်လမ်းမှာဖြင့် ပီတိမလွှမ်းဘဲ စိတ်နွမ်းခဲ့ရ၏။ တရှုပ်ရှုပ်ငိုနေသော ဦးကျော်ရွှေသမီးလေးငိုသံကတော့ ဝေး၍ဝေး၍ ကျန်ခဲ့ရပါတော့သည်။

## ကျားရဲအသွင် သတ္တိရှင်

– မိမိနိုင်ငံ ကာကွယ်ရန်မှာ
ဆန္ဒပြင်းပြ စိတ်ထားလှသည့်
မြန်မာ့လူငယ် ဖြူစင်ကြယ်တို့
ချစ်ဖွယ်ဝန်တာ စဉ်အလာမို့
တွေးခါမြော်မြင် ထမ်းစေချင်။

– တိုင်းပြည်လူမျိုး ဂုဏ်ရှိန်တိုးဖို့
ရိုးသားကြိုးစား မြတ်စိတ်ထားဖြင့်
ဝင့်ကြွားမရှိ တာဝန်သိမှ
တည်ရှိနိုင်ငံ ခိုင်မြဲမှန်သည်
ကြံစည်တွေးဆ လက်တွေ့ပြလော့။

– စိတ်ဓာတ်ထူးချွန် သားကောင်းမွန်တို့
ကျေပွန်လက်ကမ်း ကာကွယ်လမ်းမှာ
ပင်ပန်းသော်လည်း မလျှော့ဇွဲနှင့်
ထူးကဲသယ်ပိုး ပြည့်ကောင်းကျိုးမို့
ညှိုးနွမ်းစိတ်မှာ ပယ်ဖျောက်ကာနှင့်
တာဝန်ထမ်းဆောင် ပြည့်ဂုဏ်ဆောင်။

– ပြည်သူ့စစ်မှုထမ်း များသင်တန်းမှာ
လန်းဆန်းတက်ကြွ နှလုံးလှပြီ
ယခုခါစစ်သား ဇာနည်ဘွားတို့
ကျားရဲအသွင် သတ္တိရှင်ဟု
ဘဝင်မှာပြုံး ပျော်မဆုံးမို့
ပြည်လုံးအေးချမ်း မျှော်ရည်မှန်းပြီ
ဥဒါန်းတွင်စေ မြန်မာပြေ(ပြည်)။
သားကောင်းတို့တွေ တာဝန်ကျေ။ ။

**ဘုန်းမောင်ဝင်း(ဖျာပုံ)**

(ပြည်သူ့စစ်မှုထမ်းစစ်သည်များကို ဂုဏ်ပြုရေးဖွဲ့ပါသည်။)

# ပျော်ဘွယ်မြို့နယ် အုန်းပင်ခြံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပျော်ဘွယ် ဩဂုတ် ၂၁**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းပင်ခြံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်မျိုးလွင်၊ ရမည်းသင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဝင်းမြတ်သိန်း၊ ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် ခရိုင်၊ မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက အုန်းပင်ခြံကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးစေရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

အုန်းပင်ခြံကျေးရွာ၌ ကုန်ထုတ်လမ်းအရှည်တစ်မိုင်ခြောက်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေ ကိုးလက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၂၆ ဒသမ ၆၆၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇွန်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၅ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဇင်မာ**

# စကားပြောသော ဒိုင်ယာရီ

ဆူးသစ်

၁၉၉၄ ခုနှစ် ရန်ကုန်စက်မှုတက္ကသိုလ် ပထမနှစ်ကျောင်းသားဘဝတွင် ကျွန်တော်ဒိုင်ယာရီစရေးဖြစ်ခဲ့သည်။ တကယ့်ကို မှတ်မှတ်ရရ ဖြစ်စရာကောင်းအောင် ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်၏ ၂၉ ရက်၊ ၃၀ ရက်၊ ၃၁ရက်တို့တွင် ပထမနှစ် Tuto-rial Test အမှတ် ၂၀ ဖိုး သုံးဘာသာနှင့် ၁၀ မှတ်ဖိုး တစ်ဘာသာဖြေရသည်ကို မှတ်တမ်းတင်ထားပြီး ထိုနောက်ပိုင်း ၁၉၉၄ ခုနှစ် နှစ်စမှစကာ ဒိုင်ယာရီကို ဆက်တိုက်ရေးဖြစ်ခဲ့သည်ကို ကျွန်တော့်ဒိုင်ယာရီများတွင် ပြန်တွေ့ရသည်။

တကယ်တော့ လူမှန်းသိတတ်စကတည်းက ဒိုင်ယာရီရေးဖို့ကို မသိခဲ့။ ၁၉၉၃ ခုနှစ် ကုန်ခါနီးတွင်မှ ကျွန်တော့်လက်ထဲကို 1994 ENGAGEMENT ဆိုသော စာအုပ်လေးတစ်အုပ် ရောက်လာခဲ့သည်။ အဖေပေးခဲ့ခြင်းဖြစ်သည်။ လက်ဝါးခန့်ရှိမည့် ထိုစာအုပ်လေးတွင် အင်္ဂလိပ်လို ရက်စွဲ၊ နေ့၊ ပိတ်ရက်၊ အများရုံးပိတ်ရက် အကုန်ပါသည်။ အမှန်ကတော့ Engagement ဖြစ်၍ ဒိုင်ယာရီလိုရေးစရာ ကျယ်ကျယ်ပြန့်ပြန့်လုပ်မထား။ Engagement ဆိုကတည်းက သတ်မှတ်ချိန်တစ်ခုတွင် တစ်နေရာသွားရန်၊ တစ်ယောက်ယောက်နှင့်တွေ့ရန်၊ တစ်ခုခုလုပ်ရန် (ဘယ်ရက်မှာ ဘယ်သူနှင့်ဘယ်နေရာမှာ တွေ့ရန်ရှိသည်ဆိုသည်မျိုး) မှတ်သားထားရန်ဖြစ်သည်။

သို့သော် ကျွန်တော်က တက္ကသိုလ်ကျောင်းသားဖြစ်၍ ကျောင်းတက်ရုံအပြင် အရေးတကြီးကိစ္စသိပ်မရှိသဖြင့် ဒိုင်ယာရီသဘောမျိုး သည်နေ့ဘာလုပ်သည်ကို ချရေးဖြစ်ခဲ့သည်။ တိုက်ဆိုင်စွာပင် ထိုစာအုပ်လေးတွင် ၁၉၉၃ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်ပါနေပြီး ကျွန်တော်တို့ ပထမနှစ်ဝက်စာမေးပွဲနှင့်တိုက်နေ၍ ဘယ်ဘာသာတွင် ဘယ်နှမှတ်ဖိုးမှာသည်မျိုးကအစ ကျွန်တော်မှတ်တမ်းတင်နိုင်ခဲ့သည်။

ထိုမှစကာ ဒိုင်ယာရီရေးကျင့်ပါခဲ့ပြီး ယနေ့တိုင်ရေးနေဆဲဖြစ်သည်။ ကျွန်တော်ကိုယ်တိုင်က စာရေး၊ စာဖတ်ခြင်း ဝါသနာပါသူဖြစ်သည့်အလျောက် ကျွန်တော် ဒိုင်ယာရီကိုစရေးစက ပြည့်ပြည့်စုံစုံရေးလေ့ရှိသည်။ ယခင်ဒိုင်ယာရီမရေးခဲ့သောကာလများတုန်းက ကဗျာ၊ ဝတ္ထုများလျှောက်ရေးရန် အချိန်ရခဲ့၍ ယခုလိုဒိုင်ယာရီကို အချိန်ပေးရေးရသည်ကို ကျွန်တော်စိတ်မပျက်ခဲ့။ တစ်နေ့တာ ဘာလုပ်ခဲ့သလဲဆိုသည်ကို ညမှပြန်ဆန်းစစ်ရသလိုရှိ၍ ကျေနပ်စရာကောင်းသည်ဟု ကျွန်တော်ထင်ခဲ့သည်။

၁၉၉၈ ခုနှစ် ဩဂုတ်လကုန်ခါနီးတွင် ဆရာတက္ကသိုလ်စိန်တင်၏ "ကမ္ဘာ့ငြိမ်းချမ်းရေးဗိသုကာဦးသန့်"စာအုပ်ကိုဖတ်ပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်ခဲ့သူဦးသန့်က ဒိုင်ယာရီကို အင်္ဂလိပ်လိုရေးသည်ဆိုသည်ကို သိလိုက်ရချိန်တွင် ကျွန်တော့်စိတ်များက အားကျမှုတစ်ခုဖြစ်ကာ ၁၉၉၈ ခုနှစ် စက်တင်ဘာ ၁ ရက်ကစပြီး ဒိုင်ယာရီကို အင်္ဂလိပ်လိုစရေးဖြစ်ခဲ့သည်။

သေချာသည်က ကျွန်တော့် ဝါကျတည်ဆောက်မှုများကို သိပ်အားမရခဲ့။ အင်္ဂလိပ်စာညံ့ဖျင်းမှုကြောင့်ဟု နားလည်ပြီး အင်္ဂလိပ်စာကို အချိန်ရလျှင်ရသလို ပိုမိုလေ့လာဖြစ်ခဲ့သောအခါ ဒိုင်ယာရီရေးခြင်း၏အကျိုးကျေးဇူးကို ကျွန်တော်ခံစားရသည်။ ဝေါဟာရများကို မြန်မာ-အင်္ဂလိပ်နှင့် အင်္ဂလိပ်-မြန်မာအဘိဓာန်များတွင် ပိုမိုသိရှိလာခြင်း၊ အင်္ဂလိပ်သဒ္ဒါပိုင်းကိုလေ့လာမိ၍ ကျွန်တော်မသိသည်များ သိလာခြင်းတို့က ဒိုင်ယာရီကို အင်္ဂလိပ်လိုရေးဖြစ်ခြင်း၏အကျိုးကျေးဇူးပင်။

သို့သော် တစ်ဖက်တွင် ကျွန်တော်ရေးချင်သော အကြောင်းအရာကို အဓိပ္ပာယ်ခြုံငုံမိအောင်၊ ပေါ်လွင်အောင် ရေးသားနိုင်မှုမရှိခြင်း၊ ပြန်ဖတ်သည့်အခါ၌ ဆိုလိုရင်းပျောက်နေ၍ ပြန်စဉ်းစားရခြင်းများရှိလာသောအခါ တော်တော်လေးကသီလင်တဖြစ်ခဲ့ပြန်သည်။ အမှန်က ကျွန်တော်အင်္ဂလိပ်စာညံ့ဖျင်းမှုကြောင့်ပင်။ ဦးသန့်ကို အားကျကာ လိုက်လုပ်သော်လည်း ကျွန်တော်ကိုယ်တိုင်က အင်္ဂလိပ်စာအခြေခံညံ့၍ သူ့လိုလုပ်ချင်သော်လည်း သူ့လောက် မစွမ်းနိုင်ခဲ့ပေ။

သည်ပြဿနာက ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) (ဗ. ဝ. တ) တက်စဉ်တွင် ပြီးဆုံးခဲ့သည်။ ဗ. ဝ. တ တွင် ပထမတစ်လ အပြင်ထွက်ခွင့်မရခင် ကျွန်တော်ရေးချင်သော ဒိုင်ယာရီကို မည်သည့်အဘိဓာန်မှမရှိ၍ မြန်မာလိုသာရေးခဲ့ရသည်။ အပြင်ထွက်ခွင့်ရပြန်တော့ အဘိဓာန်များက လေး၍တစ်ကြောင်း၊ ညဘက်တွင် အဘိဓာန်လှန်ရလောက်အောင် အချိန်မရှိ၍တစ်ကြောင်း၊ မသယ်ဖြစ်ခဲ့တော့ဘဲ ဒိုင်ယာရီကို မြန်မာလိုသာ ဆက်ရေးဖြစ်ခဲ့သည်။

ထိုအကျင့်က ယခုတိုင်ဆက်စွဲကာ ဒိုင်ယာရီရေးလျှင် မြန်မာလိုသာဆက်ရေးမိခဲ့ပြန်သည်။ အကြောင်းကလည်းရှိသည်။ အလုပ်ဝင်နေပြီဖြစ်သော ကျွန်တော်က ယခင်တုန်းကကဲ့သို့ အချိန်သိပ်မရပေ။ အခြားအလုပ်များပါရှိနေ၍ အဘိဓာန်လှန်ပြီး ဒိုင်ယာရီကို အေးအေးဆေးဆေးမရေးနိုင်ပေ။ မြန်မာလိုကိုပင် လိုရင်းလောက်သာ ရေးနိုင်သည်။ တချို့ရက်များဆိုလျှင် နှစ်ရက်၊ သုံးရက်ပေါင်းပြီးမှ ရေးရသည်ထိဖြစ်လာသည်။

ကျွန်တော် ယခုပြောခဲ့သည့် အပိုင်းများက ဒိုင်ယာရီကို မြန်မာလိုရေးလျှင် ရှင်းလင်းလွယ်ကူလျင်မြန်စွာ အဓိပ္ပာယ်ခံစားနိုင်သကဲ့သို့ အင်္ဂလိပ်လိုရေးလျှင် ဝေါဟာရနှင့်ဝါကျတည်ဆောက်ပုံ တိုးတက်လာနိုင်သော်လည်း ပိုင်ပိုင်နိုင်နိုင် ကျွမ်းကျင်သူမဟုတ်က ဒိုင်ယာရီရေးခြင်း၏ အဓိပ္ပာယ်ပျောက်သွားနိုင်သည်ဆိုသောအချက်ပင်ဖြစ်သည်။

ဤနေရာ၌ ဒိုင်ယာရီရေးခြင်း၏အဓိပ္ပာယ်ဘာလဲဆိုသည်ကို ဆန်းစစ်ရန်လိုလာသည်။

ကျွန်တော်တို့ဘဝတွင် နေ့စဉ်ဖြတ်သန်းတွေ့ကြုံရမှုများရှိသည်။ သည်ဖြတ်သန်းရမှုများကို သည်အတိုင်း ပြီးပြီးရောထားချင်လျှင် ထားခဲ့၍ရသည်။ ကျွန်တော်ပင်လျှင် စက်မှုတက္ကသိုလ်မတက်ခင်ကာလများတုန်းက ဘာဒိုင်ယာရီမှ မရေးခဲ့ပေ။

အကယ်၍ နေ့စဉ် ဖြတ်သန်းရမှုများထဲက ရစရာရှိသမျှယူမည်၊ အမှားရှိလျှင်ပြင်မည်ဟု ခံယူချက်ထားလျှင် ဘဝ၏အစိတ်အပိုင်းအားလုံးကို မှတ်တမ်းတင်ထားနိုင်ရန် အရေးကြီးသည်။ ထိုအခါ၌ ဒိုင်ယာရီရေးခြင်းသည် အလိုအပ်ဆုံးဖြစ်သည်။ ဤအချိန်မှာပင် ဒိုင်ယာရီရေးရသည့်အဓိပ္ပာယ်လည်း ပေါ်လွင်ပါသည်။

**❖ ဒိုင်ယာရီများကို ရှာဖွေတွေ့ရှိပြီဆိုလျှင်ဖြင့် ဒိုင်ယာရီက သင့်ကို စကားပြောမည်မှာအသေအချာပင်။ ထိုအခါ၌ သင်တစ်ယောက်တည်းရှိနေလည်း အထီးမကျန်တော့ပေ။ ဒိုင်ယာရီက သင်ဖတ်ဖူးသော စာအုပ်များကဲ့သို့ ကိုယ်တွေ့စစ်စစ်များဖြင့် သင်ခန်းစာပေးပါလိမ့်မည်။ ထိုသင်ခန်းစာများသည် မိမိဘဝထဲက ရခြင်းဖြစ်သည်။ သို့သော် ဖြစ်ခဲ့ချိန်က တစ်ခါတည်းရခဲ့ခြင်းမဟုတ်သည့် အသိဉာဏ်ပညာ၊ သင်ခန်းစာမျိုးဖြစ်သည်။ ဒိုင်ယာရီကတစ်ဆင့် ရလိုက်ခြင်းမျိုးဖြစ်၍ တန်ဖိုးရှိပေသည်။ ❖**

ကျွန်တော်ကိုယ်တိုင် ဒိုင်ယာရီရေးသူတစ်ဦးဖြစ်၍ ကျွန်တော်ခံယူထားသောဒိုင်ယာရီ၏ အဓိပ္ပာယ်ကလည်း သည်အတိုင်းဟု နားလည်ယုံကြည်သည်။ ကျွန်တော်ဒိုင်ယာရီရေးခဲ့သော ကိုးနှစ်သက်တမ်းက ကျွန်တော့်ကို ဒိုင်ယာရီနှင့်ပတ်သက်ပြီး ပညာများ သင်ပေးခဲ့ပြီးဖြစ်သည်။

ပထမဦးစွာ ကျွန်တော်က တစ်နေ့တာကို အစအဆုံးရေးသည်ဟုဆိုခဲ့သည်။ အမှန်ပင်။ မနက်မိုးလင်းကမိုးချုပ် ဘာများလုပ်ခဲ့သည်ကို သေသေချာချာ၊ တိတိကျကျရေးသည်။ **"ဒိုင်ယာရီ-နေ့စဉ်မှတ်တမ်း"**ဆိုသည်ကို ပြည့်ဝစွာပုံဖော်ခြင်းဟု ဆိုနိုင်သည်။ ကျွန်တော်က ဒိုင်ယာရီရေးရန် အချိန်ပေးပြီး သတ်သတ်မှတ်မှတ် ရေးလေ့ရှိခဲ့၍ တစ်နေ့တာကိစ္စစုံစေ့အောင် ရေးနိုင်ခြင်းဖြစ်သည်။

ကျွန်တော် ဒိုင်ယာရီကို မြန်မာလိုရေးခဲ့သော သက်တမ်းက ၁၉၉၄ ခုနှစ်မှ ၁၉၉၈ ခုနှစ် ငါးနှစ်နီးပါး။ အင်္ဂလိပ်လိုရေးခဲ့သော သက်တမ်းက ၁၉၉၈ ခုနှစ်မှ ၂၀၀၁ ခုနှစ်ထိ လေးနှစ်။ အချိန်ရ၍ ပြန်ဖတ်တိုင်း ကျွန်တော့်ကိုပညာများ တစ်လှေကြီးပေးတော့သည်။

ဘယ်လိုပေးသနည်း။ အနီးဆုံး ဥပမာနှင့် ဆိုပါမည်။ ကျွန်တော်က စာမေးပွဲဖြေသည့်နေ့နှင့် ဒိုင်ယာရီကို စခဲ့ကြောင်းဆိုခဲ့ပြီးဖြစ်သည်။ နောက်စာမေးပွဲတွင် ဒိုင်ယာရီထဲကမှတ်တမ်းမှာ ကျွန်တော် ဘယ်ဘာသာက ဘာဖြစ်ခဲ့သည်ကို ပြန်ကြည့်၍သိပြီး ဘယ်ဘာသာကိုဖိမှဖြစ်မည်ဟုတွေးကာ ကြိုတင်ပြင်ဆင်နိုင်ခဲ့သည်။ ဤသည်က မြင်လွယ်သော ဥပမာကိုဆိုရခြင်းဖြစ်သည်။

နေ့စဉ်ဖြတ်သန်းမှုများထဲက ဆိုပါမည်။ မိသားစုနှင့်ဖြစ်စေ၊ ပတ်ဝန်းကျင်နှင့်ဖြစ်စေ၊ အလုပ်ထဲတွင်ဖြစ်စေ ပြဿနာတစ်ခုတက်သည်ဆိုပါစို့။ ဒိုင်ယာရီချရေးပြီး ကိုယ့်ဘာသာအဖြေရှာ၍ရသည်။ မိမိမှားနေလျှင် ဘာကစမှားသလဲ၊ ဘာကြောင့်မှားသလဲ၊ နောက်မမှားအောင် ဘယ်လိုလုပ်မလဲဆိုသော ဖြစ်ပြီးသမျှ သင်ခန်းစာယူနိုင်ခြင်း၊ နောက်တစ်ကြိမ်မဖြစ်အောင် ကြိုတင်ပြင်ဆင်ခြင်းများ လုပ်ခွင့်ရလာသည်။

ထို့ပြင် တစ်နေ့တာ လုပ်ငန်းများကို နေ့စဉ်မှတ်တမ်းရေးရဖန်များသောအခါ ဘယ်အချိန်များကဟာနေ၍ ဘယ်အချိန်များက အလုပ်ထပ်လုပ်၍ရမည်။ ဘယ်အချိန်များတွင် ဘာကိုလျှော့ချ၍ ဘယ်လိုကိစ္စများနှင့်အစားထိုးမည် စသည်ဖြင့်မြင်လာသည်။

နောက်တစ်ခုက မွေးနေ့ရောက်တိုင်း ကိုယ့်ကိုယ်ကိုယ် ပိုဆင်ခြင်မိလာသည်။ ပြီးခဲ့သည့် တစ်နှစ်က ဘာလုပ်ခဲ့ပြီလဲ၊ နောက်နှစ်ဘာလုပ်မလဲ သုံးသပ်လာမိ၍ တစ်နေ့ချင်း မှတ်တမ်းများက တစ်နှစ်တာကို ညွှန်ပြလာသည်။ ထို့နောက် အနာဂတ်အတွက် ဘယ်အရွယ်မှာ ဘာဖြစ်အောင်လုပ်မည်ဆိုပြီး သက်တမ်းအလိုက် စီမံကိန်းများပါ ချလာနိုင်သည်။ မိသားစုအတွက် လူများအတွက်၊ နိုင်ငံအတွက် ပြီးခဲ့သည့်နှစ်က ဘာလုပ်ခဲ့ပြီး နောက်ဘာလုပ်ပေးရမလဲ သုံးသပ်တတ်လာသည်။ တစ်နေ့ချင်းစီနှင့် တစ်နှစ်ချင်းစီကပင် လူ့ဘဝကို ဖြစ်စေလေရာ မိမိဘဝ၏တိုးတက်မှုကိုဒိုင်ယာရီက လမ်းညွှန်လာသည်နှင့်တူသည်။

ကျွန်တော်ကိုယ်တိုင်ပင်လျှင် ဒိုင်ယာရီကို ပြန်ဖတ်ရပြီး ကိုယ့်အမှားကိုတွေ့သောအခါ ရှက်ရ၏။ ပြန်ပြင်မိ၏။ ကိုယ့်အောင်မြင်မှုကိုတွေ့သောအခါ နောက်တစ်ခါထပ်ရရန် အားသုံးချင်စိတ်များဖြစ်၏။ အောင်မြင်မှုကို သည်ထက်ပိုတပ်မက် ပြင်းပြလာ၏။ ဤသည်ကို တစ်နည်းအားဖြင့်ဆိုရလျှင် ကျွန်တော်မှတ်သားခဲ့သော နေ့စဉ်အဖြစ်အပျက်များက ကျွန်တော့်ကို စကားပြောကာ ကောင်းကျိုးများပေးခဲ့ခြင်းဟုဆိုရမည်။ သည့်ထက်ရှင်းအောင်ဆိုရလျှင် ဒိုင်ယာရီက စကားပြောခြင်းပင်။

သည်နေ့ လူငယ်များက ဖျော်ဖြေရေးပစ္စည်း၊ ဇိမ်ခံပစ္စည်းများတွင် နစ်ဝင်တတ်သည်။ တစ်ဖက်တွင် ကျောင်း၊ သင်တန်းများနှင့် နပန်းလုံးနေသူများလည်းရှိသည်။ ဘယ်သူပဲဖြစ်စေ ဒိုင်ယာရီဟုဆိုနေကြသော နေ့စဉ်မှတ်တမ်းကို ရေးသင့်သည်ဟု ကျွန်တော်ဆိုချင်သည်။

တချို့လူငယ်များက ဒိုင်ယာရီလက်ဆောင်ပေးလေ့ရှိကြသည်။ ဒိုင်ယာရီ၏အဓိပ္ပာယ်ကို ပိုမိုနားလည်ပြီး အနှစ်သာရကို ပြည့်ဝစွာသိရှိကာ ထိုအတွေးနှင့်လက်ဆောင်ပေးလျှင် ပေးသူရော၊ ရသူပါ ပိုပြီးအကျိုးရှိလိမ့်မည်။

ကျွန်တော်ကတော့ ခင်မင်သူ သူငယ်ချင်းများကို ကြုံတိုင်း ဒိုင်ယာရီရေးရန် တိုက်တွန်းလေ့ရှိသလို လက်ဆောင်ပေးရန် အခွင့်ကြုံလာတိုင်း ဒိုင်ယာရီကိုပါ ပေးခဲ့လေ့ရှိသည်။

ဒိုင်ယာရီ၏စာမျက်နှာများက လွတ်လပ်သည်။ မြန်မာ၊ အင်္ဂလိပ် ကြိုက်သလိုရေးခွင့်ရှိသည်။ မိမိရေးချင်သော အကြောင်းအရာများကို စိတ်ထဲရှိသမျှ ချရေးနိုင်သည်။ တချို့ကလည်း ဒိုင်ယာရီကရေးသူကို ပြန်သတ်တတ်သည်ဟုဆိုသည်။ နေ့စဉ်ဖြစ်သမျှ အကုန်ရေးဆိုရာ၌ ကိုယ့်ဘာသာချင့်ချိန်ရမည့်အပိုင်းရှိသည်။ မည်သူ့ကိုမျှ ပေးမဖတ်ဘဲ ကိုယ့်ဘာသာ သိမ်းထားရုံသာဆိုလျှင် ဆန္ဒရှိသလို ချရေးပြီး မိမိဒိုင်ယာရီကိုလုံခြုံအောင် လျှို့ဝှက်သိမ်းဆည်းရပေမည်။ အများဖတ်နိုင်အောင် ဆိုလျှင်တော့ ချရေးသင့်၊ မရေးသင့်ချိန်ပြီးမှ အများဖတ်နိုင်သည့် အကြောင်းအရာများကိုသာ ချရေးရပေမည်။

ဒိုင်ယာရီထဲက အကြောင်းအရာက ကိုယ့်ကိုပြန်သတ်မည်ဆိုလျှင် ထိုဖြစ်စဉ်မျိုးကို ကိုယ်က နဂိုကတည်းက မလုပ်မိအောင်ကြိုးစား၍ လုပ်ခဲ့မိလျှင်ပင် ဒိုင်ယာရီကိုရှောင်၍ရေးရပါတော့မည်။ ဒိုင်ယာရီ၏လုံခြုံမှုက မိမိသိမ်းဆည်းရသည့် ပတ်ဝန်းကျင်၊ နေရာ၊ မိမိရေးသားသည့်အကြောင်းအရာ၏ ဘေးပတ်ဝန်းကျင်ကို ရိုက်ခတ်မှုအနည်းအများတို့နှင့် သက်ဆိုင်သည်။

ကျွန်တော့်ခံယူချက်က ဒိုင်ယာရီရေးခြင်းသည် သူများအတွက်မဟုတ်၍ ပြစရာမလိုဟုခံယူသည်။ သို့သော် ကျွန်တော့်ဘဝအတွက် ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်တို့နှင့်စပ်လျဉ်း၍ သင်ခန်းစာထုတ်ယူစရာ၊ ပညာပေးစရာ၊ ရှောင်စရာအားလုံးကို ကျွန်တော့်ဒိုင်ယာရီထဲကထုတ်ကာ နောင်တစ်ချိန်တွင် မျှပေးခဲ့မည်ကတော့ အသေအချာပင်။ ကျွန်တော်ရေးနေသမျှ ဒိုင်ယာရီများကိုတော့ မည်သူ့ကိုမျှပေးမပြခဲ့ပေ။

စာမျက်နှာ ၂၇ သို့ ➤

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၄၇၇၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဩဂုတ် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၄၇၇၆ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၇၈၃၇ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၄၇၇၆ ကေစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မုံရွာမြို့နယ်အတွင်း ဝါကေ ၁၇၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၁၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်နေပါတယ်။ ဝါသီးနှံစိုက်ပျိုးရာမှာ တောင်သူတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဝါသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များရရှိရေး၊ ဝါသီးနှံအောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး စသည့်နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးနေကြောင်း သိရသည်။

ဝါသီးနှံကို စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘို၊ ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ဝါသီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း သုံးစွဲမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဝါသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# သဲကုန်းမြို့နယ် ရင်းတိုက်တန်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သဲကုန်း ဩဂုတ် ၂၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရင်းတိုက်တန်းကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေထုတ်ချေးခြင်းကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဦးရန်ရှင်းအောင်က ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့် တာဝန်နှင့် ရပိုင်ခွင့်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို ရှင်းလင်းပြောကြားပြီး ခေတ္တမြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း ကြီးကြပ်မှု ကော်မတီဝင်များထံ ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကြီးကြပ်မှုကော်မတီဝင်များက ရင်းတိုက်တန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦးကို ငွေကျပ် ၂၀ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၈ ဒသမ ၂ သန်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် တစ်သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၄၆ ဦးကို ရန်ပုံငွေကျပ် ၂၉ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အေးမြတ်**

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဩဂုတ် ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၅၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ဆင်းသုခစပါးတင်းရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ဆင်းသုခစပါးတင်းရေ ၅၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဘိုကလေးမြို့နယ်ကထွက်တဲ့ ဆန်၊ စပါးတွေနဲ့အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချပါတယ်။ ဆင်းသုခစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူတာများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ ဆင်းသုခစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။



ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ဆင်းသုခစပါးတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မြဝတီမြို့နယ် အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မြဝတီ ဩဂုတ် ၂၁**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၂၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ စနစ်တကျ ဖြည့်သွင်းထားခြင်းရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရေရှည်တည်တံ့စေရေးအတွက် သက်ဆိုင်သူအားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြရန်ဆွေးနွေးမှာကြားသည်။

အဆိုပါ အပြင်မဲကနယ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၄၆ ဦးကို ငွေကျပ် ၄၅၁ သိန်း ထုတ်ချေးပေးထားကြောင်း မြဝတီမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ကိုသက်**



➤ စာမျက်နှာ ၂၆ မှ အဆက်

အချိန်ရလျှင် တစ်နေ့တာဆောင်ရွက်သမျှ ချရေးထားသင့်သည်။ သူများဖတ်မိ၍ ရယ်စရာဖြစ်ကောင်းဖြစ်နိုင်သည်။ ရယ်ကြပါစေ။ ဒိုင်ယာရီ ရေးသက်ကြာလာလျှင် ဘယ်လိုကိစ္စမျိုးကို ချရေးသင့်သည်၊ ဘယ်လိုကိစ္စမျိုးကို ချမရေးသင့်ဆိုသည်ကအစသိလာပြီး အကျယ်ရေးခြင်း၊ အကျဉ်းရေးခြင်းများကိုပါ နားလည်လာပါလိမ့်မည်။ အင်္ဂလိပ်လို၊ မြန်မာလိုကျွမ်းကျင်ရာလိမ့်မှာဆိုသလို ဘယ်ဘာသာနှင့်ရေးရမည်ကို ခွဲခြားစိတ်ဖြာလာတတ်ပါလိမ့်မည်။

နောက်တစ်ခုက ဒိုင်ယာရီသည် ဝယ်မှရေးဖြစ်သည် မဟုတ်ဆိုသည်ကိုသိရသည်။ စာအုပ်အလွတ်နှင့် ရက်စွဲတပ်ရေးလျှင်လည်း ထိုစာအုပ်က ဒိုင်ယာရီဖြစ်ပါလိမ့်မည်။ တကယ်ရေးချင်လျှင်တော့ ဒိုင်ယာရီကို သင့်အနား၌ပင် ရှာဖွေတွေ့ရှိပါလိမ့်မည်။

အကယ်၍ ဒိုင်ယာရီများကို ရှာဖွေတွေ့ရှိပြီဆိုလျှင်ဖြင့် ဒိုင်ယာရီက သင့်ကိုစကားပြောမည်မှာ အသေအချာပင်။ ထိုအခါ၌ သင်တစ်ယောက်တည်းရှိနေလည်း အထီးမကျန်တော့ပေ။ ဒိုင်ယာရီက သင်ဖတ်ဖူးသောစာအုပ်များကဲ့သို့ ကိုယ်တွေ့စစ်စစ်များဖြင့် သင်ခန်းစာပေးပါလိမ့်မည်။

ထိုသင်ခန်းစာများသည် မိမိဘဝထဲကရခြင်းဖြစ်သည်။ သို့သော် ဖြစ်ခဲ့ချိန်က တစ်ခါတည်းရခဲ့ခြင်းမဟုတ်သည့် အသိဉာဏ်ပညာ၊ သင်ခန်းစာမျိုးဖြစ်သည်။ ဒိုင်ယာရီကတစ်ဆင့် ရလိုက်ခြင်းမျိုးဖြစ်၍ တန်ဖိုးရှိပေသည်။

လူငယ်တစ်ယောက် အရွယ်ရောက်လာလျှင် ဒိုင်ယာရီထဲမှာ စကားပြောကြည့်စေချင်သည်။ သိပ်မကြာသောကာလမှာပင် ဒိုင်ယာရီက ထိုသူငယ်ကို ရှေ့သို့တိုးတက်စေမည့် စကားလှလှများ ပြန်ပြောပါလိမ့်မည်။ ထိုအခါ၌ ဒိုင်ယာရီရေးရခြင်းကို ပြည့်ပြည့်ဝဝနားလည်လာကာ ဒိုင်ယာရီ၏အကျိုးကျေးဇူးကို ပိုမိုသိမြင်၍ ဘဝကိုမှားယွင်းမှုနည်းပါးစွာ ဖြတ်သန်းနိုင်သော လူငယ်တစ်ယောက်အဖြစ် အသက်ဝင်လာမည်ဟု ကျွန်တော်ယုံကြည်နေမိပါသည်။

ခရီးသွားဆောင်းပါး

# အလှမ်းမဝေးမန္တလေး ခရီးထွက်ခွာဆိုက်ရောက်လာ

သက်နိုင်(ပြင်ဦးလွင်)

ဒီတစ်ခေါက်သွားရောက်မဲ့ခရီးက နီးနီးနားနား မန္တလေးနဲ့စစ်ကိုင်းမြို့တွေပါ။ ရှမ်းပြည်နယ်တောင်ပိုင်းခရီးစဉ်ကအပြန် နေ့လယ်စာ ထမင်းစားသောက်ကြဖို့အတွက် ကျောက်ဆည်မြို့ကို ဝင်ရောက်ခဲ့ကြရင်း မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့တဲ့ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးမှုတွေကို တွေ့မြင်ခဲ့ကြရတယ်။ ဒါကြောင့် မိမိတို့ခရီးဖော်အားလုံးက မန္တလေးနဲ့စစ်ကိုင်းမြို့မှာလဲ အပျက်အစီးတွေ ရှိနိုင်တယ်။ ဘုရားဖူးရင်း သွားရောက်လေ့လာကြည့်ရှုကြရအောင်လို့ တိုင်ပင်ပြောဆိုခဲ့ကြပြီး ကျောင်းပိတ်ရက် တစ်ရက်မှာ မန္တလေးနဲ့စစ်ကိုင်းမြို့ရှိရာတွေကို လာခဲ့ကြတယ်။ ဒီတစ်ခေါက်ခရီးဖော်တွေအထဲမှာ ရှမ်းပြည်နယ်တောင်ပိုင်းကို သွားရောက်ခဲ့ကြတဲ့ အသက် ၇၀ ကျော်၊ ၈၀ နီးပါး ခရီးဖော်ကြီးတွေအပြင် အသက် ၉၀ နီးပါး ခရီးဖော်ကြီးတစ်ယောက်လဲ လိုက်ပါလာတယ်။ ဒီခရီးဖော်တွေအားလုံးက ပုဂံ-ညောင်ဦး-ပုပ္ပားခရီးစဉ်မှာ အတူတကွသွားလာခဲ့ကြဖူးပြီး အသက်အရွယ်အားဖြင့် အလွန်ကြီးရင့်နေပြီဖြစ်တဲ့ ခရီးဖော်တွေအားလုံးက ပုပ္ပားတောင်ကလပ်ထိပ်ဆုံးထိ ဇွဲမလျှော့တမ်း ကြိုးစားတက်ရောက်ခဲ့ကြတာပါ။

သတ်မှတ်ရက်မှာ ခရီးဖော်တွေအားလုံးကို တစ်အိမ်တက်ဆင်း လိုက်လံကြိုဆိုခဲ့ပြီး ပြင်ဦးလွင်မြို့ကနေ မနက်စောစောကတည်းက ထွက်ခွာလာခဲ့ကြတယ်။ ဒီခရီးမှာ ထူးထူးခြားခြားအဖြစ် ခရီးဖော်တွေစုံလင်တာနဲ့ မနက်စာ လက်ဖက်ရည်သောက်တာ၊ မုန့်စားတာမလုပ်ခဲ့ကြပါဘူး။ အရင်ခရီးစဉ်တိုင်းမှာ လူစုံပြီဆိုတာနဲ့ စားနေကျ၊ သောက်နေကျဆိုင်တစ်ဆိုင်မှာ စားသောက်ပါတယ်။ ဒီခရီးစဉ်ကို စတင်ရေးဆွဲကတည်းက ပထမဆုံး အတုမရှိကျောင်းခေါ် မဟာအတုလဝေယံကျောင်းတော်ကြီးနဲ့ ရွှေကျောင်းတော်ကြီးကို စတင်ဝင်ရောက်လေ့လာကြမယ်။ ပြီးရင် ကုသိုလ်တော်ဘုရားကို ဆက်လက်သွားရောက်ကြပြီး မန္တလေးမြို့ရဲ့ နာမည်ကျော် စမူဆာသုပ်ကို စားကြမယ်။ စားသောက်ကြပြီးမှ ဘုရားဖူးပြီး ရှေ့ခရီး ဘုရား၊ စေတီအသီးသီးကို ဆက်လက်သွားရောက်ကြမယ်လို့ ကြိုတင်စီစဉ်ထားတာကြောင့် မနက်စာကို ပြင်ဦးလွင်မြို့မှာ မစားမသောက်ခဲ့ကြတာဖြစ်ပါတယ်။

ပြင်ဦးလွင်မြို့ကနေ မနက်စောစောကတည်းက ထွက်လာကြတဲ့အပြင် မန္တလေး-ပြင်ဦးလွင်လမ်းက ကောင်းလဲကောင်း၊ ကျယ်လဲကျယ်၊ ရှင်းလဲရှင်းနေတာကြောင့် မန္တလေးမြို့အဝင်ကို မနက် ၈ နာရီမထိုးခင်မှာ ရောက်လာခဲ့ကြတယ်။ ၃၅ (A) လမ်းကို ရောက်တော့ မချိုးမကွေ့တော့ဘဲ လမ်း ၃၀ ထိ ဆက်လက်မောင်းနှင်လာပြီးမှ ဘယ်ဘက်ကို ချိုးကွေ့လိုက်တယ်။ ၃၅ (A) လမ်းက မီးပွိုင့်တွေ အလွန်များပြားသလို ခရီးအချိန် ကြန့်ကြာလေ့ရှိတတ်ပါတယ်။ လမ်း ၃၀ ကတော့ မီးပွိုင့်တွေလဲနည်း၊ လမ်းလဲရှင်းတာကြောင့် ပိုမိုမြန်ဆန်နိုင်ပါတယ်။ ဒီလိုနဲ့ လမ်း ၃၀အတိုင်း တည့်တည့်မောင်းလာပြီး ၆၂ လမ်းကို ရောက်တော့မှ ညာဘက်ကို ဆက်လက်ချိုးကွေ့မောင်းနှင်လာခဲ့တယ်။ ၆၂ လမ်းအတိုင်းမောင်းနှင်လာခဲ့ပြီးရင် ရွှေကျောင်းနဲ့မဟာအတုလဝေယံကျောင်းကို ရောက်သွားမှာပါ။ ဒါပေမဲ့ ကျောင်းတွေရှိရာကိုရောက်တဲ့အခါ ဖွင့်လှစ်ထားခြင်း မရှိသေးတာကြောင့် ကားကိုတစ်ပတ်ပတ်မောင်းရင်း၊ ကျောင်းရှေ့တစ်နေရာမှာ ကားရပ်ရင်း အပြင်ဘက်ကနေသာ လေ့လာကြည့်ရှုကြရတယ်။ ဒီကျောင်းကြီးရှိရာကို မိမိအနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် မကြာခဏရောက်ရှိနေပေမဲ့ မရောက်တာကြာပြီဖြစ်တဲ့ အချို့ခရီးဖော်တွေအတွက် အကျိုးရှိသွားကြပါတယ်။

ကုသိုလ်တော်ဘုရားကိုရောက်တော့ ဘုရားနဲ့ မလှမ်းမကမ်းမှာရှိတဲ့ ဈေးဆိုင်တန်းတွေအနီးမှာ ကားကိုရပ်လိုက်ပြီး စမူဆာသုပ်နဲ့ ဆိတ်သားကင်ကို မနက်စာအဖြစ် စားသောက်ကြတယ်။ ဒီလို စမူဆာသုပ်နဲ့ ဆိတ်သားကင်က မိမိတို့မြို့မှာမရှိဘူး။ ဒါကြောင့် မန္တလေးမြို့ကို ရောက်တုန်းရောက်ခိုက် စားကြသလို မန္တလေးစမူဆာသုပ်ကလဲ စားလို့ကောင်းပါတယ်။ တစ်ယောက်တစ်ပွဲစီ စားကြတဲ့အပြင် နောက်ထပ် လိုက်ပွဲတွေမှာယူကြရတယ်။ စမူဆာသုပ်၊ ဆိတ်သားကင်နဲ့ရေနွေးကြမ်းသောက်ပြီးကြတာနဲ့ ဘုရားဖူးကြဖို့ ထွက်ခဲ့ကြတယ်။

မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေနဲ့ ဒေသခံတွေ



မန္တလေးမြို့ရှိ ကုသိုလ်တော်ဘုရားကို ဖူးတွေ့ရစဉ်။

အလွယ်ခေါ်ဆိုနေကြတဲ့ ကုသိုလ်တော်ဘုရားရဲ့ ဘွဲ့တော်အပြည့်အစုံက မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားကြီးပါ။ ဘုရားကြီးကို ၁၈၅၉ ခုနှစ်မှာ မင်းတုန်းမင်းက စတင်တည်ထားခဲ့ပြီး ၁၈၆၂ ခုနှစ်မှာ ပြီးစီးခဲ့ပါတယ်။ ဘုရားကြီးမှာ တံတိုင်း သုံးထပ်ကာရံထားကာ မင်းတုန်းမင်းက ပဉ္စမသင်္ဂါယနာတင်ပြီးနောက် ပိဋကတ်တော်ကျောက်စာတွေကို ကျောက်ထက်အက္ခရာတင်ခဲ့ပါတယ်။ ကျောက်စာချပ် စုစုပေါင်း ၇၂၉ ချပ် ရှိနေတယ်။ ဒီကျောက်ချပ်တွေထဲမှာ ဝိနည်းပိဋကက ၁၁၁ ချပ်၊ အဘိဓမ္မာပိဋကက ၂၀၈ ချပ်နဲ့ သုတ္တန်ပိဋကအချပ် ၄၁၀ ရှိနေတယ်။ ကျောက်စာတွေကို ရေးထိုးခဲ့ရတာ အချိန် ခုနစ်နှစ်ကျော် အချိန်ယူခဲ့ရပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးက ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာအစည်းအဝေးကို ၂၀၁၃ ခုနှစ် ဇွန် ၁၈ ရက် ၁၉ ရက်၊ ၂၀ ရက်တွေမှာ တောင်ကိုရီးယားနိုင်ငံ ဂွမ်ဂျူးမြို့မှာ ပြုလုပ်ကျင်းပခဲ့ပါတယ်။ အဲဒီအစည်းအဝေးမှာ ကမ္ဘာ့အမွေအနှစ် ၅၄ ခုကို အဆိုတင်သွင်းခဲ့ကြပြီး မြန်မာနိုင်ငံက မင်းတုန်းမင်းရဲ့ ကုသိုလ်တော်ဘုရားကျောက်စာချပ်တွေကို ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အသိအမှတ်ပြုခဲ့ကြတယ်။ ဒါက မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်တွေအတွက် ဂုဏ်ယူစရာပါ။

ဘုရားဖူးမြော်ကြဖို့အတွက် စောင်းတန်းအတိုင်း လျှောက်လှမ်းလာခဲ့ကြပြီး စေတီတော်ရင်ပြင်ပေါ်ကို ရောက်တော့ စေတီရံလေးတွေတချို့ ငလျင်ဒဏ်ကြောင့် ပျက်စီးနေတာကို စတင်တွေ့မြင်ကြရတယ်။ ဒါပေမဲ့ ပြုပြင်မွမ်းမံ ပြင်ဆင်စရာရှိတာတွေကို ပြင်ဆင်နေကြတာကို တွေ့မြင်နေရသလို စေတီဝန်းကျင်အတွင်း၊ အပြင်ရင်ပြင်တော်တွေမှာ ဘုရားဖူးညှော်သည်တွေနဲ့ စည်စည်ကားကား ဖြစ်နေပါတယ်။ မိမိတို့ခရီးဖော်တွေက ဘုရားဖူးရင်း၊ ရင်ပြင်တော်တစ်လျှောက်မှာ လေ့လာကြည့်ရှုကြရင်း၊ စကားစမြည်ပြောကြရင်းနဲ့ ကုသိုလ်တော်ဘုရားနဲ့အတုမရှိကျောင်းတော်ကြီး၊ ရွှေကျောင်းတော်ကြီးတို့ရဲ့ အကြောင်းတွေကို ဆက်စပ်ပြောဆိုမိခဲ့ကြတယ်။ ကုသိုလ်တော်ဘုရားကိုမဝင်ခင်စောစောက လေ့လာခဲ့ကြတဲ့ အတုမရှိကျောင်းတော်ကြီးရဲ့အမည်အပြည့်အစုံက မဟာအတုလဝေယံကျောင်းတော်ကြီးဖြစ်ပါတယ်။

မင်းတုန်းမင်းက ၁၈၅၉ ခုနှစ်မှာ မန္တလေးကို မြို့တည်နေစဉ် မြို့တည် ခုနစ် ဌာနအပါအဝင် ကျောင်းတော်အဆောက်အအုံကြီးပါ။ ကျောင်းတော်ကြီးကို ၁၈၅၉ ခုနှစ်မှာ စတင်တည်ဆောက်ခဲ့ပေမဲ့ ၁၈၇၇ ခုနှစ် ရောက်မှ ပြီးစီးသွားခဲ့ရတယ်။ ကျောင်းတိုင်ပေါင်း ၂၄၆ တိုင်နဲ့တည်ဆောက်ထားတဲ့ ကျောင်းတော်ကြီးမှာ ကွမ်းတိုင်စင် အမြင့်က ၆၇ ပေ ရှိနေပါတယ်။ မင်းတုန်းမင်း နတ်ရွာစံပြီးနောက် မင်းတုန်းမင်းရဲ့ ဝတ်လဲတော်တွေကို မီးရှို့ပြာချပြီး ဉာဏ်တော် ၁၈ တောင်မြင့်တဲ့ ဗုဒ္ဓရုပ်ပွားတော်ကြီးတစ်ဆူမှာ ထည့်သွင်းဌာပနာထုလုပ်ခဲ့ကြတယ်။ ရုပ်ပွားတော်ကြီးမှာ မင်းတုန်းမင်းရဲ့ ဝတ်လဲတော်ပြာတွေနဲ့အတူ ထူးထူးခြားခြားအဖြစ် ၃၂ ရတီရှိတဲ့ စိန်တုံးကြီးတစ်တုံးကို တပ်ဆင်ပူဇော်ထားခဲ့ပေမဲ့ အင်္ဂလိပ်-မြန်မာ တတိယစစ်ပွဲအတွင်း စိန်တုံးကြီး ပျောက်ဆုံးသွားခဲ့ရတယ်။ ၁၈၉၀ ပြည့်နှစ်မှာ အတုမရှိကျောင်းတော်ကြီး မီးလောင်ပျက်စီးသွားခဲ့ရပြီး အခုလက်ရှိ ကျောင်းတော်ကြီးက အသစ်ပြန်လည်တည်ဆောက်ထားကြတာပါ။

အတုမရှိကျောင်းတော်ကြီးနဲ့ ကပ်လျက်တည်ရှိနေတာက ရွှေကျောင်းဖြစ်ပါတယ်။ ရွှေကျောင်းကို မြန်မာ့ဗိသုကာ ခြူးပန်းခြူးနွယ်တွေ၊ အမွမ်းအပြောက်တွေနဲ့ တန်ဆာဆင်တည်ဆောက်ထားသလို ၁၈၇၈ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှာ မင်းတုန်းမင်းရဲ့ရွှေနန်းတော်အဟောင်းကို ဖျက်သိမ်းပြီး အခုနေရာမှာ ရွှေကျောင်းအဖြစ် တည်ထားခဲ့တာဖြစ်ပါတယ်။ ရွှေကျောင်းကို တိုင်လုံး ၁၅၀၊ နရားရုပ်ထောက်တိုင် ၅၄ တိုင်နဲ့ တည်ဆောက်ထားပါတယ်။

မိမိတို့ ခရီးဖော်အဖွဲ့တွေက ကုသိုလ်တော်ဘုရားကို ဖူးမြော်ပြီးကြတာနဲ့ မန္တလေးတောင်ခြေမှာ တည်ရှိနေတဲ့ ကျောက်တော်ကြီးဘုရားကို ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ဆက်လက်ထွက်ခွာလာခဲ့ကြတယ်ဆိုပေမဲ့ ကုသိုလ်တော်ဘုရားနဲ့ ကျောက်တော်ကြီးဘုရားက နီးနီးလေးပါ။ မီးပွိုင့်တစ်ခုရှိတဲ့ လမ်းတစ်ဖက်ကို ကူးလိုက်တာနဲ့ ဘုရားကို ရောက်ခဲ့ကြတယ်။ ဘုရားရှေ့မှာ ကားကိုရပ်ထားခဲ့ပြီး စောင်းတန်းလေးအတိုင်းဘုရားရှိတဲ့အတွင်းထဲကို ဝင်ရောက်လာတာနဲ့ စိမ်းစိုအေးမြနေတဲ့ အရသာကို တွေ့မြင်ခံစားလိုက်ရတယ်။ ဘာကြောင့်လဲဆိုတော့ ဘုရားဝင်းအတွင်းနဲ့ စောင်းတန်းတစ်လျှောက်တွေမှာ သစ်ပင်၊ သစ်ရိပ်တွေ၊ ပန်းပင်၊ ပန်းရုံတွေနဲ့ စိမ်းစိမ်းစိုစို အေးအေးမြမြ ဖြစ်နေတာပါ။ ဒါ့ပြင် ဘုရားဝင်းထဲကို ဝင်လိုက်တာနဲ့ လူကော၊ စိတ်ကောလန်းဆန်းသွားခဲ့ရတယ်။ စောင်းတန်းကို ကျော်လွန်လာခဲ့ပြီးမှ ကျောက်တော်ကြီးရုပ်ပွားတော်ကို ဖူးမြော်ကန်တော့ကြရတယ်။

ကျောက်တော်ကြီးဘုရားရဲ့ ဘွဲ့အမည် အပြည့်အစုံက မဟာသကျမာရဇိန်ဖြစ်ပါတယ်။ မင်းတုန်းမင်းရဲ့ ကောင်းမှုဖြစ်သလို မတ္တရာမြို့ စကျင်တောင်က ကျောက်သားပကတိကို ထုလုပ်ကိုးကွယ်ထားတာကြောင့် ကျောက်တော်ကြီးဘုရားလို့သာ အမည်တွင်နေတယ်။ မင်းတုန်းမင်းက မန္တလေးမြို့ကိုတည်ပြီးတဲ့နောက် ၁၈၆၄ ခုနှစ်မှာ မန္တလေးမြို့ကနေ မိုင် ၂၀ အကွာ စကျင်တောင်က စကျင်ကျောက်တုံးကြီးကို တူးဖော်ရရှိခဲ့ပြီး ပုံကြမ်းလောင်း၊ ဖောင်ဖွဲ့၊ ရေဆိပ်ကနေ အခုလက်ရှိ တည်နေရာထိ လူအင်အားတွေ၊ စွပ်ဖားတလိမ့်တုံးတွေနဲ့ ခက်ခက်ခဲခဲ ကြိုးကြိုးစားစား သယ်ဆောင်လာခဲ့ကြတယ်။ လက်ရှိနေရာမှာ အချောသတ်ထုဆစ်လုပ်ငန်းတွေကို အဆင့်ဆင့် လုပ်ကိုင်ဆောင်ရွက်အပြီး ၁၈၆၅ ခုနှစ် မေ ၁၆ ရက်မှာ မင်းတုန်းမင်းကိုယ်တိုင် မျက်နှာတော်ဖွင့်ပေးခဲ့ပါတယ်။ နှစ်စဉ် နှစ်တိုင်း သီတင်းကျွတ်လမှာ ကျင်းပပြုလုပ်တဲ့ ကျောက်တော်ကြီးဘုရားပွဲတော်က မန္တလေးမှာ ထင်ရှားကျော်ကြားသလို အလွန်စည်ကားလှပါတယ်။ ရောက်ရှိဖူးမြော်နေရတဲ့ ကျောက်တော်ကြီးဘုရားမှာ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုတွေ များများစားစား ထင်ထင်ရှားရှား မတွေ့မမြင်ခဲ့ကြရပါဘူး။

ကျောက်တော်ကြီးဘုရားကို ဖူးမြော်ပြီးကြတာနဲ့ မန္တလေးတောင်ကို တက်ရောက်ကြဖို့ ဆက်လက်ထွက်ခွာလာခဲ့ကြတယ်။ ငယ်ရွယ်စဉ် ကလေးဘဝတုန်းကတော့ တောင်ဘက်မုခ် ခြင်္သေ့ကြီး နှစ်ကောင်လှေကားရင်းကနေ ပြေးပြေးလွှားလွှား တက်လိုက်ဆင်းလိုက်၊ ဆော့ကစားလိုက်နဲ့ ပျော်ရွှင်ခဲ့ကြရတယ်။ အခုခရီးစဉ်မှာ အချိန်မရကြတာကော၊ အသက်အရွယ်ကြီးတဲ့ခရီးဖော်တွေ ပါဝင်နေကြတာကြောင့် တောင်တက်ကားလမ်းအတိုင်း ကားမောင်းတက်လာခဲ့ကြတယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ၉၅၄ ပေ မြင့်တဲ့ မန္တလေးတောင်ပေါ်ကို တစ်ကွေ့ပြီးတစ်ကွေ့ တစ်ဆင့်ချင်း တက်ရောက်မောင်းနှင်လာရင်းနဲ့ မန္တလေးမြို့ မြင်ကွင်းတွေကို တောင်ပေါ် အပေါ်စီးကနေ လှလှပပ မြင်တွေ့နေကြရတယ်။ တောင်ထိပ်၊ တောင်ပေါ်ကို ရောက်တော့လဲ ဘုရားဖူးကြရင်းနဲ့ အရှေ့၊ အနောက်၊ တောင်၊ မြောက် မြင်ကွင်းတွေ၊ ရှုခင်းတွေအစုံစုံကို ထပ်မံမြင်တွေ့လေ့လာကြည့်ရှုကြရအုံးမှာပါ။

တောင်ပေါ်တစ်နေရာ ကားရပ်နားစခန်းကို ရောက်တော့ ကားကိုရပ်ထားခဲ့ပြီး ဓာတ်လှေကား သို့မဟုတ် စက်လှေကားကနေတစ်ဆင့် တောင်ထိပ်အပေါ်ကို တက်ရောက်ကြဖို့ သွားရောက်ခဲ့ကြပေမဲ့ ဓာတ်လှေကား၊ စက်လှေကားတွေက အသုံးပြုလို့မရသေးတာကြောင့် စောင်းတန်းလှေကားထစ်တွေအတိုင်း တောင်ထိပ်ပေါ်ကို ဆက်လက်တက်ရောက်လာခဲ့ကြရတယ်။ ပြင်ဦးလွင်နဲ့မန္တလေး အလှမ်းမဝေးတဲ့ခရီးကို ထွက်ခွာလာခဲ့ကြပြီး မန္တလေးတောင်ကို ရောက်ရှိနေကြပါပြီ။ တောင်ပေါ်မှာ ဘုရားဖူးမြော်ရင်း ဆက်လက်လေ့လာကြည့်ရှုလိုက်ကြပါအုံးမယ်။

**ကိုးကား**

**- မြန်မာပြည် ခရီးသွားလမ်းညွှန် (တင်နိုင်တိုး)**

# ပါကစ္စတန်နိုင်ငံ ကရာချီမြို့တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ပညာရေးဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများ ယာယီပိတ်ထား




**အစ္စလာမ်မာဘတ် ဩဂုတ် ၂၁**

ပါကစ္စတန်နိုင်ငံ ကရာချီမြို့တွင် ဩဂုတ် ၂၀ ရက်မှ စတင်၍ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ပညာရေးဆိုင်ရာနှင့် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို ယာယီပိတ်ထားကြောင်း National Disaster Management Authority(NDMA)က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ပြီးခဲ့သော ရက်သတ္တပတ်က ပါကစ္စတန်နိုင်ငံ အရှေ့မြောက်ဘက်ပိုင်းတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး ဆိုးရွားသော ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်ခဲ့ရသကဲ့သို့ ကရာချီမြို့တွင်လည်း ၎င်းကဲ့သို့ ဆိုးရွားသော အခြေအနေသို့ ရောက်ရှိသွားနိုင်ကြောင်း၊ ကရာချီမြို့တွင် ဩဂုတ် ၂၀ ရက်မှ စတင်၍ မိုးသည်းထန်စွာ ရွာသွန်းကာ ရေကြီးရေလျှံမှု စတင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

"ကရာချီမြို့မှာ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီးရေလျှံမှုတွေ ဖြစ်နေတဲ့အတွက်ကြောင့် လူနေမှုအဆောက်အအုံတွေ၊ ပညာရေးဆိုင်ရာ အဆောက်အအုံတွေနဲ့ အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံတချို့ကို ယာယီပိတ်ထားပါတယ်။ ရေကြီးရေလျှံမှု အခြေအနေပေါ် မူတည်ပြီးတော့ ယာယီပိတ်ထားတဲ့ လမ်းတွေနဲ့ အဆောက်အအုံတွေကို ပြန်လည်ဖွင့်လှစ် ပေးသွားမှာဖြစ်ပါတယ်" ဟု National Disaster Management Authority (NDMA) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : Sai Sat**

# စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် အပူလှိုင်းများ ဖြတ်သန်းကာ အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်နေ

**မက်ဒရစ် ဩဂုတ် ၂၁**

စပိန်နိုင်ငံ မက်ဒရစ်မြို့၌ ဩဂုတ် ၂၀ ရက်တွင် အပူလှိုင်း ဖြတ်သန်းမှုကြောင့် အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်နေသည်ဟု စပိန်မိုးလေဝသ ညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မက်ဒရစ်မြို့တွင် အပူချိန်ပမာဏမှာ ၄၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပြီး မက်ဒရစ်မြို့အနီးရှိ ပွမ်တီဒီဗယ်လီကက်စ်ဧရိယာတွင် အပူချိန် အမြင့်ဆုံးအခြေအနေသို့ ရောက်ရှိနေခြင်းဖြစ်ကြောင်း လမ်းမကြီး တချို့မှာ ဖြတ်သန်းသွားလာရန်ပင် ခက်ခဲသည့် အပူချိန်ပမာဏမျိုးသို့ ရောက်ရှိနေကြောင်း Polytechnic University of Madrid မှ သုတေသီများက ထုတ်ပြန်ခဲ့သည်။

"မက်ဒရစ်မြို့တော်မှာ အပူလှိုင်းတွေ မကြာခဏဖြတ်သန်းနေသလိုလက်ရှိမှာလဲ အပူလှိုင်းတွေ ဖြတ်သန်းနေပါတယ်။ အမြင့်ဆုံး အပူချိန်ပမာဏဟာ ၄၁ ဒသမ ၄ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပါတယ်။ အပူချိန်အမြင့်ဆုံးဖြစ်ပေါ်နေတဲ့ ဧရိယာကတော့ ပွမ်တီဒီဗယ်လီကက်စ် ဧရိယာပဲဖြစ်ပါတယ်" ဟု Polytechnic University of Madrid မှ သုတေသီတစ်ဦးက ပြောကြားသွားခဲ့သည်။

ပွမ်တီဒီဗယ်လီကက်စ်ဧရိယာတွင် ဖြစ်ပေါ်နေသည့်အပူချိန်မှာ အခြားသော ဧရိယာများတွင် ဖြစ်ပေါ်နေသည့် အပူချိန်ပမာဏထက် ၈ ဒီဂရီစင်တီဂရိတ်ထိ ပိုမိုမြင့်မားနေကြောင်း သုတေသီများက ထုတ်ပြန်သွားခဲ့သည်။

**Ref : Russia Today**

**Trs : Sai Sat**

# ဥရောပတွင် ၂၀၂၅ ခုနှစ်အတွင်း တောမီးကြောင့်ပျက်စီးဆုံးရှုံးမှု မြေဟက်တာ ၉၀၀၀၀၀ ခန့်ထိရှိလာ

**ဘရပ်ဆဲ ဩဂုတ် ၂၁**

ဥရောပတွင် ၂၀၂၅ ခုနှစ်အတွင်း တောမီးကြောင့်ပျက်စီးဆုံးရှုံးမှုသည် မြေဟက်တာ ၉၀၀၀၀၀ ခန့်ထိ ရှိလာကြောင်း ဥရောပကော်မရှင်၏ ပူးတွဲသုတေသနဌာန (JRC)က ယနေ့ထုတ်ပြန်ချက်တွင် ဖော်ပြထားခဲ့သည်။



ဥရောပတွင် ၂၀၂၅ ခုနှစ်အတွင်း တောမီးကြောင့် ပျက်စီးဆုံးရှုံးမှုသည် မြေဟက်တာ ၉၀၀၀၀၀ ခန့်ရှိပြီး ၂၀၁၄ ခုနှစ်တွင် မှတ်တမ်းတင်ထားသည့် တောမီးကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့် ဧရိယာထက် လေးဆပိုများကြောင်း သိရသည်။

လက်ရှိ JRC ၏ နောက်ဆုံးရကိန်းဂဏန်းများအရ ဩဂုတ်လအတွင်း တောမီးလောင်ကျွမ်းမှု ပြင်းထန်နေသည့် နိုင်ငံများမှာ ဥရောပတောင်ပိုင်းရှိ စပိန်၊ ပြင်သစ်၊ အီတလီ၊ ဘော်လကန်၊ ဂရိတို့ဖြစ်ပြီး မြောက်ပိုင်းနှင့် အနောက်မြောက်ပိုင်း နိုင်ငံများဖြစ်သော အိုင်ယာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဂျာမနီ၊ ပိုလန်၊ ဒိန်းမတ်၊ ဆွီဒင်၊ ဖင်လန်တို့တွင်လည်း တောမီးလောင်ကျွမ်းမှုများ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

ပုံမှန်အားဖြင့် ဥရောပတိုက်တွင် နှစ်စဉ်တောမီးအကြိမ်ပေါင်း ၆၀၀၀၀ ကျော် လောင်ကျွမ်းကာ မြေဟက်တာ ၅၀၀၀၀၀ ခန့် ပျက်စီးလေ့ရှိကြောင်း၊ တောမီးကြောင့် တစ်နှစ်လျှင် ပျက်စီးဆုံးရှုံးခဲ့ရသည့်ဧရိယာသည် လူဇင်ဘတ်နိုင်ငံဧရိယာ၏ နှစ်ဆခန့်ရှိကြောင်း၊ ပူပြင်းခြောက်သွေ့မှုနှင့် မိုးခေါင်မှုများကြောင့် ယခုနှစ်တွင် တောမီးများ ပိုမိုလောက်ကျွမ်းပြီး မြေဧရိယာများ ပျက်စီးခဲ့ရကာ လူသေဆုံးမှုလည်း များပြားခဲ့ကြောင်း JRC အချက်အလက်များအရ သိရသည်။

**Ref : Sputnik News**

**Trs : KZ**

# တူကီယဲနိုင်ငံတွင် မိုးခေါင်မှုကြောင့် ရေလှောင်ကန်များတွင် ရေလျော့နည်းလာသဖြင့် ရေပေးဝေမှုကို ကန့်သတ်ထား

**တူကီယဲ ဩဂုတ် ၂၁**

တူကီယဲနိုင်ငံတွင် မိုးခေါင်မှုကြောင့် ရေလှောင်ကန်များတွင် ရေလျော့နည်းလာသဖြင့် ရေပေးဝေမှုကို ကန့်သတ်ထားကြောင်း တူကီယဲနိုင်ငံ အာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်းရှိ ပြည်နယ်များတွင် မိုးခေါင်ရေရှားမှုကြောင့် အဆိုပါဒေသ၏ ရေပေးဝေရေးအတွက် အဓိကကျသော ရေလှောင်ကန်များ ရေလျော့နည်းလာကြောင်း၊ အဆိုပါ ပြည်နယ်ရှိ ပြည်သူများသည် သောက်သုံးရေရှားပါးမှုကို ဇူလိုင်လကတည်းက ရင်ဆိုင်နေကြရကြောင်း၊ ရေလှောင်ကန်များအတွင်း ရေလျော့နည်းလာရခြင်းမှာယခုနှစ်တွင် နိုင်ငံအတွင်း မိုးရွာသွန်းမှု သိသိသာသာကျဆင်းကာ မိုးခေါင်သောကြောင့် ဖြစ်ကြောင်း သိရသည်။

ယခုနှစ်နွေရာသီတွင် မိုးခေါင်ရေရှားမှုကြောင့် ပြည်နယ်အများအပြား၏ ရေချိုပေးဝေမှုကို တစ်နေ့လျှင် ၆ နာရီ အကန့်အသတ်ဖြင့်သာ ပေးဝေသွားမည်ဖြစ်ကြောင်း ကြိုတင် သတိပေးထားသည်ဟု Tekirdag's Water and Sewerage Administration (TESKI) ၏ အကြီးအကဲဖြစ်သူ မာမက်အလီ ဆစ်မန်လာက ပြောကြားခဲ့သည်။

တူကီယဲနိုင်ငံ မိုးလေဝသဌာန၏ အဆိုအရ နိုင်ငံအတွင်းဇွန်လနှင့် ဇူလိုင်လများတွင် မိုးရွာသွန်းမှုမရှိခဲ့ကြောင်း၊ ဩဂုတ်လရောက်မှသာ မိုးအနည်းငယ် ရွာသွန်းခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KZ**



# ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်တစ်ဝန်း ဆိုးရွားသောရေကြီးရေလျှံမှု ဖြစ်ပေါ်နေပြီး ဧရိယာတချို့ကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**ကင်ဘာရာ ဩဂုတ် ၂၁**

ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးပြည်နယ်၏ နေရာအများစုတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြင့် ရင်ဆိုင်နေရပြီး အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားကြောင်း နယူးဆောက်ဝေးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လမ်းမကြီးတချို့ ရေလွှမ်းကာ မြေပြိုကျမှုလည်း ဖြစ်ပေါ်ခဲ့ပြီး ဆက်သွယ်သွားလာရေး လမ်းမကြီးများလည်း ပြတ်တောက်နေကြောင်း၊ ကယ်ဆယ်ရေးဝန်ထမ်းများက ရေလွှမ်းနေသည့် လမ်းမကြီးများတွင် ပိတ်မိနေသော ယာဉ်မောင်းနှင့် ခရီးသည်များကို အရေးပေါ်အခြေအနေဖြင့် ကယ်ထုတ်ပေးလျက်ရှိကြောင်း နယူးဆောက်ဝေးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်။

"မိုးလေဝသအခြေအနေကတအားကို ရှုပ်ထွေးတဲ့ အခြေအနေဖြစ်ပါတယ်။ ဒါပေမဲ့လဲ စိုးရိမ်တာကတော့ မြစ်ရေလျှံတက်မှုကြောင့် ဖြစ်ပေါ်လာတဲ့ ရေကြီးရေလျှံမှုထက် မိုးသည်းထန်စွာ ရွာသွန်းလို့ ဖြစ်ပေါ်လာတဲ့ ရေကြီးရေလျှံမှုကို ပိုပြီးတော့ စိုးရိမ်မိပါတယ်။ မြောက်ဘက်ပိုင်းကမ်းခြေတွေမှာတော့ ရေကြီးရေလျှံမှုတွေ ဖြစ်ပေါ်နေပါတယ်။ ဖြစ်ပေါ်နေတဲ့ ရေကြီး ရေလျှံမှုဟာ တအားကို အန္တရာယ်များတယ်ဆိုတာပြည်သူတွေ သိရှိထားဖို့ လိုအပ်ပါတယ်" ဟု နယူးဆောက်ဝေးပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နာမွိုင်မြစ်ရေလျှံတက်မှုလည်းဖြစ်ပေါ်လာနိုင်ပြီး မိုးရေချိန်မှာ ၂၇ မီလီမီတာထိ မြင့်တက်နေသည့်အတွက် နယူးဆောက်ဝေးပြည်နယ်တွင် ရေကြီးရေလျှံမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : Sai Sat**

# စနေနေ့ညကစားမဲ့ ပွဲစဉ်တွေထဲက အသင်းလိုက်ကစားအားကောင်းနေတဲ့ မန်စီးတီးအသင်း၊ ဆဲလ်တာဗီဂိုအသင်း၊ ဂျီနိုအာအသင်းတို့ကို အားပေးရမှာပါ

M L




ဒီတစ်ပတ်မှာတော့ ဥရောပထိပ်သီးပြိုင်ပွဲအားလုံးကစားမှာဖြစ်တာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ ပွဲစဉ်တွေကို အားပေးရအုံးမှာပါ။ အဲဒီထဲက ပရိသတ်စိတ်ဝင်စားမှုအများဆုံးက ပရီးမီးယားလိဂ်၊ လာလီဂါ၊ စီးရီးအေပြိုင်ပွဲတွေဖြစ်နေတာကြောင့် ဒီတစ်ပတ်မှာတော့ စိတ်ဝင်စားမှုအားကောင်းတဲ့ လိဂ်တွေကိုပဲ အဓိကချဉ်းကပ်သွားမှာပါ။ လက်ရှိမှာ အပြောင်းအရွှေ့ရာသီ ပိတ်သိမ်းခြင်းမရှိသေးတာကြောင့် ကလပ်အသင်းတိုင်းက ကစားသမားသစ်ဖြည့်တင်းမှုတွေဆက်လက်ပြုလုပ်နေပြီး အဲဒီထဲက ပရီးမီးယားလိဂ်က ကစားသမားခေါ်ယူမှုအတွက် ပြောင်းရွှေ့ကြေးအများဆုံး အသုံးပြုခဲ့တာကို တွေ့ရမှာပါ။ ရာသီအစ ပွဲစဉ်တွေဟာ ခြေစွမ်းပိုင်းနဲ့စုဖွဲ့မှုပိုင်းတည်ငြိမ်ခြင်းမရှိသေးတာကြောင့် ရွေးချယ်ရခက်ပေမဲ့ တွေ့ဆုံမှုအစဉ်အလာနဲ့ ခြေစမ်းပွဲစဉ်တွေမှာပုံစံကောင်းပြသနိုင်တဲ့ အသင်းတွေကိုသာ ဦးစားပေးရွေးချယ်ရတာဖြစ်ပါတယ်။ ဒါကြောင့် ဒီတစ်ပတ်စနေနေ့ညမှာလဲ ကစားကွက်ပိုင်းလိုအပ်ချက်ကို အကောင်းဆုံးဖြည့်တင်းနိုင်ပြီး ကစားအားကောင်းနေတဲ့ အသင်းတွေကိုပဲ အားပေးရမှာဖြစ်ပါတယ်။

## မန်စီးတီးအသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညကစားမဲ့ ပရီးမီးယားလိဂ်ပွဲစဉ် (၂) မှာ အကြိုက်တွေ့မိတာကတော့ မန်စီးတီးအသင်းနဲ့စပါးအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မန်စီးတီးအသင်းဟာ အဓိကကစားသမားခေါ်ယူမှုအဖြစ် ကွင်းလယ်ကစားသမားချာကီ၊ ရိုင်းဒါးစ်၊ ခံစစ်ကအိတ်နူရီကိုအားဖြည့်နိုင်ခဲ့တာကြောင့် အဖွင့်ပွဲစဉ်မှာ ဝုဗ်အသင်းကို အဝေးကွင်းကနေ လေးဂိုးထိသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အဲဒီပွဲစဉ်မှာ မန်စီးတီးကစားကွက်ပိုင်းကအရင်နှစ်နဲ့ မတူတော့ဘဲ လူငယ်ကစားသမားတွေဖြစ်လာတာကြောင့် ကစားပုံပိုသွက်လာသလို အသစ်ခေါ်ယူထားတဲ့ ရိုင်းဒါးစ်နဲ့ ချာကီတို့ကလဲခြေစွမ်းပြ ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အထူးသဖြင့် ကွင်းလယ်ခံစစ်က ရိုဒရီဒဏ်ရာရနေချိန်မှာ ကွင်းလယ်မှာရိုင်းဒါးစ်နဲ့ နစ်ကိုးဂွန်ဇာလက်ဇ်တို့ကိုတွဲဖက်ခဲ့တာကြောင့် ကွင်းလယ်မှာ ဘာနာဒိုဆေးဗားတိုက်စစ်ပိုလိုက်နိုင်ခဲ့သလို၊ ဟာလန်းလဲနေရာလွတ်ပိုရသွားတာကြောင့် ဂိုးရဖို့ အခွင့်အရေးများသွားတာကို ဝုဗ်နဲ့ပွဲစဉ်မှာတွေ့မြင်ရမှာပါ။ နည်းပြ ဂွါဒီယိုလာဟာ ပြီးခဲ့တဲ့ရာသီမှာ ဖလားလက်မဲ့ဖြစ်ခဲ့တာကြောင့် အခုရာသီမှာ အားနည်းချက်တွေကို ပြန်လည်ပြင်ဆင်နိုင်ခဲ့တာဖြစ်လို့ စပါးအသင်းကိုလဲ ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာ သေချာပါတယ်။

စပါးအသင်းကလဲ အဖွင့်ပွဲစဉ်မှာ တန်းတက်ဘန်လေအသင်းကို သုံးဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့တာကြောင့် ယုံကြည်မှုအားကောင်းနေတယ်လို့ ဆိုရမှာပါ။ သူတို့အသင်းဟာ နွေရာသီအပြောင်းအရွှေ့မှာ နည်းပြသစ်ဖရန့်ကို ခန့်အပ်ခဲ့ပြီး တိုက်စစ်မှာ ကူဒက်၊ ကွင်းလယ်မှာ ပေါ်ဟင်ဟာ၊ ခံစစ်မှာ ဒန်ဆိုတို့ကို ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒါကြောင့် ဘန်လေနဲ့ ပွဲစဉ်မှာ အဘက်ဘက်က အသားစီးရယူနိုင်ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ဘန်လေအသင်းလို အားနည်းချက်များတဲ့အသင်းကို အလွယ်တကူအနိုင်ရခဲ့ပေမဲ့ မန်စီးတီးအသင်းကိုတော့ အဝေးကွင်းမှာ နိုင်ပွဲရဖို့ရုန်းကန်ရမှာပါ။ စပါးအသင်းရဲ့ ခံစစ်နဲ့တိုက်စစ်က မန်စီးတီးကို ယှဉ်ကစားနိုင်ပေမဲ့ ကွင်းလယ်ပိုင်းမှာ ဘာ့ဗယ်၊ အာချီဂရေး၊ ပေါ်ဟင်ဟာတို့ပဲရှိတာကြောင့် မန်စီးတီးကွင်းလယ်နဲ့ ယှဉ်ရင် အားနည်းချက်ရှိနေတာကို သတိပြုရမှာပါ။ ဒါကြောင့် ကွင်းလယ်ပိုင်းစွမ်းဆောင်ရည်မှာ မန်စီးတီးအသင်းက သာနေတာဖြစ်သလို ကစားသမားတွေရဲ့ တစ်ဦးချင်းစွမ်းဆောင်ရည်ပိုင်းမှာလဲ အသာရနေတာကြောင့် အခုပွဲမှာ အိမ်ရှင်မန်စီးတီးအသင်းပဲ ရလဒ်ကောင်းမှာပါ။

### မန်စီးတီးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | ၆ | - | ၀ | အယ်အိန်း |
| ဂျူဗင်တပ် | ၂ | - | ၅ | မန်စီးတီး |
| မန်စီးတီး | ၃ | - | ၄ | အယ်ဟိုင်လာ |
| ပါလာမို | ၀ | - | ၃ | မန်စီးတီး |
| ဝုဗ် | ၀ | - | ၄ | မန်စီးတီး |

### စပါးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အာဆင်နယ် | ၀ | - | ၁ | စပါး |
| စပါး | ၁ | - | ၁ | နယူးကာဆယ် |
| ဘိုင်ယန်မြူးနစ် | ၄ | - | ၀ | စပါး |
| ပီအက်စ်ဂျီ | ၂ | - | ၂ | စပါး |
| စပါး | ၃ | - | ၀ | ဘန်လေ |

## ဆဲလ်တာဗီဂိုအသင်း ရလဒ်ကောင်းမှာပါ

စနေနေ့ညကစားမဲ့ လာလီဂါပွဲစဉ်ထဲက အကြိုက်တွေ့တာကတော့ မာယော့ကာအသင်းနဲ့ ဆဲလ်တာဗီဂိုအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ မာယော့ကာအသင်းဟာ အိမ်ကွင်းကစားပုံကောင်းပေမဲ့ အဖွင့်ပွဲစဉ်မှာ လက်ရှိချန်ပီယံဘာစီလိုနာနဲ့ ကစားခဲ့ရတာကြောင့် သုံးဂိုးဂိုးမရှိနဲ့ ရှုံးခဲ့တာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ခြေစွမ်းပြကစားသမားခေါ်ယူနိုင်ခြင်းမရှိပေမဲ့ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာတော့ အဆင့်(၁၀) ထိရောက်ရှိခဲ့တာဖြစ်ပါတယ်။ လက်ရှိအပြောင်းအရွှေ့မှာတော့ ကစားသမားစုဖွဲ့မှုက အသင်းကြီးတွေနဲ့ယှဉ်ရင် အားနည်းနေတာကိုတွေ့ရမှာပါ။ မာယော့ကာအသင်းဟာ နည်းပြအာရာဆာတီလက်အောက်မှာ အသင်းလိုက်ကစားအားကောင်းတာကြောင့် အိမ်ကွင်းမှာရလဒ်ကောင်းခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းနည်းပြကတော့ ၄-၂-၃-၁ ကစားကွက်ကို ပုံမှန်အသုံးပြုနေပေမဲ့ အဖွင့်ပွဲစဉ်မှာတိုက်စစ်မှူးမူရီကွီနဲ့ ကွင်းလယ်ခံစစ်ကမော်လန်နက်စ်တို့ အနီကတ်ပြသခံရတာကြောင့် ဆဲလ်တာဗီဂိုနဲ့ပွဲမှာပါဝင်နိုင်မှာမဟုတ်ပါဘူး။ ဒါကြောင့် စုဖွဲ့မှုအားနည်းတဲ့ သူတို့အသင်းအနေနဲ့ ဆဲလ်တာဗီဂိုအသင်းကို ထိန်းချုပ်ဖို့ခက်ခဲမှာပါ။

ဆဲလ်တာဗီဂိုအသင်းကတော့ အဖွင့်ပွဲစဉ်မှာ အိမ်ကွင်းရှုံးပွဲကြုံခဲ့တာကြောင့် အခုပွဲစဉ်ကိုနိုင်ပွဲရဖို့ အစွမ်းကုန်ကြိုးစားလာမှာပါ။ သူတို့အသင်းဟာဂီတာဖေးနဲ့ အဖွင့်ပွဲစဉ်မှာပြိုင်ဘက်ကို တောက်လျှောက်ဖိအားပေးခဲ့ပေမဲ့ ထိရောက်တဲ့ ခြိမ်းခြောက်မှုမလုပ်နိုင်ခဲ့လို့ ဂီတာဖေးရဲ့ တန်ပြန်တိုက်စစ်ကိုခံရပြီး နှစ်ဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲမှာ သူတို့အသင်းရဲ့ ကွင်းလယ်ကစားသမားတွေဟာ ပြိုင်ဘက်ကို ထိန်းချုပ်နိုင်ခြင်းမရှိဘဲ အခွင့်အရေးတွေပေးလိုက်ရတာဖြစ်လို့ လာမဲ့ပွဲမှာတော့ အဲဒီအမှားကို ပြင်ဆင်လာမှာသေချာပါတယ်။ လက်ရှိအသင်း တိုက်စစ်ကိုတော့ ဝါရင့်ကစားသမားအက်ပက်၊ အီဂယ်စီးယက်စ်၊ ဇာရာဂိုဇာတို့ဦးဆောင် နေတာကြောင့် မာယော့ကာတိုက်စစ်ထက်စာရင် တိုက်စစ်ပိုင်းပိုကောင်းတယ်လို့ဆိုရမှာပါ။ သူတို့နှစ်သင်း ပြီးခဲ့တဲ့ ဘောလုံးရာသီနှစ်ကျော့တွေ့ဆုံခဲ့ရာမှာတော့ ဆဲလ်တာဗီဂိုအသင်းက နှစ်ကျော့စလုံးနိုင်ပွဲရခဲ့တာကို ကြည့်ရင်အခုပွဲစဉ်မှာလဲ အဓိကကစားသမားနှစ်ဦးထိ ပါဝင်နိုင်ခြင်းမရှိတဲ့ မာယော့ကာကို ပွဲချိန်ပြည့်ဖိအားပေးနိုင်မှာဖြစ်လို့ ဆဲလ်တာဗီဂိုအသင်းပဲ ရလဒ်ကောင်းမှာပါ။

### မာယော့ကာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| မာယော့ကာ | ၂ | - | ၁ | ရှာဘတ်ဒူဘိုင်း |
| မာယော့ကာ | ၀ | - | ၄ | လိုင်ယွန် |
| မာယော့ကာ | ၁ | - | ၁ | ပါးမား |
| မာယော့ကာ | ၂ | - | ၀ | ဟမ်းဘတ် |
| မာယော့ကာ | ၀ | - | ၃ | ဘာစီလိုနာ |

### ဆဲလ်တာဗီဂိုအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဘရာဂါ | ၃ | - | ၁ | ဆဲလ်တာဗီဂို |
| ဂရက်ဟော့ပါး | ၀ | - | ၃ | ဆဲလ်တာဗီဂို |
| ဂွီမာရေ့စ် | ၁ | - | ၀ | ဆဲလ်တာဗီဂို |
| ဝုဗ် | ၀ | - | ၁ | ဆဲလ်တာဗီဂို |
| ဆဲလ်တာဗီဂို | ၀ | - | ၂ | ဂီတာဖေး |

## ဂျီနိုအာအသင်းကို ရွေးရမှာပါ

စနေနေ့ညကစားမဲ့ စီးရီးအေအဖွင့်ပွဲစဉ်မှာ အကြိုက်တွေ့တာကတော့ ဂျီနိုအာအသင်းနဲ့လက်ချီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဂျီနိုအာအသင်းဟာ စီးရီးအေကိုတန်းတက်လာပြီးနောက်ပိုင်း ကစားသမားကောင်းတွေ ပေါ်ထွက်လာနိုင်ခဲ့တာဖြစ်ပေမဲ့ ဆက်လက်ထိန်းသိမ်းနိုင်ခြင်းမရှိတာကိုတွေ့ရမှာပါ။ သူတို့အသင်းဟာ ကွင်းလယ်တိုက်စစ်က ဂတ်မန်ဆန်ကို ဖီအိုရင်တီးနားအသင်း၊ ခံစစ်ကစားသမားဒီဝင်တာကို အေစီမီလန်အသင်းတို့ကို လက်လွှတ်ခဲ့ရတာဖြစ်ပါတယ်။ ဒါပေမဲ့ ရာသီကြိုခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာမှာတော့ ဗီလာရီးရဲလ်အသင်းကို သုံးဂိုးတစ်ဂိုး၊ ရင်းနက်အသင်းကို နှစ်ဂိုးစီသရေ ကစားခဲ့တဲ့ ခြေစွမ်းပိုင်းက အားရစရာဖြစ်ပါတယ်။ နည်းပြဗီအဲရာကတော့ ၄-၂-၃-၁ ကစားကွက်ကိုသာ အသုံးများလေ့ရှိပြီး ဒီကစားကွက်မှာ တောင်ပံတိုက်စစ်တွေက ခြေစွမ်းပြသနိုင်ခဲ့တာကို သတိပြုရမှာပါ။ နောက်ဆုံးကစားခဲ့တဲ့ ကိုပါအီတာလီယာဖလားပွဲမှာလဲ ဗီစင်ဇာအသင်းကို ခြေစွမ်းပိုင်းအသာ ဘောလုံးပိုင်ဆိုင်မှုအသာနဲ့ သုံးဂိုးဂိုးမရှိနဲ့ နိုင်ပွဲရခဲ့ပြီးတောင်ပံက ကာဘိုနီခြေစွမ်းပြနိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့နှစ်သင်းနောက်ဆုံးတွေ့ဆုံမှုမှာလဲ ဂျီနိုအာအသင်းက နှစ်ဂိုးတစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာကို ကြည့်ရင် အခုပွဲမှာလဲ ဂျီနိုအာအသင်းက လက်ချီအသင်းကို ထိန်းချုပ်ကစားနိုင်ဖို့များပါတယ်။

လက်ချီအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီမှာ တန်းဆင်းဇုန်ကရုန်းထွက်ဖို့ နောက်ဆုံးပွဲစဉ်ထိ ကြိုးပမ်းခဲ့ရတာဖြစ်ပါတယ်။ သူတို့အသင်းဟာ အခြားအသင်းတွေထက်ကစားသမားစုဖွဲ့မှုအားနည်းခဲ့ပြီး ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိတာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ရာသီကြိုခြေစမ်းပွဲနှစ်ပွဲကစားခဲ့ရာမှာ စပီဇီယာကိုနှစ်ဂိုးတစ်ဂိုး၊ ကာရာရက်စီကိုတစ်ဂိုးဂိုးမရှိနဲ့ အနိုင်ရခဲ့ပေမဲ့ အိမ်ကွင်းပွဲစဉ်တွေဖြစ်တာကို သတိပြုရမှာပါ။ နောက်ဆုံးကစား ခဲ့တဲ့ ကိုပါအီတာလီယာဖလားပွဲမှာလဲ စီးရီးဘီကဂျူဗင်စတာဗီးယားအသင်းနဲ့ ကစားခဲ့ရပေမဲ့ ပြိုင်ဘက်ရဲ့ ဖိအားပေးမှုကို ထိန်းချုပ်ဖို့ ရုန်းကန်ခဲ့ရပြီးမှ နှစ်ဂိုးပြတ်နဲ့နိုင်ပွဲရခဲ့တာကိုတွေ့ရမှာပါ။ ဒါကြောင့် အခုပွဲမှာ ဂျီနိုအာလိုအိမ်ကွင်းကစားပုံကောင်းပြီး ကစားသမားစုဖွဲ့မှု သာလွန်တဲ့အသင်းကို ပွဲချိန်ပြည့် ထိန်းချုပ်ကစားဖို့မဖြစ်နိုင်သလို သမိုင်းတစ်လျှောက်ထိပ်တိုက်တွေ့ဆုံမှု ၁၂ ကြိမ်မှာလဲ ခုနစ်ပွဲရှုံး၊ လေးပွဲသရေ၊ တစ်ပွဲသာနိုင်ခဲ့ပြီး ဂျီနိုအာအိမ်ကွင်းမှာ နိုင်ပွဲမရှိခဲ့တာကိုကြည့်ရင် အခုပွဲစဉ်မှာ အဘက်ဘက်က သာလွန်နေတဲ့ အိမ်ရှင်ဂျီနိုအာအသင်းကိုပဲ ရွေးရမှာပါ။

### ဂျီနိုအာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဂျီနိုအာ | ၂ | - | ၃ | အတ္တလန်တာ |
| ဘိုလော့နာ | ၁ | - | ၃ | ဂျီနိုအာ |
| ဗီလာရီးရဲလ် | ၁ | - | ၃ | ဂျီနိုအာ |
| ရင်းနက် | ၂ | - | ၂ | ဂျီနိုအာ |
| ဂျီနိုအာ | ၃ | - | ၀ | ဗီစင်ဇာ |

### လက်ချီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဗီရိုနာ | ၁ | - | ၁ | လက်ချီ |
| လက်ချီ | ၁ | - | ၀ | တိုရီနို |
| လာဇီယို | ၀ | - | ၁ | လက်ချီ |
| လက်ချီ | ၁ | - | ၀ | ကာရာရက်စီ |
| လက်ချီ | ၂ | - | ၀ | ဂျူဗင်စတာဗီးယား |











## ဖခင်အမည်မှန်

၂၀၂၅-၂၀၂၆ ပညာသင်နှစ် စဉ့်ကိုင်မြို့နယ်၊အထက(ခွဲ)ကတိုး၊ Grade-5 မှ မောင်လမင်းခန့်၏ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးအောင်နိုင်ဝင်းဖြစ်ပါကြောင်း။

**ဦးအောင်နိုင်ဝင်း(၉/စကတ(နိုင်)၁၄၉၀၈၆)**

## ပျောက်ဆုံးကြောင်း

ချမ်းအေးသာစံမြို့နယ်၊ ၆၄ လမ်း၊ ၃၃(B) လမ်းနေ ဒေါ်ဒိုင်ယန်း (ဘ) ဦးဟောင်းဒိုင်(၁၃/ကခန(နိုင်)၀၀၃၆၈၁)၏ နိုင်ငံကူးလက်မှတ်အမှတ်(MG-059233)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။**09-400030277**

# အဖိုးတန် ရေချိုကို ချွေတာပါ




## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မျိုးညွန့်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးအောင်ထွန်းလင်း၏သား မောင်မြတ်ဘုန်းခန့်အား မောင်မြတ်ဖုန်းခန့်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်မြတ်ဖုန်းခန့်(၉/မဟမ(နိုင်)၀၈၀၁၃၈)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ကျော်ကြားကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မောင်အောင်မင်းမြတ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ ဦးဆန်းအောင်ဖြစ်ပါကြောင်း။

**ဦးဆန်းအောင်(၉/ပကခ(နိုင်)၀၀၅၀၅၁)**

## ဖခင်အမည်မှန်

၂၀၂၅-၂၀၂၆ ပညာသင်နှစ်၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ စဉ့်ကိုင်အထက၊ Grade-12(D)တွင် ပညာသင်ကြားနေသော မောင်ကောင်းခန့်ကျော်(၂၉၅၁)၏ ဖခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဆန်းလွင်ဖြစ်ပါကြောင်း။ **ဦးဆန်းလွင်**

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဆု-ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 တွင် ပညာသင်ကြားနေသော (ဘ) ဦးသက်ထွန်း၏သမီး မဆုဝေမိုးအား မဆုဝတီမိုးအမည်သို့ ပြောင်းလဲခေါ်ဆိုပါရန်။

**မဆုဝတီမိုး(၉/မခန(နိုင်)၃၄၃၁၅၀)**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ အနာဂတ်နိုင်ငံရေးတွင် ပညာတတ်မြောက်ခြင်း၊ မတတ်မြောက်ခြင်းသည် နိုင်ငံရေးတည်ငြိမ်မှုအပေါ်တွင် သက်ရောက်မှုရှိသည်ကို တွေ့ရှိရ...

❖ မိမိတို့အနေဖြင့် အတန်းပညာအားနည်းခဲ့သူများကို ပစ်ထား၍ရမည်မဟုတ်ဘဲ ကျောင်းပြင်ပပညာရေးနှင့် ဗဟုသုတရှာမှီးရေးအတွက် စာကြည့်တိုက်များ၊ ဒေသအလိုက် ပြုလုပ်ပေးခြင်း၊ စာကြည့်တိုက်လုပ်ငန်းများကို အားပေးခြင်း၊ စာဖတ်ဝိုင်းများစီစဉ်ပေးခြင်း စသည့် ကျောင်းပြင်ပ ပညာရေးဖြင့် အားပေးဆောင်ရွက်ရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၅ ရက်တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# တန့်ယန်းမြို့နယ်နှင့် သာစည်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



နေပြည်တော် ဩဂုတ် ၂၁

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၈ ရက် ည ၈ နာရီခွဲတွင် သတင်းအရ တန့်ယန်းမြို့နယ် တာကော်အက်ကျေးရွာတံတားအနီးတွင် တန့်ယန်းမြို့ဘက်မှ ပန်ဆန်းမြို့ဘက်သို့ ဆမ်မိန်း ၂၉ နှစ် မောင်းနှင်ပြီး အိုက်ဆမ် ၂၀ နှစ်နှင့် မအေးဆာ ၂၀ နှစ်တို့ လိုက်ပါလာသည့် W-ML xxxxx နံပါတ်တပ်ဆင်ထားသည့် TOYOTA VIGO မော်တော်ယာဉ်အား စစ်ဆေးရှာဖွေရာ ဘိန်းဖြူအလေးချိန် ၃၇ ဒသမ ၁ ကီလို (၎င်းဒေသတန်ဖိုးငွေကျပ် ၅၅၆၅သိန်း)ကို ဖမ်းဆီးရမိခဲ့သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ ☆

ပြစ်မှုကျူးလွန်သူ ဆမ်မိန်း၊ အိုက်ဆမ်နှင့် မအေးဆာတို့ကို ဖမ်းဆီးရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။



၁၉ ကြိမ်မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့က ရွှေ သုံးခု၊ ငွေ နှစ်ခုနှင့် ကြေး သုံးခု ရရှိထား စာမျက်နှာ- ၁၈

## တစ်မျိုးသားလုံး၏ သမိုင်းလိုအပ်ချက်ကွက်လပ်ကို ဖြည့်ဆည်းပေးမည့် မြန်မာ့သမိုင်းစဉ်

ဆောင်းပါး စာမျက်နှာ- ၁၉

## မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ၃၈ ဦးကို ထပ်မံစစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့

စာမျက်နှာ- ၂၃

## US Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အာရန်နီနှင့် ဗာဗက်ဆိုရီတို့အတွဲ ဆွတ်ခူး

စာမျက်နှာ- ၉

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဩဂုတ် ၂၁

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနှိုးဆော်ထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563